www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | ➲ | ၁၃၃၆/၂၀၀၃(၁၀) |
| မျက်နှာဖုံးခွင့်ပြုချက် | ➲ | ၁၁၆၇/၂၀၀၃(၁၀) |
| ထုတ်ဝေခြင်း | ➲ | ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ<br>ပထမအကြိမ် |
| အုပ်ရေ | ➲ | ၅၀၀ |
| တန်ဖိုး | ➲ | ၇၀၀ ကျပ် |
| အဖုံးဒီဇိုင်း | ➲ | ဘိုဘိုထွန်း |
| ကွန်ပျူတာစာစီ | ➲ | ကိုတင်ထွဋ် |
| ထုတ်ဝေသူ | ➲ | ဒေါ်သင်းသင်းမာ(ယာယီ-၇၅၆)<br>ပုညခင်စာအုပ်တိုက်<br>တိုက် ၆၁၊ အခန်း ၁၁၊<br>ကမ္ဘာအေးဘုရားလမ်း<br>(ပါရမီလမ်းထောင့်)၊<br>မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | ➲ | ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)<br>ကလျာပုံနှိပ်တိုက်<br>၁၅၂ ကျွန်းရွှေမြိုင်လမ်း၊<br>သုဝဏ္ဏ၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | ➲ | ဦးမြသိန်း<br>သိန်းမြင့်ဝင်း ပုံနှိပ်တိုက်<br>၉၆၊ ၁၁လမ်း၊ ရန်ကုန်။ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com



[illegible]

[illegible]

လွမ်းဆွတ်ဖွယ်ကောင်းသော ဆယ်ကျော်သက် အချိန်ကာလလေး ဖြစ်ပါသည်။

မြို့နယ်လေးတစ်မြို့တွင် နေထိုင်သော သာမန်မိန်းကလေးငယ်လေး တစ်ဦးသည် ငွေကြေး အဆိုင်းအဝိုင်းမရှိ ကျပ်တည်းသော်လည်း [illegible] စိတ်ချမ်းသာစွာဖြင့် ရှင်သန်နေခဲ့ရလေသည်။

ထိုမိန်းကလေးသည် မြို့နှင့် အလှမ်းကွာသော ကောလိပ်ကလေး တစ်ခုတွင် ကျောင်းသူဘဝဖြင့် [illegible] နှစ်ကိုတော့ [illegible] အနာဂတ်အတွက် စိတ်ကူးယဉ်အိပ်မက် များစွာကိုလည်း မက်ခဲ့ဖူးပါသည်။ [illegible] [illegible] 'တစ်နေ့ ကျ [illegible]' [illegible] ယဉ်ခဲ့ဖူးပါသည်။

ထိုမိန်းကလေးသည် [illegible] 'ဇာတ်ရှင်' [illegible] လိုချင်တာတွေ [illegible] ကြုံလာခဲ့ရပါသည်။ [illegible] မကြာခင်မှာပင် [illegible] မသိမမိနိုင်သော [illegible] မှားယွင်းမှုများကြောင့် [illegible] ငိုကြွေးခဲ့ရပါသည်။

ထိုမိန်းကလေးသည် [illegible]

[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



မြို့ငယ်ကလေးနှင့် ကျောင်းဆရာမဘဝကို စွန့်ခွာစွန့်စားလိုက်ရင်း ရောက ရန်ကုန်သို့ သူမ ရောက်ရှိလာခဲ့သည်။ ချောင်းကျဉ်းကလေးထဲမှ ပင်လယ်ထဲ ရောက်လာခဲ့ရသော ငါးတစ်ကောင်လိုပင်... ။ ရန်ကုန် ဟူသော ပင်လယ်တွင် အလိုက်သင့်ရှင်သန်ရပ်တည်ရင်း သူမ၏ အနုပညာ ကို ဖော်ဆောင်ဖို့ 'ပုညခင်' ဟူသော ကလောင်အမည်ကို မြတ်နိုးစွာ တန်ဖိုး ထားခဲ့ရ ... [illegible] ... အလိုက်သင့်ဖြတ်သန်းရင်း သူမ... ရေးသားနေခဲ့ပါသည်။

'ပုညခင်' ဟူသော အပင်ကလေး အညွန့်တလူလူဖြစ်လာသော အချိန်ကလေးမှာပင် ကိုယ့်ကလောင်အမည်ကို ကိုယ်သာလျှင် ပိုင်ဆိုင်ခွင့် ရရန် ရုံးတော်တွင် (၈)လကိုင်တိုင် အမှုရင်ဆိုင်ခဲ့ရပြန်ပါသည်။ ထိုကာလ များကို ... [illegible] ... ဖြတ်သန်း ခဲ့ရသော်လည်း ကျွန်မ... စာရေးမရှောင်နိုင်ပါ ဖူတော့... ကျွန်မ၏ ပင်လယ် သည် ကိုင်းလောကနဲ့ပြီ ဖြစ်ပါသည်။

ကျွန်မကို လက်ခံအားပေးကြသော စာဖတ်ပရိသတ်များ၏ ကျေးဇူးကြောင့်ပင် 'ပုညခင်' ဟူသော ကျွန်မသည် အသစ်တစ်ဖန် ရှင်သန် နိုးထလာခဲ့ရပါသည်။

ကျွန်မ... လောကအလယ်တွင် ရှိ ရှိ ငံငံ မနေနိုင်ခြင်း ကျွန်မ၏ မိဘ ညီအစ်ကိုမောင်နှမများကို လုပ်ကျွေးနိုင်ခဲ့ခြင်းမှာလည်း ကျွန်မ၏ ဝတ္ထုများကို ဖတ်ရှုအားပေးကြသော ပရိသတ်၏ ကျေးဇူးတရားကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူနှင့် စာဖတ်သူဆိုသည်မှာ အပြန်အလှန် မေတ္တာထားရှိ အပ်သော၊ မတွေ့ဆုံရသည့်တိုင် အချင်းချင်း နားလည်နေကြသောသူများ ဖြစ်သည်ဟု ကျွန်မ ထင်ပါသည်။

ကျွန်မသည် လူမျိုးစုံ အလွှာစုံ အရွယ်အမျိုးမျိုး ဖြစ်သော ကျွန်မ၏ ပရိသတ်များအား တွေ့ဆုံသိကျွမ်းခြင်း မရှိသည့်တိုင် အစဉ်မှန်မှန် လေးစားသော စိတ်နှလုံးဖြင့် မေတ္တာထားရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ၏ပါရမီသတိအတွက် စိတ်စေတနာကောင်းလေး တစ်ခု အသိဉာဏ်ပညာလေးတစ်ခု ရသွားစေလိုသော မေတ္တာ စေတနာဖြင့်သာ ကျွန်မ၏ဝတ္ထုများကို ရေးဖွဲ့ခဲ့သည်မှာလည်း မှန်ကန်သောသစ္စာပင် ဖြစ်ပါသည်။ ကျွန်မ ဝတ္ထုကို ဖတ်ရသည့်အတွက် ပေးဆပ်လိုက်ရသော အချိန်များစရာတွင် 'အသိ'လေးတစ်ခုခုတော့ ဖြစ်စေချင်ပါသည်။

ဤအုပ်(၃၀)မှ ရွေးထုတ်ရသည့် စာစုတွင်လည်း... ပါဝင်သူများ၏ မေတ္တာကိုအရှိန်ယူ၍ ကျွန်မ အတတ်နိုင်ဆုံး စေတနာထားကာ ရေးဖွဲ့သွားပါမည်။

ကျွန်မ၏ ယခု ဆယ်နှစ်မှသည် နောက်ဆယ်နှစ်... ဆယ်နှစ် ပေါင်းများစွာကို စာရေးသူနှင့် စာဖတ်သူ အပြန်အလှန် ထားရှိပေးသော စေတနာ မေတ္တာများစွာဖြင့် ပျော်ရွှင်စွာ ငြိမ်းချမ်းစွာ... ကျွန်မတို့ အားလုံး အတူတကွ ဖြတ်ကျော်ခွင့်ရှိကြပါစေသည်။

ချစ်မေတ္တာဖြင့်...

ပုညခင်


www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးမှတ်တမ်းလွှာ

ကျွန်မ ပုညခင်အဖြစ် ရှင်သန်ရပ်တည်နိုင်ခြင်းမှာ... ကျွန်မ တစ်ယောက်တည်း၏ စွမ်းအားကြောင့် မဟုတ်ပါ။ ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်စွာ... ကံအကြောင်းတရားကိုပါ ထည့်သွင်းပြောဆိုရမည် ဆိုပါက ရန်ကုန်မြို့သို့ စာရေးဆရာဖြစ်လိုစောဖြင့် မသူမလည် ရောက်ရှိ လာခဲ့သော ကျွန်မအား ကံတရားက လူကောင်းများစွာဖြင့် တွေ့ဆုံ ကြုံကြိုက်ခွင့်ရအောင် ဖန်တီးပေးခဲ့သည်ဟုတောင် ဆိုနိုင်ပါသည်။

ကျွန်မ၏ အလုပ်ကိစ္စများတွင် မသိနားမလည်မှုများ အမှားမှား အယွင်းယွင်းဖြစ်ရတိုင်း ကံတော်ဆရာက ကျွန်မအား ကူညီမည့် အကြံဉာဏ်ပေးမည့် ဆက်ဆကောင်းများစွာကို ကျွန်မနှင့် ဆုံစည်းကြုံကြိုက် ခွင့် ပေးခဲ့ပါသည်။

ကျွန်မဘဝတွင် ကျေးဇူးတင်ထိုက်သူများ များစွာရှိခဲ့ပါသည်။ ကျွန်မ၏ စာတိုကို လေးတွဲနေတိုင်း ကျွန်မ၏စာပေအနာဂတ်အတွက် ထမ်းစကျော်ကို စိတ်ဆောက်ကြည့်နေရှိခဲ့တွင် ကျွန်မထံ စာရေးလျှက် ဖြူလှောတုလှို အားပေးခဲ့သူများက ရန်ကုန်တွင် အလုပ်တစ်ခုဖြင့် တောင်အရေးကြီးကျ ရပ်တည် ရန် ကူညီပေးခဲ့သော အစ်ကို-ဆရာကြီး ဦးမြင့်နိုင်(အင်ဂျင်နီယာ ပညာရေး သုတေသနအဖွဲ့)မိသားစု၊ ထိုမှတပါ ကူညီပေးခဲ့သော ကျွန်မ၏ အိမ်နီးချင်းကောင်း မချွေးချွေးဝင်းတို့ မိသားစု၊ အချိုသမီးလုနယ်အတွက် အလုပ်သွားရောက်မိမှ အဖြေ ကျွန်မ စာပေလောကထဲ ထိထိ ဝင်ဝင် ရောက်ရှိလာအောင် အမြဲပေးခဲ့သော... ကျွန်မ၏ မလည် မလည်နိုင်မှုများ မှားယွင်းမှုများ မသိတတ်မှုများကို စိတ်ရှည်သည်းခံ သင်ပြလမ်းညွှန်ပေးခဲ့သော ဦးမြတ်နိုင်(အရှေ့ ကျွန်မအိုးဘသက်)...

www.burmeseclassic.com

ကျွန်မသား Lifestyle မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် အလုပ်လုပ်ခွင့်ရခဲ့၍ စတင်ကျွမ်းဝင်ခဲ့ရသော အင်္ဂလိပ်စာနှင့် ပတ်သက်၍ လမ်းညွှန်ပေးခဲ့သော ဦးသော်(ဦးသော်လွင်)...

ကျွန်မ၏စာပေလောကကို ပထမဆုံးတံခါးဖွင့်ပေးခဲ့သော ဦးဝင်းငြိမ်း(မျှော်လင့်ခြင်း)၊ ဆောင်းပါးရေးရန် လမ်းညွှန်အကြံဉာဏ်ပေးခဲ့ပါသော ဆရာ ဦးဝင်းမောင်မြင့်(မေဟော်)၊ ဆရာကောင်းသန့် ဆရာ ဦးသိန်းလွင်(မောင်သိန်းလွင်)၊ ဆရာဦးပေါ်နီ၊ ပေါ်ပြူလာစာစောင်များ ကျွန်မ၏စာမူများ ထောင်းဖွား အစီအစဉ်များကို ဖော်ပြပေးခဲ့ကြသော စာနယ်ဇင်းများအားလုံး...

ကြွန်မ၏အလှူကို့တွင် အမှန်တကယ်ဖြစ်ခဲ့ရ၏ တရားမျှတစွာ ကူညီခဲ့သော သက်ဆိုင်ရာများ ကျွန်မအား အနိုင်ရစေခဲ့၏ တရားရုံးမှ ကိုယ်စားလှယ်စွာ ဖေဖေ့နာမည်ဖြင့် ကူညီခဲ့သော ဥပဒေရေးရာကိစ္စ အဝဝအတွက် စိတ်ရှည်လက်ရှည် ဆွေးနွေးအကြံပြုပေးတော်မူပါသော ကျွန်မ၏သက်ရှိတော်ဆောင် ဖွဲ့နှင့်ကြီး ဦးကျော်စောလှ...

စိတ်ပညာနှင့်ပတ်သက်၍... အိုလိုသမျှ မေးမြန်းတိုင်ပင်တိုင်း စိတ်ရှည်လက်ရှည် ရှင်းပြအကြံဉာဏ်ပေးတော်သော မွန်သောဝါမှုံကြီး ပါမောက္ခ ဒေါ်...

www.burmeseclassic.com

[illegible]

[illegible] Graphic Designer [illegible]

[illegible]

[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com

ပုညခင်စာအုပ်တိုက်မှစီစဉ်ထုတ်ဝေသည်။

အုပ်(၃၀)မြောက်အမှတ်တရ

# ပုညခင်

## အချစ် ◆ ကကြိုး



www.burmeseclassic.com

www.burmeseclassic.com

၁



"ဘဏ်ရှေ့မှာ လူတွေများလှချည်လား… "

"ကြော်ငြာရိုက်နေတာလေ၊ မိုဒယ်လ် မင်းမာန်ခနဲ့၊ မင်းသမီးကတော့ ဘယ်သူလဲ မသိဘူး။ ခုန… သွားတိုးကြည့်တာတော့ မင်းသမီး မတွေ့ဘူး ။ မင်းမာန်ခတစ်ယောက်တည်းနဲ့ ရိုက်တာထင်တယ်"

"တခြား မင်းသမီး မပါလည်း သူ့ မင်းသမီးကြီးတော့ ပါမှာပေါ့"

"အသေအချာပေါ့။ မင်းမာန်ခ ဘာကြော်ငြာရိုက်ရိုက် ဒေါ်မြသားနွယ် ပါနေကျပဲ။ မင်းမာန်ခကို အရိပ်လို လိုက်ကြည့်နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



“မမကြီးနဲ့ မောင်လေးဇာတ်လမ်းတွေက မဆန်းတော့ပါဘူး… ”

“ဒေါ်မြသားနွယ်ကို ကြည့်ရတာ မင်းမာန်ခကို အတော်လွှမ်းမိုးထားနိုင်ပုံပဲ။ သူပါရင် တခြား မိန်းကလေးတွေ မင်းမာန်ခနား မကပ်ရဲဘူး”

“သူ… ပြုစုပျိုးထောင်ထားတဲ့ ပန်းကလေးတစ်ပွင့်ကို သူပဲ အလှကြည့်နေချင်မှာပေါ့”

အမှတ်မထင် ကြားလိုက်ရသော စကားလုံးပေါင်းများစွာက ဏှိုကို ခပ်ပြင်းပြင်း ထိုးနှက်လိုက်လေသည်။ ပရိသတ်ပေါင်းများစွာရဲ့ ဝေဖန်သံများ၊ စကားတင်းဆိုမှုများ… ။ ဏှိုအတွက်တော့ ထိုစကားလုံးတွေဟာ ကြားနေကျဖြစ်သော်လည်း ဘယ်တော့မှ မရိုးနိုင်အောင် ဏှိုနှလုံးသားတွေကို တိုက်စားဖဲ့ခြွေနိုင်စွမ်းရှိသည်။ ပရိသတ်များစွာ၊ စာနယ်ဇင်းများစွာရဲ့အလယ်မှာ မိုဒယ်လ် မင်းမာန်ခနှင့် သူဌေးမ ဒေါ်မြသားနွယ်တို့ရဲ့ သတင်းက ဟိုးလေးတစ်ကျော်ကျော် ဖြစ်နေခဲ့ပြီ။ ဒါဟာ ကောလာဟလလား၊ အမှန်တကယ်လားဆိုတာ ဘယ်သူကမှ သေချာပေါက် မပြောနိုင်ပါ။ လောလောဆယ်မှာ သေချာနေတာကတော့ မင်း ရှိနေသောနေရာမှာ ဒေါ်မြသားနွယ် ရှိနေတတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဒါဟာ ငြင်းပယ်လို့ မရသော အနေအထားကို သူ့အလိုလို ဖန်တီးရောက်ရှိသွားစေသည်။

ထိုအနေအထားကို ဘာမှ မတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေခဲ့ရသူက မင်းမာန်ခရဲ့ ချစ်သူ... 'မြတ်ပန်းဏီ' ဖြစ်ပါသည်။ ဏီဟာ မင်းမာန်ခရဲ့ ချစ်သူပဲ။ မင်းမာန်ခ မိုဒယ်ဖြစ်မလာခင်ကတည်းက ပိုက်ဆံမရှိ၍ မုန့်ဟင်းခါးတစ်ပွဲကို အတူတကွစားခဲ့ဖူးသော ချစ်သူဖြစ်သည်။ နေပူထဲမှာ လက်တွဲလျှောက်ခဲ့ဖူးသူ ဖြစ်သည်။ ရေခဲရေ တစ်ခွက်ကို တစ်ယောက်တစ်ဝက် သောက်ခဲ့ရသူဖြစ်သည်။ ဒါကိုတော့... ဘယ်သူမှ မသိကြပါ။ မင်းမာန်ခရဲ့ ပရိသတ်အားလုံး တစ်တိုင်းပြည်လုံး သိထားသည်က လှပအရောင်ဖြာသော ပန်းပွင့်လေး မင်းမာန်ခနှင့် ထိုပန်းပင်ကို စိုက်ပျိုးပေးခဲ့သူ ဒေါ်မြသားနွယ်တို့ရဲ့ ဘာလိုလို အနေအထားတစ်ခုသာ ဖြစ်ပါသည်။

ဏီသည် ဏီ့နားထဲ တိုးဝင်လာသည့်စကားတွေကို လက်မခံချင်ဘဲလည်း လက်ခံရပြီး ရင်ထဲ၊ အသည်းထဲက နာကျင်စူးအောင့်လာကာ မျက်ဝန်းတွေထဲမှာ သူ့အလိုလိုမျက်ရည်တွေ စိုစွတ်လာသည်။

ဏီ့ လက်ထဲမှာတော့... မင်း မွေးနေ့မှာ လက်ဆောင်ပေးဖို့ ဏီ့လစာထဲက ခြစ်ကုတ်ဝယ်လာခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးကွက်စိပ်လေး တစ်ထည်နှင့် ရှပ်အင်္ကျီ အဖြူလေး တစ်ထည် ထည့်ထားသည့်အိတ်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားခဲ့သည်။ မင်းကို ငယ်ငယ်တုန်းကလိုပဲ ပုဆိုးကွက်စိပ်လေးနှင့် ရှပ်ဖြူလေးနှင့်သာ ဏီ မြင်ချင်သည်။ မင်းရဲ့ ခန္ဓာကိုယ်အလှကို ပေါ်လွင်စေသည့် တီရှပ်ကျပ်ကျပ်များ၊ ဂျင်းဘောင်းဘီများကို ဏီ မုန်းသည်။

ဏီသည် လက်ဆောင်လာဝယ်ရင်း မလွဲသာ မရှောင်သာ ရင်ဆိုင်တိုးနေရသော မြင်ကွင်းကိုလည်း ရှောင်ဖယ်မသွားနိုင်ဘဲ နေရာမှာပင်အကြာကြီး ခြေစုံရပ်မိနေသည်။ ခဏကြာတော့မှ ဏီက အံတင်းတင်းကြိတ်လျက် ဘဏ်ရှေ့က လူအုပ်စုဆီ ခပ်သွက်သွက် လှမ်းလာခဲ့သည်။

လူအုပ်စုထဲ ခဲရာခဲဆစ်တိုးဝင်လာခဲ့ပြီး ရှေ့နားကျကျသို့ ဏီရောက်လာချိန်တွင် ဘွားခနဲတွေ့လိုက်ရသည်မှာ ကား park တွင် ရပ်ထားသော ဒေါ်မြသားနွယ်ရဲ့ မိုးပြာရောင် ပရာဒိုကားကြီး ဖြစ်သည်။ မင်းကတော့... ပရာဒို မစီးနိုင်သေးပါ။ သို့သော်... ဒေါ်မြသားနွယ်ရဲ့ ကားများစွာထဲမှ ကြိုက်ရာကားကို ကြိုက်သည့်အချိန်မှာ ယူစီးခွင့်ရှိသည်။ မင်းသည် ဒေါ်မြသားနွယ်ရဲ့အခွင့်ထူးခံ ယောကျ်ားတစ်ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဏီက လူအုပ်ကြားထဲမှ တိုးဝှေ့ကြည့်နေဆဲ မင်းက ဏီ့မြင်ကွင်းထဲ ဝင်လာပါသည်။ ဏီသည် မင်းကို တစ်ချက်တော့ ငေးကြည့်လိုက်မိသည်။ မင်းသည် အခါ များစွာကလိုပင် ညို့ငင် ဆွဲဆောင်နိုင်စွမ်း အပြည့်ဖြင့် ဝံ့ထည်နေမြဲ ဖြစ်သည်။ မင်းရဲ့ မျက်ဝန်းတွေဟာ ထက်သန်မှုတစ်ခုဖြင့် တောက်ပနေသည်။ အမှန်တကယ်တော့... မိုဒယ်မင်းမာန်ခဟာ ချောမွေ့ ရှင်းသန့်နေသောသူမျိုးတော့ မဟုတ်ပါ။ မင်းရုပ်ရည်က အနည်းငယ်ကြမ်းတမ်းသယောင် ရှိသည်။ ထိုအရိုင်းဆန်ကြမ်းရှမှုကပင် ညို့ငင်သောဓာတ် တစ်မျိုးကို ထုတ်လွှတ်ပေးနိုင်သည်။ ထို ညို့ငင်နိုင်သော စွမ်းအားကို ဒေါ်မြသားနွယ်က ရှာဖွေတွေ့ရှိသွားခဲ့သည်။

ဏီ့အတွက်တော့ အဲ့ဒီလို ညို့ငင်ဆွဲဆောင်မှုတွေဟာ သိပ်အရေးမပါလှပါ။ ဏီချစ်ခဲ့သည်မှာ ရပ်ကွက်ထဲမှာ ခပ်ဆိုးဆိုး ခပ်ပေပေနေခဲ့သော၊ မိဘများရဲ့ ဆူပူကြိမ်းမောင်းမှုကို အဖန်ဖန် ခံခဲ့ရသော၊ ဘာအလုပ်မှ လက်ကြောတင်းတင်း မလုပ်ချင်လှသော၊ ဏီ့ လက်ထဲ ပိုက်ဆံမြင်လျှင် သူ့ကို မုန့်ဝယ်ကျွေးဖို့ ပူဆာတတ်သော၊ ဘာအရှိန်အဝါမှမရှိသည့် ရိုးသား အရိုင်းဆန်လှသော လူငယ်ကလေးသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဏီသည် ဏီရှေ့မှ လူတချို့ကို အကာအကွယ်ယူကာ မင်းကို လှမ်းကြည့်နေမိသည်။ မင်းကို ဒါရိုက်တာဖြစ်ဟန်တူသူက အမူအယာလုပ်ဖို့ ညွှန်ကြားနေပုံရသည်။ မင်းကလည်း မရှင်းလင်းသည်များကို ပြန်မေးနေပုံပင်။ မင်း၏ စကားပြောဟန်၊ လှုပ်ရှားပြုမူဟန်က အစ အလွန်ပင်ကြည့်လို့ကောင်းလှသည်။ ထူထူနက်နက် မျက်ခုံးတစ်စုံကို အဝေးကပင် ထင်းနေအောင် မြင်ရသည်။ ရှပ်အင်္ကျီ အဖြူလက်ရှည်မှာ နက်ခ်တိုင်လေး တပ်ဝတ်ထားသည်။ ဘောင်းဘီက ကာကီရောင်ဖျော့ဖျော့ စတိုင်လ်ဘောင်းဘီဖြစ်သည်။ ညိုဖျော့ဖျော့အရောင်ရှိသည့် ဆံပင်ပျော့ပျော့က ခါတိုင်းလို ဖြာလွင့်မနေဘဲ ဘေးခွဲ ခွဲကာ သပ်သပ်ရပ်ရပ်ဖြီးထားသည်။ မင်းရယ်... အဲ့ဒီအဝတ်အစားတွေကို ဘယ်သူစီစဉ်ပေးခဲ့သလဲ၊ ဒီကြော်ငြာမှာ ဒီလိုဝတ်ဖို့ ဒါရိုက်တာ့စိတ်ကူးအပြင် တခြားမိန်းမတစ်ယောက်ယောက်ရဲ့ စိတ်ကူးကိုပါ မင်း... လက်ခံထားခဲ့သလား။ မင်းဟာ မိန်းမတစ်ယောက်ရဲ့ လွှမ်းမိုးမှုကို ခံနေရတယ်ဆိုတာ သတိပြုမိပါရဲ့လား။

ဏီ ငေးကြည့်နေဆဲမှာပင် ဒေါ်မြသားနွယ်က ဏီ့ မြင်ကွင်းထဲသို့ ဝင်ရောက်လာခဲ့ပြန်သည်။

www.burmeseclassic.com



ဒေါ်မြသားနွယ်သည် မင်းရှိရာ လူမြင်ကွင်း ထဲသို့ လှပနွဲ့နှောင်းစွာ လှမ်းဝင်လာခဲ့ခြင်း ဖြစ်သည်။ သူမရဲ့ အလှက ထင်းလင်းနေတာတော့ အမှန်ပင်။ သူမရဲ့ မျက်ဝန်း များက အရာရာကို သိနားလည်ပြီးဖြစ်သော အရိပ်အယောင် များဖြင့် ပိုင်နိုင်ရဲဝံ့နေသည်။ သူမကို အသက်လေးဆယ် ရှိပြီရယ်လို့ ဘယ်လိုလူမျိုးကမှ ထင်မည်မဟုတ်ပါ။ ဏီ တောင်မှ မင်း ပြန်ပြောပြလို့ သိခဲ့ရတာ ဖြစ်သည်။

သူမ ပခုံးထက်မှာ အဖျားတွေ လိပ်ခွေနေ သော ဆံပင်များက ပုံအိ ကျနေသည်။ မျက်ခုံးလေးက စင်ရော်တောင်လို ကော့ပျံနေသည်။ နှုတ်ခမ်းထူထူအိအိက သူမရဲ့ ဆွဲဆောင်မှုကို ပံ့ပိုးပေးနိုင်သေးသည်။ ဒူးအောက် ဘေးတစ်ဖက်တစ်ချက်မှာ ခွဲထားသော စိမ်းဖန့်ဖန့် ပိုးသား ဂါဝန်လက်ပြတ်လေးက... သူမရဲ့ ရှိရင်းစွဲအသက်ကို နည်း နည်းတော့ လျှော့ကျစေသည်။ ဘယ်လောက်နုအောင်၊ လှ အောင်ပြင်ပြင် သူမဟာ မင်းမာန်ခထက် အသက်အများကြီး ကြီးသော ကုမ္ပဏီလုပ်ငန်းများ၊ ကြော်ငြာ လုပ်ငန်းများပိုင်ရှင် ရင့်ကျက်သော မိန်းမတစ်ယောက် ဆိုတာကိုတော့ ဘယ်လိုမှ မဖုံးကွယ်နိုင်ပါ။ ဒါကို အများကလည်း သိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဏီက အခိုးထွက်မတတ် မျက်ဝန်းများဖြင့် မင်းဆီ လျှောက်လာသော မြသားနွယ်ကို စိုက်ကြည့်နေဆဲ… သူမက သူမလက်မှာ ပွေ့ယူလာသော ကုတ်အင်္ကျီတစ်ထည်ကို မင်းထံ ကမ်းပေးလိုက်လေသည်။ ထို မြင်ကွင်းကြောင့် ဏီ့ရင်ဘတ်ထဲ မီးတောက်သွားသည်။ သူတို့ နှစ်ယောက်ကြားသို့ ပြေးဝင်သွားချင်စိတ်ကို မနိုင်ရင်ကန် ထိန်းချုပ်ထားရသည်။ မင်းက ဒါရိုက်တာနှင့် စကားပြောနေရာက ကုတ်အင်္ကျီကို လှမ်းယူဝတ်လိုက်သည်။ သူမက ချက်ချင်း ထွက်မသွားသေးဘဲ မင်း အင်္ကျီဝတ်ပြီးသည်အထိ စောင့်ကြည့်နေသည်။ အင်္ကျီဝတ်ပြီးသွားတော့မှ ကုပ်ပိုးနားက ကော်လာစကို တစ်ချက်ဆွဲညှိပေးပြီး ခပ်ပြုံးပြုံး လှည့်ထွက်သွားလေသည်။

“မမကြီးတို့ကတော့… ယုယတယ်ကွာ”

“ငါလည်း ဒီကောင့်လောက် ရုပ်ဖြောင့်ရင် ဒီလို မမ တစ်ယောက်တော့ သေချာပေါက်ရမှာပဲ”

ယောကျ်ားလေးအုပ်စုဘက်မှ လှောင်ပြောင်သရော်သော အသံအုပ်အုပ်ကို ကြားရပြန်သည်။ ဏီရဲ့ ခံနိုင်ရည်ကို တစ်စတစ်စ တိုက်စား ဖွဲ့ခြွေခံနေရသည်။ ဏီ မင်းကိုလည်း ဆက်ကြည့်မနေချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဏီသည် မင်းနှင့်တကွ လူအုပ်ကြီးကို ချာခနဲ ကျောခိုင်းပစ်လိုက်သည်။ အားလုံးနဲ့ ဝေးရာကို ဏီ သွားချင်သည်။ ဏီက အပြေးတစ်ပိုင်း ခြေလှမ်းများဖြင့် လှည့်ထွက်လာသည်။ ဏီ့ မျက်ရည်စတွေကတော့... မင်းမာန်ခနှင့် ဒေါ်မြသားနွယ်တို့ရဲ့ မလှမ်းမကမ်းမှာ ကျကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [ ၁ ]

www.burmeseclassic.com

www.burmeseclassic.com

# ၁

ဏီတို့ မြို့ကလေးမှာတော့ မင်းမာန်ခဟုဆိုလျှင် 'လူပေါ်ကြော့ကလေး' ဟုသာ အားလုံးက တစ်သမတ်တည်း သတ်မှတ်ထားခဲ့ကြလေသည်။ မင်းက အမှန်တကယ်လည်း လက်ကြောမတင်းသူ ဖြစ်သည်။ မင်း မိဘများမှာ ချောင်လည်သူများ မဟုတ်ကြပေ။ မင်းရဲ့ ဖခင်မှာ... မြင်းလှည်းမောင်းရသူဖြစ်ပြီး မင်း မိခင်ကတော့ အိမ်မှာပင် ကုန်စုံဆိုင် သေးသေးလေးဖွင့်ထားခဲ့သည်။ မင်းကတော့... ဘာအလုပ်မှ ကူမလုပ်ဘဲ အရပ်ထဲလှည့်လည်ကာ အပေ အတောလုပ်၍နေသည်။ လူငယ်တွေချင်း ဘာမဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် ထစ်ခနဲရှိ ရိက်ကြ၊ ရန်ပွဲဖြစ်ကြလျှင်လည်း မင်း ပါသည်။

မင်း တစ်ယောက်တည်းရဲ့ ပုံစံကိုသာ တွက်ကြည့်လျှင် မင်းဟာ မပြည့်စုံသော လူတန်းစားမှ ပေါက်ဖွား လာသည်ဟု မထင်ရချေ။ မင်းက ချောမောရှင်းသန့်နေသူ မဟုတ်သော်လည်း အများနှင့် ယှဉ်လိုက်တိုင်း ထိုးထွင်း ထင်ရှားနေတာဟာ ဘာကြောင့်မှန်းတော့ မသိချေ။ မင်းမှာ စတိုင်လ်ရှိသည်ဟုတော့ ဏီ အသိအမှတ်ပြုသည်။ မင်းရဲ့ သွားပုံလာပုံ၊ ပြောဆိုပြုမူပုံတွေဟာ စတိုင်လ်ကျကျ ကြည့် ကောင်းတာတော့အမှန် ဖြစ်သည်။ တစ်ခါတစ်ရံတွင် မင်းက တခွိခွိရယ်ရင်း ဏီ့ကို ပြောပြတတ်သည်မှာ...

"ကောင်မလေးတွေကွာ တကယ် ရယ်ရတယ်သိလား၊ ငါ့ကို ဘာကောင်မှတ်လို့လဲ မသိဘူး၊ အရမ်း အရေး ပေးပြီး ခင်ခင်မင်မင် လာပေါင်းနေတာ။ နောက်တော့ ငါ့အဖေ၊ အမေ ဆင်းရဲတာကိုလည်း သိ၊ ငါခပ်ပေပေ နေတာကိုလည်း သိရော လမ်းတွေ့ရင်တောင် နှုတ် မဆက်ချင်တော့ဘူး။ အဲဒါနဲ့ ငါလည်း အမြင် ကတ်ကတ်နဲ့ အဲ့ဒီကောင်မလေးတွေနားက ဖြတ် လျှောက်ရင်း အော်ရယ်ပေးလိုက်တယ် အေးရော..."



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့... သူက ဏီ့ကို အမွှန်းတင်ပြန်သည်။

"ငါ့ဘဝမှာ နင်က တကယ့်အစစ်အမှန်ပဲ ဏီ၊ ငါ့ကို သည်းခံတာ၊ နားလည်ပေးတာ၊ အထင်မသေးတာ ဆိုလို့ နင်တစ်ယောက်ပဲ ရှိတယ်။ နင်ကမှ တကယ့် အနှစ်။ ငါ့ကို အပေါ်ယံ သဘောကျပြီး လာရောတဲ့ ဟာလေးတွေက အကာလေးတွေ..."

ဏီတို့နှစ်ယောက်ရဲ့ သံယောဇဉ်က ဟိုး ငယ်ငယ်လေးကတည်းက စခဲ့တာမို့ ခိုင်မြဲပြီးသားဖြစ်သည်။ ဏီတို့သည် ကျောင်းသွားဖော်၊ ကစားဖော်၊ ရန်ဖြစ်ဖော် သူငယ်ချင်းများလည်း ဖြစ်ခဲ့သည်။

စာကျက်ရမှာ အလွန်ပျင်းသော မင်းသည် အတန်းထဲမှာ ဘယ်အခါ စာမေးမေး ရသည်ရယ်လို့မရှိဘဲ အမြဲလို အရိုက်ခံရလေသည်။ မင်းက သူ့ကို စာမေးတိုင်း ဏီ့ကို မသိမသာခိုးကြည့်ကာ သူ့ကို စာပြပေးဖို့ အကူအညီ တောင်းတတ်သည်။ မင်း အရိုက်ခံမှာကို စိုးရိမ်သော ဏီ ကလည်း ဆရာမ မမြင်အောင် စာအုပ်ထောင်ပြခြင်း၊ ပါးစပ်လှုပ်၍ ပြောပြခြင်းဖြင့် မင်းကို ကူညီရမြဲ ဖြစ်သည်။ ကံမကောင်းသော အခါများမှာတော့... ဆရာမက ဏီ ပြောပြသည်ကိုမြင်ကာ ဏီပါ သူနှင့်အတူ ရောနှောအရိုက် ခံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်း အဖေကဆို အမြဲလို ငြီးငြူလေ့ရှိသည်။

"ဒီကောင့်ကို နာမည်ကောင်းကောင်းလေး ရွေးပေးမိတာ မှားပြီထင်တယ်။ နာမည်က စီးပြီး လူကတော့ ဖွတ်ကျား ဖြစ်နေတယ်။ ဘာမှ အသုံးမကျဘူး။ ကျောင်းပိတ်ရက်မှာ မိဘကို ကူညီမလား မှတ်ပါတယ်... သူက ပေါကြော့ကလေး လမ်းသလားနေတယ်"

သူကလည်း မခံပါ။

"အလကား လမ်းသလားတာ မဟုတ်ပါဘူး အဖေရာ အလုပ်ရှာနေတာပါ။ ကျောင်းပိတ်ရက် လုပ်လို့ရမယ့် အလုပ်မျိုး ရှာနေတာ"

"တခြားအလုပ် လိုက်ရှာနေတော့ အချိန်ကုန်တာပေါ့ကွ။ ကျောင်းပိတ်ရက်... တစ်ရက်တလေ ငါ့ မြင်းလှည်း ကူမောင်းရင် ငါ နားရတာပေါ့"

"မြင်းလှည်းမောင်းတာက ပင်ပန်းတယ် အဖေရ...။ နေကလည်း ပူသေး။ ကျွန်တော်က... သက်သက်သာသာနဲ့ ပိုက်ဆံ များများရမယ့် အလုပ်မျိုးပဲ လုပ်ချင်တာ"

"ဒီကောင်... ငါ တွေ့ရာနဲ့ ကောက်ပေါက်လိုက်ရုံသေတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အဖေလုပ်သူက သားအတွက် အမြဲဒေါသထွက်ရမြဲ။ မင်းကတော့... ရယ်လို့သာ နေတတ်ပါသည်။

မင်း ဘယ်လောက်ဆိုးဆိုး ဏီ့အပေါ် ကောင်းရှာတာကိုတော့ ဏီက ဘယ်အချိန် ပြန်တွေးတွေး တစိမ့်စိမ့်ကြည်နူးရမြဲ ဖြစ်သည်။

တစ်ခါကဆို သူက... အလှူတစ်ခုမှာ ပါးဖြနားဖြ သွားစားပြီးအပြန်တွင် ဏီ့ဆီ အပြေးအလွှားရောက်လာကာ...

"ဏီ... ဒီအလှူက သူဌေး အလှူကွ။ ငါတို့ မစားဘူးတဲ့ ကိတ်မုန့်တွေလည်း အများကြီးချကျွေးတယ်။ ငါ... အားရပါးရ စားလိုက်တာ ဗိုက်ကားသွားတာပဲ။ ဏီ... ကိတ်မုန့်ကြိုက်တာလည်း သတိရလို့ ဏီမစားဖူးတဲ့ မုန့်တွေ ငါ... ယူလာခဲ့တယ်ကွ၊ ဒီမှာ တွေ့လား... အများကြီးပဲ"

မင်းက ဖောင်းကားနေသော သူ့ပုဆိုးခါးပုံစကိုဖြေပြရာ ကြေမွနေသော ကိတ်မုန့်များကို တွေ့ရလေသည်။

"စား... စား... ဏီ၊ ကြေပေမယ့် အရသာက မပြောင်းပါဘူး။ ကြေတော့ အဝါးရတောင် သက်သာသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နင် ထပ်စားချင်ရင် ငါ နောက်တစ်ခေါက် သွားယူပေးဦးမယ်"

"တော်ပါပြီ မင်းရယ်... နင်ယူလာတာ အများကြီးပဲ ဥစ္စာ၊ ငါတစ်ယောက်တည်း စားလို့တောင် မကုန်ဘူး၊ လာလေ... နင်ပါ ထပ်စားဦး"

"ငါ ထပ်စားရင် ဗိုက်ကားသေမှာ ဟ၊ နင် စားတာကိုပဲ ထိုင်ကြည့်နေတော့မယ်"

ဏီတို့ မိသားစုက ငွေကြေး မပြည့်စုံသူများမို့ ဏီသည်လည်း စားချင်တာကို စားချင်သလောက် စားခွင့် မရခဲ့သူ ဖြစ်သည်။ ဏီက အားပါးတရ ပလုတ်ပလောင်းစား နေတာကို သူက ဒူးပေါ်လက်တင်၊ ထို လက်ပေါ် ခေါင်းလေး စောင်းငဲ့မှေးတင်ကာ တစိမ့်စိမ့် ပြုံးကြည့်နေခဲ့ဖူးသည်။

မင်းက သူ့ဘာသာ ဘယ်လောက် အသုံး မကျ ကျ ဏီ့ကိုတော့ အကာအကွယ်ပေးနိုင်သူ ဖြစ်သည်။ ကောင်လေးတွေ ဏီ့ကို စနောက်လျှင်... သူက ဏီ့ရှေ့မှာ မားမားရပ်ကာ...

"ဟေ့ကောင်တွေ မင်းမာန်ခဆိုတဲ့နာမည် မင်းတို့ မကြားဖူးဘူးလား။ ဘယ်ရန်ပွဲမဆို မင်းမာန်ခ မပါတဲ့ ပွဲ မရှိဘူး။ ပါတိုင်းလည်း ရှုံးတယ်ဆိုတာ မရှိဘူး။

www.burmeseclassic.com



အဲ့ဒါလေး... မင်းတို့သိအောင် ပြောပြတာ၊ ဏီ့ နောက်ကို ဆက်လိုက်ရဲရင် လိုက်ကြ၊ လိုက်တဲ့ ကောင် နောက်တစ်နေ့မှာ သွား သုံးဆယ့်နှစ်ချောင်း စလုံး ကျွတ်ပြီးသားပဲလို့ မှတ်သွားကြ"

တော်ရုံတန်ရုံလူက မင်းကို ဖြုတာမို့ ဏီ့ကို ဘယ်သူမှ အနှောင့်အယှက် မပေးရဲကြတော့ချေ။

မင်းက အစားအသောက် မက်မောသူ၊ အဝတ် အစားမက်မောသူလည်းဖြစ်ရာ ဏီ့ကို မကြာခဏ မုန့်ဝယ် ကျွေးခိုင်းတတ်ပါသည်။ သူ တစ်ခုခုစားချင်တိုင်း၊ ဒါမှ မဟုတ် ဏီ့လက်ထဲ ငွေရှင်နေတာကို သူသိတိုင်း ဏီထံ ရောက်ရောက်လာကာ သူ့ ဗိုက်သူ ပွတ်ရင်း...

"ဏီ... နင်က တကယ်တော်တဲ့ မိန်းကလေးပဲကွ၊ ဒီအရွယ်လေးနဲ့ ငွေရှာနိုင်တယ်၊ နင်ထိုးတဲ့ သိုးမွေး တဘက်လေးတွေ၊ ဦးထုပ်လေးတွေကို ဒီဇိုင်းဆန်း လို့တဲ့၊ လူ တော်တော်များများက ကြိုက်ကြတယ်၊ နင်... မနက်က တဘက်တွေ မြို့ထဲကဆိုင်မှာ သွား သွင်းတာ ငါ... လှမ်းမြင်လိုက်တယ်၊ ဟဲ... ဟဲ... ဗိုက်ဆာလိုက်တာ ဏီရာ... နန်းကြီးသုပ် မစား



www.burmeseclassic.com

www.burmeseclassic.com



ရတာလည်း နှစ်နဲ့ ချီနေပြီ။ ငါ့ကို မုန့်လိုက်ကျွေး စမ်းပါ”

“အငတ်… ငါ့လက်ထဲ ပိုက်ဆံရှိပြီဆို ဘွားခနဲပေါ် လာပြီ၊ သတင်း ရတာကလည်း မြန်လိုက်တာ… အံ့ရော…”

ဏှိုပါးစပ်က ဘယ်လိုပဲပြောပြော သူ့ကို လိုက်လှဲသော စေတနာဖြင့်ပင်… မုန့်လိုက်ကျွေးမိမြဲ ဖြစ်ပါသည်။ တစ်ခါတစ်ရံ ငွေပိုငွေလျှံလေး စုမိလျှင် ဏှိုက… သူ့အတွက် ပုဆိုးကွက်စိပ်ကလေးနှင့် ရှပ်အင်္ကျီအဖြူလေးတွေ ဝယ်ပေးမိမြဲ ဖြစ်သည်။ ဏှို ဝယ်ပေးတိုင်း သူက… ဝမ်းသာအားရဖြင့်…

“ကျေးဇူးပဲ ဏှိုရာ… ငါ… အဝတ်အစားအသစ် မဝယ် ရတာ တစ်နှစ်တောင် မကတော့ဘူး။ ငါက ဂျင်း ဘောင်းဘီတို့၊ တီရှပ်တို့ဆို ပိုသဘောကျတယ် သိ လား။ နောက်တစ်ခါဝယ်ရင် အဲဒါမျိုးပဲ ဝယ်တော့ ကွာ၊ ငါ့မှာ ပိုက်ဆံရှိရင် နင့်ကို တစ်ပြန်ဝယ်ပေးမယ်”

သူ့ကိုသာ ဝယ်ပေးပြီး ဏှို…အဝတ်အစားတွေ ဟောင်းနွမ်းနေတာကိုတော့ သူ သတိပြုမိပုံ မရခဲ့ပါ။ ဏှိုကတော့ သူ့မှာ ဘယ်လို မသိတတ်မှုမျိုး၊ မလိမ်မိုး



www.burmeseclassic.com

www.burmeseclassic.com



မလိမ်မာ မိုက်မဲမှုမျိုးတွေ ရှိပါစေ… ချစ်သူလိုတစ်မျိုး… သူငယ်ချင်းလို တစ်သွယ်… အစ်မကြီးတစ်ယောက်လို ငဲ့ညှာစွာဖြင့် ငယ်နုစဉ်ကာလများကို အတူတကွဖြတ်ကျော်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ၂

ဏီသည် မင်းကို မခွဲချင်သော်လည်း အိမ်မှာ ပထွေးနှင့်အတူ ဆက်မနေချင်တော့တာမို့ ရန်ကုန်မှာပဲ အဝေးသင်တက်ရင်းအလုပ်သွားလုပ်ဖို့ ဆုံးဖြတ်ရလေသည်။

ထိုအကြောင်းသူ့ကို ပြောပြဖို့အတွက် လရောင်တစ်ဝက်တစ်ပျက် ယှက်ဖြာနေသော ညတစ်ညတွင် ဏီတို့အိမ်ခေါင်းရင်းက ဆိတ်ဖလူး ပန်းရုံလေးနံဘေးမှာ တွေ့ခဲ့ကြသည်။

လရောင်က သူ့မျက်နှာပေါ် ခပ်ရေးရေး ဖြာကျနေသည်။ ဆိတ်ဖလူးပန်းရနံ့တွေက မွှေးပြီး ညဥ့်ဦးလေပြည်ကလည်း တသုန်သုန် တိုက်ခတ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဏီသည် ထိုအကြောင်း စကား မစခင်ကပင် မျက်ရည်ဝဲချင်နေသည်။ ဏီတို့နှစ်ယောက်ဟာ သိတတ်စ အရွယ်ကတည်းက ခပ်ကြာကြာ ခွဲခွာ၍ မနေခဲ့ရဖူးပါ။ ကျောင်းပိတ်ရက်များတွင် သူရောက်မလာခဲ့လျှင် ဏီက သူ့အိမ်ရှေ့သွားကာ ရန်တွေ့တတ်ပြီး သူလာချိန်မှာ ဏီ မရှိလျှင် သူဒေါသတကြီး ဏီ့ကို ဆူပူမာန်မဲတတ်တာကို ဏီ မှတ်မိပါသေးသည်။

အပေအတေ လူငယ်လေးကတော့... ခုထိ ဆယ်တန်းမအောင်သေးဘဲ ယောင်ချာချာ ဖြစ်နေဆဲပင်။

ဏီက ဆို့ဆို့နင့်နင့် အသံဖြင့် သူ့ကို စပြော ရပါသည်။

"ဏီ ရန်ကုန်သွားပြီး ကျောင်းတက်ရင်း အလုပ် လုပ်ရမယ် မင်း၊ ဟိုမှာက ဏီ့အတွက် တက်လမ်းရှိတယ်။ အလုပ်လုပ်လို့ရတဲ့ လခထဲက တချို့ကို စုထားပြီး သင်တန်းတွေ တက်လို့ရတယ်။ ဒါမှ ကျောင်းပြီးတဲ့ အခါ အလုပ်ကောင်းကောင်း ရမယ်။ ပြီးတော့... မင်းသိတဲ့အတိုင်းပဲ ဏီက ပထွေးနဲ့ နေ နေရတာဆို တော့ အိမ်မှာ မနေချင်တော့ဘူး"

မင်းက ဆတ်ခနဲဖြစ်သွားကာ ဏီလက်မောင်း တွေကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။ သူ... ကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို မျက်မှောင် ကုတ်ကျုံသွားတာကိုလည်း ဏီ... မြင်ရသည်။

"နင် တစ်ယောက်တည်းသွားမှာလား၊ အလုပ်ကော ရပြီလား၊ နေတာက ဘယ်မှာ နေမှာလဲ"

"တစ်ယောက်တည်းပဲ သွားရမှာပေါ့။ နေတာက အဆောင်ငှားနေလို့ ရတယ်... အလုပ်ကတော့... ဟိုရောက်မှ ရှာရမှာပေါ့"

"နင်တစ်ယောက်တည်း စိတ်မချပါဘူး။ ငါပါ လိုက်ခဲ့မယ်"

"လိုက်လို့ ဖြစ်မလား မင်းရဲ့ နင်က... စာမေးပွဲလည်း အောင်ထားတာ မဟုတ်ဘူးလေ... ဒီနှစ် စာမေးပွဲ ပြန်ဖြေလိုက်ဦးပေါ့"

"မဖြေတော့ပါဘူး၊ ဖြေလည်း အောင်မှာမှ မဟုတ်တာ လျှာမရှည်နဲ့ ဏီရာ ငါ... လိုက်မယ်ဆို လိုက်မှာပဲ။ မိန်းကလေးတစ်ယောက်တည်း ရန်ကုန်မှာနေတယ် ဆိုတာ လွယ်တယ်မှတ်လို့လား၊ နင် တစ်ယောက် တည်း အဆောင်လိုက်ရှာ၊ အလုပ်လိုက်ရှာ၊ ပြီးတော့ နင့် ရုပ်ကလေးကလည်း ချစ်စရာလေး။ ကောင်လေး တွေ ဝိုင်းလိုက်တော့ ဘယ်လိုလုပ်မလဲ။ နင် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြေပေးမနေနဲ့တော့၊ နင်သွားရင် ငါလည်း လိုက်မယ်၊ ငါ့ဘာသာ ယောကျ်ားလေးဆောင်ဌား နေမယ်၊ အလုပ်တစ်ခုခု ရှာလုပ်မယ်၊ နင့်ကို စောင့်ရှောက်မယ် ဒါပဲ"

"ဖြစ်ပါ့မလား မင်းရယ်...၊ ပြီးတော့... နင်က အလုပ်ဆို ပင်ပန်းတဲ့အလုပ်လည်း လုပ်ချင်တာ မဟုတ်ဘဲနဲ့"

"အရင်က မလုပ်ပေမယ့် အခုလုပ်မယ်ဟာ၊ ဘာလဲ နင်... ငါ့ကို မခေါ်ချင်တာ ဘာအကြံရှိလို့လဲ ဏီ"

"ဘာအကြံ ရှိရမှာလဲဟဲ့"

"ရှိချင်ရှိမှာ မပြောနိုင်ဘူး။ နင်က မြို့သွား အလုပ်လုပ်၊ ငါက နယ်မှာကျန်ခဲ့၊ နင့်ဘဝက တဖြည်းဖြည်း မြင့်သွား၊ ငါ့ထက် မြင့်တဲ့ ယောကျ်ားတစ်ယောက်နဲ့ တွေ့ဆုံ ချစ်ကြိုက်ပြီး ငါ့ကို ထားခဲ့၊ အင်မတန် ခမ်းနားကြီးကျယ်တဲ့ နင့်ရဲ့မင်္ဂလာပွဲကြီးကျင်းပချိန်မှာ ငါက အဝတ်အစား အစုတ်အပြတ်လေးနဲ့ ရောက်လာပြီး နင့်မျက်နှာကို နောက်ဆုံးအကြိမ်အဖြစ် လာငေးကြည့်၊ နင်က ငါ့တို့ကြားမှာ ဘာမှ မရှိခဲ့သလိုပုံစံမျိုးဟန်ဆောင်ပြီး ခပ်တည်တည်နဲ့ သူ့ငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းပါ ဘာညာဆိုပြီး… နင့်သတို့သားနဲ့ ငါ့ကို မိတ်ဆက်ပေး၊ ငါက ဟန်ဆောင်အပြုံးနဲ့ လက်ဆွဲနှုတ်ဆက်၊ အဲ့ဒီလို ဇာတ်လမ်းမျိုးခင်းမလို့ မဟုတ်လား"

"ကောင်စုတ်"

ဏီက စူပွစူပွ ပြောနေသော မင်းကို ကြည့်ရင်း အားပါးတရ ရယ်မောမိလေသည်။

နောက်ဆုံးတော့… ဏီကပဲ သူ့ရဲ့ ဇွတ်တရွတ် အစီအစဉ်ကို သဘောတူခဲ့ရသည်။

ဏီ… ရန်ကုန်လာသောနေ့က သူလည်း သူ့အဝတ်ထုတ် သူဆွဲကာ ဏီ့အဝတ်အစား အိတ်တချို့ကိုပါ မနိုင်မနင်းလွယ်ပိုးရင်း ဆေးကလေးတချွန်ချွန်နှင့် အပူအပင်ကင်းမဲ့စွာ လိုက်ပါလာခဲ့ပါသည်။

သူက ဏီ့နားကပ်ကာ ခပ်တိုးတိုး ပြောခဲ့သေးသည်။

"ဏီ… ငါ နင့်ကို သိပ်ချစ်တာ သိလား၊ နင့်ကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာ နင်နဲ့ ခွဲရတော့မယ်ဆိုမှ ပိုသိလာရတယ်။ နင့်ကို ချစ်တဲ့ အချစ်တွေဟာ ငါ့ရင်ဘတ်နဲ့တောင် မဆံ့လောက်အောင် များပြား



www.burmeseclassic.com

www.burmeseclassic.com



ပြည့်မောက်ပြီး အလျှံပယ် ဖြစ်နေတယ်။ ငါ... နင့် အနားက ဘယ်တော့မှ မခွဲဘူးကွာ... နင်လည်း ခွဲ မသွားနဲ့၊ ငါတို့တွေဘဝမှာ ဘယ်လို အခက်အခဲ ကြုံကြုံ လက်တွဲမဖြုတ်စတမ်း ရင်ဆိုင်တိုက်ပွဲဝင် ကြမယ်"

အဲ့ဒီအချိန်တုန်းကတော့... မင်းရဲ့ စကား ကြောင့် ဏှိနှလုံးသားတွေပင် တလှိုက်လှိုက်တုန်ယင် ပူနွေး လာရသည်အထိ ကြည်နူးပီတိဖြစ်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂

မင်းသည် အတော် ရယ်စရာကောင်းသော လူငယ်လေးလည်း ဖြစ်သည်။ မြို့က ထွက်လာတုန်းကသာ အပင်ပန်းခံနိုင်သည်ဟု ဒေါင်းတင်မောင်းတင် ကြွေးကြော် ခဲ့သော်လည်း ရန်ကုန်မြို့ထဲမှာ ချက်ချင်းအဆောင် ရှာမရ နိုင်ဘဲ တလည်လည်ဖြစ်နေသောအခါ သူ့ပါးစပ်က တဖျစ် တောက်တောက် ညည်းညူလို့မဆုံး ဏီ့ကို အပြစ်တင်လို့ လည်း မဆုံးနိုင်ချေ။

ဏီတို့သည် တက္ကစီ ငှားလည်း ငှားမစီးနိုင် တာမို့ အထုပ်အပိုးတွေ မနိုင်မနင်းသယ်ပိုးရင်းဘတ်(စ်)ကား တိုးစီးကြရသည်။ လှည်းတန်းတစ်ဝိုက်ရှိ အဆောင်တွေမှာ လူပြည့်နေတာမို့ လှည်းတန်းကနေ တံတားဖြူဘက်သို့ လမ်းလျှောက်လာကြရသည်။ အထုပ်တွေပါတာမို့ ဘတ်(စ်)



www.burmeseclassic.com

www.burmeseclassic.com



ကား ခဏခဏတိုးစီးဖို့လည်း မလွယ်ချေ။ သူက အထုပ် တွေကို သယ်ပိုးရင်း ချူသံပါအောင် ညည်းညူလာသည်။

"အမယ်လေး... သေချင်စော်နံတာပဲ။ ဘတ်(စ်)ကား တွေကလည်း ကျပ်လိုက်တာကွာ၊ ကဲ... ဘယ်လိုလဲ ဒေါ်မြတ်ပန်းဏီရဲ့၊ ခင်ဗျားတစ်ယောက်တည်းသာ ဒီလိုလျှောက်သွားနေရရင် ဘယ်လွယ်လိမ့်မလဲ... ကျူပ်ပါလို့ သက်သာတယ် မှတ်ပါ..."

"အေးပါ... မင်းရယ်။ ကျေးဇူး... ကျေးဇူး။ ပေး... ပေး... နင့်အထုပ်တွေ ငါ့ကိုပေး။ ငါ့ဘာသာ ကိုင် မယ်... နင် အမောပြေအောင် ဘာမှ မသယ်ဘဲ လျှောက် ..."

"အပိုမပြောနဲ့ ဏီ... နင်တစ်ယောက်တည်း ဒါတွေ ဘယ်လိုလုပ် နိုင်မလဲ။ ဟူး... ပင်ပန်းလိုက်တာ"

"နင်ပဲ အပင်ပန်းခံနိုင်ပါတယ် ဆို... ဒါ အစပဲ ရှိ သေးတာ"

ချွေးတွေ ပေါက်ပေါက်ကျလျက်... မျက်နှာ တစ်ခုလုံး ရှုံ့မဲ့ညည်းညူနေသော မင်းကိုကြည့်ကာ ဏီ စိတ်မကောင်း ဖြစ်ရသည်။ ဏီလည်း မောတာပါပဲ။ သို့သော်... မောလည်း ရှေ့ဆက်ရမှာမို့ ဏီက နည်းနည်း လေးမှ မညည်းညူပါ။



www.burmeseclassic.com

www.burmeseclassic.com



ဏီတို့သည် မာလာမှတ်တိုင်က ခုံလေးတွေ ကို တွေ့သောအခါ အထုပ်တွေကို ဖြုန်းခနဲပစ်ချလိုက်ကြပြီး ခြေကုန်လက်ပန်းကျစွာ ဝင်ထိုင်လိုက်ကြသည်။ အသက်ကို ဝအောင် ရှုနေရတာမို့ တစ်ယောက်နဲ့ တစ်ယောက် ချက်ချင်းစကား မပြောနိုင်ကြပေ။ အတန်ကြာတော့... မင်းက လှုပ်လှုပ်ရှားရှား ဖြစ် လာကာ...

"ဏီ... ငါ ဗိုက်ဆာတယ်ကွာ... အချိန်ကိုလည်း ကြည့်ဦး၊ ထမင်းစားချိန် လွန်နေပြီ။ နင့်အဆောင်က ဘယ်တော့မှ ရမယ်မသိဘူး... တစ်ဆောင်ဝင် တစ်ဆောင်ထွက် လိုက်မေးရဦးမှာ... ဒီအထုပ်တွေ သယ်ပြီး လမ်းလျှောက်နိုင်ဖို့ဆိုတာ အားရှိဖို့ လိုတယ်ကွ၊ ဗိုက်အရင် ဖြည့်ကြမယ်ကွာ"

"ဒီနားကဆိုင်တွေက ဈေးကြီးမယ့်ပုံပဲ မင်းရဲ့။ ဏီတို့ ပါလာတဲ့ ပိုက်ဆံနဲ့ အလုပ်မရခင် စားရဦးမှာ မဟုတ်လား။ ထမင်း တစ်ခါစားရုံနဲ့ ပါသမျှပိုက်ဆံ အကုန်ပြောင်သွားရင် ဒုက္ခရောက်မယ်၊ ခဏလေး အောင့်ထားနော် မင်း၊ ဟိုရှေ့လမ်းကြားထဲကျမှ ဆိုင်ရှာပြီး စားရအောင်။ လမ်းကြားထဲက ဆိုင်သေးသေးလေးတွေက ဈေးသက်သာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဏီကလည်းကွာ... ငါ့တောင် မသထာတော့ဘူး လား၊ ဆိုင်တွေ့ဖို့က ဘယ်လောက် လျှောက်ရဦးမယ် မသိ၊ ဟာ...ဟိုမှာ ဝက်သားတုတ်ထိုးသည်ကွ... ငါ သိပ်ကြိုက်တာ ဝင်စားရအောင်"

ဏီ... ရင်မ၍ သွားရပါသည်။ ဝက်သား တုတ်ထိုးဆိုတာ ဘယ်လောက်စားစား မဝနိုင်သောအရာ ဖြစ်သည်။ မင်းလို စားပုံမျိုးနှင့် ပါသမျှ ပြုတ်သွားနိုင်သည်။

မင်းက ပြောလည်း ပြော၊ ဝက်သားတုတ်ထိုး သည် ရှေ့မှာ စွေ့ခနဲ ဝင်ထိုင်လိုက်သည်။ အားပါးတရ စားရင်း ဏီ့ကိုလည်း ခေါ်သေးသည်။

"ဏီ... လာလေကွာ၊ နင်လည်း ဝက်သားတုတ်ထိုး ကြိုက်တယ် မဟုတ်လား။ လာ... စားလေ"

"စား... မင်းပဲ စားပါ။ ဏီ... ဗိုက်မဆာဘူး"

"ဟုတ်ရဲ့လား ဏီရာ... ပိုက်ဆံ နှမြောလို့လား၊ လာပါ... ငါ ရှင်းပေ့မယ်၊ တစ်ယောက် နည်းနည်း စားတာပေါ့"

"ဏီ တကယ် မဆာလို့ပါဟယ်... နင်ပဲ ဝအောင် စားပါ"

သူစားနေပုံကို ကြည့်ရင်း ဏီကတော့... တံတွေး မျိုချနေရပါသည်။ ဏီလည်း စားချင်တာပဲ။ ဏီ့



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ထဲက တကြွတ်ကြွတ် မြည်နေတာကို ဏီပြန်ကြားနေရသည်။ သို့သော်... ဏီ ခွေ့တာမှ ဖြစ်မည်။ ဏီက... သူမသိအောင် ငတ်ငတ်နှင့် ဝက်သားတုတ်ထိုးနံ့ကို ခိုးပြီး ရှူနေလိုက်သည်။

မင်း စားပြီးသောအခါ ဝက်သားတုတ်ထိုးဖိုး တစ်ထောင်တိတိကျတာမို့ ဏီ ဘုရားပင် တချင်သွားသည်။ မင်းက မျက်နှာလေးငယ်ကာ...

"ငါ စားကောင်းကောင်းနဲ့ စားလိုက်မိတာ ဏီရာ ... ဒီလောက်ကျမှန်း ငါ မသိဘူး... ဒုက္ခပါပဲ။ ငါ့မှာလည်း ပိုက်ဆံနည်းနည်းပဲ ပါတာ..."

"ကဲပါ... မင်းရယ် ညည်းမနေပါနဲ့၊ ငါ ရှင်းပါ့မယ်။ နင်က ငါ့ကို စောင့်ရှောက်ဖို့ လိုက်လာတာ မဟုတ်လား။ ပြီးတော့... နင့် ပိုက်ဆံတွေလည်း ငါ့ကိုပဲ အပ်ထားတာ။ ရှိသမျှပိုက်ဆံ ဘုံထားပြီး အတူတူ သုံးတာပေါ့၊ ဘယ်သူ့ပိုက်ဆံ ဘယ်ဝါ့ပိုက်ဆံ ခွဲခြားမနေနဲ့တော့ ..."

"အေး... ဒါဆိုလည်း ပြီးတာပဲ။ ကဲ... ငါ အားရှိသွားပြီ... အထုပ်ထမ်းနိုင်ပြီ... ခရီးဆက်စို့"

မင်းက ကလေးတစ်ယောက်နှင့် အလားတူလေသည်။ ဘာအပူအပင်မှမရှိဘဲ လုပ်ချင်ရာလုပ်၊ စားချင်



www.burmeseclassic.com

www.burmeseclassic.com



ရင် စား၊ ပင်ပန်းရင် ညည်းညူ၊ ဒါဟာ သူ့စရိုက်ဖြစ်သည်။ မသိတတ်တာ လက်ကြောမတင်းတာတွေက လွဲရင် သူ့မှာ ကောက်ကျစ်မှုတော့ မရှိဘဲ အဖြောင့်သာ တွေးတတ်လေသည်။

မင်းက အထုပ်တွေကို ဖွေ့ခနဲ ကောက်ထမ်းလိုက်ပြီး ရှေ့က သွားနှင့်နေရာက ရုတ်တရက် ခြေလှမ်းတုံ့ကာ နောက်နားက ဏီ့ထံ လက်ကမ်းလိုက်ရင်း...

"ငါတို့နှစ်ယောက် ဘယ်လို အခက်အခဲပဲကြုံကြုံ လက်တွဲမဖြုတ်ဘူးလေကွာ"

"ခုနတော့... သူပဲ ညည်းညူနေပြီးတော့"

"အဲ့ဒါက ဗိုက်ဆာလို့ စိတ်တိုတာကိုးကွ"

သူက ဏီ့လက်ကို တွဲပြီး ဆက်လျှောက်လာသည်။ ဏီကတော့ မင်းရဲ့ အဲ့ဒီအပြုအမူလေးကိုပဲ ချစ်စနိုးစိတ်နှင့် အမောပြေရလေသည်။

ဏီတို့သည် ပြည်လမ်းဘက်မှ အဆောင်တွေရှိတတ်သော လမ်းသွယ်လေးထဲ ကွေ့ဝင်လာခဲ့ပြီး အဆောင်တစ်ခုရှေ့ ရောက်လိုက်၊ အထုပ်တွေ ချပြီး ဝင်မေးလိုက်၊ မရလျှင် အထုပ်ပြန်မပြီး တခြားအဆောင်ဘက် ဆက်လျှောက်လာလိုက်ဖြင့် ချာချာလည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းထောက်မလွန်းသဖြင့် သာ နောက်ဆုံးဝင်မေးသော အမျိုးသမီးဆောင်မှာ လေးယောက် ခန်းမှ တစ်နေရာစာ လွတ်နေတာကို ရလေသည်။ အဆောင် ရှင် အန်တီကြီးက...

"သမီး... ကံကောင်းတာ... ဒီအချိန် အဝေးသင် ကျောင်းသားတွေ စာမေးပွဲလာဖြေတဲ့အချိန်ပဲ၊ နေရာ လွတ်ရဖို့ မလွယ်ဘူး"

ဏီက မင်းကို သတိရသွားကာ...

"အန်တီ...ဒီနားမှာ အမျိုးသားဆောင်ကော ရှိလား ဟင်...။ သမီး သူငယ်ချင်းလည်း အဆောင်ရှာနေ တာမို့လို့ပါ"

"ဒီအဆောင်ရဲ့နောက်မှာ အမျိုးသားဆောင် တစ် ဆောင်ရှိတယ်။ သွားမေးကြည့်ပါလား... "

"ဟုတ်ကဲ့အန်တီ... ကျေးဇူးပါပဲ"

ဏီက... ဏီ့အတွက်ရသော နေရာလေးမှာ ပစ္စည်းတွေနေရာချပြီး မင်း စောင့်နေသော အဆောင်ရှေ့ကို ပြန်ထွက်လာခဲ့သည်။ မင်း အဆောင်ရှာဖို့ ဏီပါ လိုက်မည့် ဟန် ပြင်သောအခါ မင်းက ဏီ့ကို ခပ်စွေစွေ ကြည့်ရင်း...

"နင်က ဘာကိစ္စ လိုက်မလို့လဲ။ ယောကျ်ားလေး ဆောင်ရှေ့ နင်ပါလာရင် ပါးစပ်သရမ်းခံရမှာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကိုယ့်ဘာသာ သွားမယ်။ နင်… ရေမိုးချိုးပြီး တစ်ရေးအိပ်လိုက်၊ ငါ… ညနေကျမှ လာခေါ်မယ်။ ဩော်… ဏီ နင်ဘာမှ မစားရသေးဘူး မဟုတ်လား။ ဟိုနားမှာ ထမင်းဆိုင်လေး တွေ့တယ်၊ ငါ ဝယ်ပေးခဲ့မယ်"

"ရတယ်… ရတယ် ။ ဏီ့ဘာသာ ထွက်ဝယ်လိုက်မယ်… နီးနီးလေးပဲ"

"ပြီးရော… ငါသွားတော့မယ်။ ဘုရားသိကြားမလို့ အဆောင် အလွယ်တကူ ရပါစေဗျာ။ ကျွန်တော်မျိုး လျှာထွက် သေပါတော့မယ်"

"နလိုက်တာ ဟယ်…"

မင်းက ညည်းညည်းညူညူနှင့်ပင် ဏီတို့ အဆောင်ရှေ့မှ ထွက်ခွာသွားခဲ့ပါသည်။ မင်းဟာ ဘယ်လို စိတ်ဓာတ်မျိုးပဲရှိရှိ ဏီ့အပေါ် ချစ်မြတ်နိုးစွာ စေတနာထားတတ်တာကိုတော့ ဏီက ကျေနပ်လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၄

ဏိုအဆောင်နှင့် မလှမ်းမကမ်းမှာပင် မင်းအဆောင်ငှားလို့ ရလေသည်။ နောက်တစ်နေ့မှ စကာဏီတို့နှစ်ယောက်သည် သတင်းစာ၊ ဂျာနယ်များတွင် ပါသော အလုပ်ခေါ်ကြော်ငြာများကို စုစည်းကာ ရန်ကုန်မြို့ အနှံ့ခြေတို ဖိနပ်ပါးအောင် လျှောက်သွားရင်း အလုပ်လျှောက်ရလေသည်။ နေကလည်း ခြစ်ခြစ်တောက် ပူကာ ဘတ်(စ်)ကားတစ်လှည့် ခြေကျင်တစ်လှည့် သွားနေရတာမို့ ပင်လည်း ပင်ပန်းလှသည်။ တချို့ အလုပ်တွေက ခန့်လိုက်ပြီမို့ မောရုံသာ အဖတ်တင်သည်။ တချို့အလုပ်တွေတော့ လျှောက်လွှာပေးခဲ့ရပြီး အကြောင်းပြန်ပါမည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဏီက ငွေကိုင်ရသူမို့ ငွေကို ခြစ်ခြုတ်သုံးစွဲရသည်။ တော်ရုံခရီးဆို ဘတ်(စ်)ကားခ ချွေတာကာ လမ်းလျှောက်သွားသည်။ မင်းက… ဏီ့ကို မကြာခဏ ပူဆာတတ်သည်မှာ…

"ဏီ… တက္ကစီ ငှားစီးရအောင်ကွာ။ ဘတ်(စ်)ကား တိုးစီးလိုက်၊ ကုန်းကြောင်းလျှောက်လိုက်ဆိုတော့ ငါတို့ပုံစံတွေက ညစ်ပတ်စုတ်ပြတ် နွမ်းယဲ့နေတာပဲ။ ဏီ့ ဆံပင်တွေဆို ပွနေတယ်။ ငါ့မျက်စိထဲမှာတောင် နင်က သိပ်ကြည့်မကောင်းတော့ဘူး။ ဒီလိုပုံစံတွေကို ဘယ်သူက အလုပ်ခန့်ချင်မှာလဲ။ တက္ကစီလေးနဲ့ အေးအေးဆေးဆေး သွားမှ…။ တို့ရုပ်တွေလည်း သားသားနားနား ရှိတော့မှာပေါ့။ ဒါမှ အလုပ်ရှင်က အလုပ်ခန့်ချင်မှာပေါ့။ ဒီခေတ်က ရုပ်ရည်ချောမော သန့်ပြန့်ရင် အလုပ်ရဖို့ လွယ်တယ်ကွ"

"အလုပ်က… ရမယ် မရမယ် မသေချာဘဲ နေရာတကာ တက္ကစီနဲ့သွားနေရင် ပါသမျှ ကုန်မှာပေါ့ မင်းရဲ့ အလုပ်က ဘယ်တော့ရမယ်မှန်း မသိဘူး၊ ရပြန်ရင်လည်း လခမထုတ်ခင် စားဖို့ ချန်ထားရဦးမယ်။ လာပါဟယ်… ဒီခရီးနဲ့ ဒီခရီး နီးနီးလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြေကျင်လျှောက်သွားလို့ ရတယ်။ ဘတ်(စ်)ကား စောင့်နေရင် ကြာတယ်"

"ကားခ နှမြောရင် နှမြောတယ်ပြောပါ ဒေါ်ကပ်စေးရယ်"

"လာပါဟယ်... စိတ်ကောင်းကောင်းလေး မွေးထား၊ ညနေကျ နင့်ကို ကြက်သားဟင်းနဲ့ ထမင်းကျွေးပါ့မယ်"

"ပြောတာပဲ... "

ဏီတို့ အတူတူသွားတိုင်း... ဏီက ဘာမှ မညည်းညူရဘဲ သူက ရေဆာတယ်၊ ဗိုက်ဆာတယ်၊ နေပူတယ်၊ နားဉီးမယ်၊ ပြန်ကြမယ်ဆိုတာမျိုးတွေ တကျည်ကျည် ပူဆာတတ်တာမို့ တစ်ခါတစ်ခါတော့ ဏီ... စိတ်တိုရလေသည်။

မင်းက... ကောင်းကောင်းလေးမှ စားချင်သောက်ချင်သူဖြစ်ရာ ရေဆာပြီဆိုလျှင်...

"ဏီ... ရေဆာတယ်ကွာ၊ ရေသန့်ဘူး သွားဝယ်လိုက်မယ်"

"အမယ်လေး... သေတော့မှာပဲ၊ ရေသန့်က ဘယ်လောက်ဈေးကြီးသလဲ။ ရေခဲရေပဲ... သောက်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ ဒေါ်ကပ်စေးရယ်... ဒေါ်ကပ်စေးရော ရေမဆာဘူးလား"

"ဆာတာပေါ့... အဆောင်ရောက်မှ အလကားရတဲ့ ရေကို သောက်မလို့ အောင့်ထားရတာ"

"ရေခဲရေ တစ်ခွက်လောက်တော့ ဝယ်သောက်သင့်ပါတယ် ဏီရာ၊ ငါ... နင့်ဖို့ တစ်ခွက်ဝယ် လိုက်မယ်"

"တစ်ခွက် မဝယ်နဲ့ တစ်ဝက်ပဲ သောက်မယ်၊ နင် တစ်ဝက်... ငါ တစ်ဝက်"

ဏီ... သိပ်ကပ်စေးနည်းတာကို မင်းက သြချယူရသည်။ နောက်တော့... မင်းက ဏီ့ကို နားလည်သိတတ်လာကာ ရေခဲရေ ဝယ်သောက်တိုင်း တစ်ယောက်တစ်ဝက်သာ သောက်လေသည်။ တစ်ခါတစ်ခါ မင်း... အလွန်ရေငတ်နေလျှင် ရေခွက်ကို အားပါးတရမော့ချလိုက်ရာ ဏီအတွက်... ဖင်ကပ်ပဲ ကျန်တော့တာမို့ ဏီတို့ချင်းစကားများကာ ခဏတစ်ဖြုတ် စိတ်ကောက်ကြသည်။ နောက်တော့လည်း ဘယ်သူက စခေါ်မှန်းတောင် မသိတော့ဘဲ ပြန်လည်သင့်မြတ်သွားကြသည်။ တစ်ခါ တစ်ခါတော့ ဏီက သူ့ကိုသနားကာ ရေမဆာချင်ယောင်ဆောင် ပြီး သူ့ကိုသာ အကုန်သောက်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဏီတို့နှစ်ယောက် မန်းမြို့တော် ပေါက်စီဆိုင်နားက ဖြတ်လျှောက်လာစဉ် ပေါက်စီပေါင်းအိုးကို ဖွင့်လိုက်တာမို့ ပေါက်စီနံ့က မွှေးလာသည်။ ပေါက်စီဖြူဖြူလုံးတွေကိုလည်း ဘွားခနဲ မြင်လိုက်ရလေသည်။

ဏီ့မှာ ဗိုက်ကလည်း ဆာနေချိန် ပေါက်စီကိုလည်း ကြိုက်တာမို့... ပါးစပ်ထဲ သွားရည်တွေပင် ယိုစိမ့်လာသည်။ ဏီက အမှတ်တမဲ့ လွှတ်ခနဲ ပြောမိသည်။

"ပေါက်စီ စားချင်လိုက်တာဟာ... နင် မစားချင်ဘူးလား မင်း..."

"မစားချင်ပါဘူး... ဏီ စားချင်လို့လား၊ ငါ ဝင်ဝယ်ပေးမယ်"

"မစားတော့ပါဘူး... "

"ဘာဖြစ်လို့လဲ... "

"ဏီတစ်ယောက်တည်း စားရမှာ မတန်ဘူး၊ မင်းစားချင်ရင်သာ တစ်ယောက်တစ်ဝက် စားရင် ကောင်းမလားလို့"

"ငါမှ မစားချင်ဘဲ... ဏီ့ ဘာသာ တစ်လုံးလုံး စားလိုက်ပေါ့"

"မစားတော့ပါဘူး... "



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဒါဆို... ငါ စားရင် နင်စားမှာလား"

"အင်း... တစ်ယောက်တစ်ဝက်ဆို စားမယ်"

"အေး... ငါ တစ်ဝက် စားမယ်ကွာ၊ ဒီမှာ ခဏစောင့်၊ ဝင်ဝယ်လိုက်မယ်"

မင်းက ပေါက်စီတစ်လုံး သွားဝယ်လာပြီး တစ်ဝက်ခွဲလိုက်သည်။ ဏီလည်း ဆာဆာနှင့် ပေါက်စီတစ်ပိုင်းကို နှစ်ကိုက်ပဲ ကိုက်ကာ ပလုတ်ပလောင်း စားမိလေသည်။ ဏီ့ပေါက်စီ ကုန်၍ မင်းကို ကြည့်မိသောအခါ မင်းက... ပေါက်စီတစ်ပိုင်းကို မစားသေးဘဲ ဏီ့ကို ငိုင်ကြည့်နေသည်။

"မင်း... စားလေ"

မင်းက ဏီ့ရှေ့သို့ ပေါက်စီတစ်ပိုင်း ထိုးပေးကာ...

"ငါ... မစားချင်ဘူး နင်ပဲ ... စားလိုက်ပါ"

"မင်း ပေါက်စီ ကြိုက်သားပဲ... ဘာလို့ မစားချင်တာလဲ... "

"ကြိုက်ပေမယ့် အခု စားချင်စိတ် မရှိလို့ပေါ့ကွာ ရော့... စကားမများနဲ့တော့ ငါ့ကို ချစ်ရင် စားလိုက်"

ဏီက သူ့ကို မျက်စောင်းထိုးကာ ပေါက်စီကို ယူစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ တစ်ညနေလုံး သူ့မျက်နှာ ညှိုးနွမ်းနေကာ ဏှီကိုလည်း ကောင်းကောင်း စကားမပြောချေ။ ဏှီလည်း ခြေကုန်လက်ပန်းကျကာ အဆောင်သို့ပြန်ရန်ခြေဦးလှည့်ရသည်။ ဏှီ့မှာ ဗိုက်လည်း ဆာ၊ စိတ်ရော လူပါမောပန်းပြီး ခြေကုန်လက်ပန်းကျနေသည်။ ဘတ်(စ်)ကားတွေကလည်း ရုံးဆင်းချိန်မို့ ကျပ်ခဲနေသည်။ ဏှီ့ ခေါင်းထဲ တရိပ်ရိပ် မူးဝေလာပါသည်။

ဏှီတို့ နှစ်ယောက်... တစ်ယောက်ကို တစ်ယောက် စကားမပြောမိကြဘဲ ကားမှတ်တိုင်မှာ ကျောက်ချရပ်နေဆဲ... သူက... တက္ကစီတစ်စီးကို လှမ်းတားလိုက်ရာ ဏှီ့ရင်ထဲ ဆောင့်ခုန်သွားသည်။

"မင်း... ဒါ... ဒါ ဘာလုပ်တာလဲ"

"တက္ကစီ ငှားမလို့လေ"

"ဘုရား... ဘုရား မိုက်မဲလိုက်တာ မင်းရယ် ကားခ ဒီလောက် ဈေးများတာ..."

"ဈေးများလည်း စီးမှ ဖြစ်တော့မယ်... "

"မစီးဘူး... ဏှီ လုံးဝမစီးဘူးနော်၊ မင်း... ဘာဖြစ်လို့ ဏှီ့ကို မတိုင်ပင်ဘဲ ကိုယ့်သဘောနဲ့ ကိုယ် ငှားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ဦး ဏီ...။ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ပင်ပန်းနေတယ်ဆိုတာရော သိရဲ့လား...။ ဏီ ခေါင်းမူးနေတာကို ကြိတ်မှိတ်ခံနေတာ ငါ သိတယ်။ ဏီ့ ခြေလှမ်းတွေ တစ်ချက်တစ်ချက်ယိုင်သွားတာ ငါမြင်တယ်ကွ။ ဒီတစ်ခါ ကားငှားချင်တာ ငါ့အတွက် မဟုတ်ဘူး။ နင် အရမ်းပင်ပန်းနေတာ ငါဆက် ပြီး ကြည့်မနေနိုင်တော့လို့လာ... ကားပေါ်တက်"

"မတက်ဘူး... ခေါင်းမူးတာ ခဏနေ ပျောက်သွားမှာ"

"ပိုက်ဆံ မနှမြောနဲ့ကွာ... ငါ မနက်ဖြန်ကျ ငါ့နာရီသွားရောင်းပေးမယ်..."

"ရောင်းစရာ မလိုပါဘူး။ ယောကျ်ားတစ်ယောက်မှာ နာရီတစ်လုံးတော့ ရှိသင့်တာပဲ"

"ကဲ... ကဲ... ဘယ်လိုလဲ။ ကားက ငှားမှာလား... မငှားဘူးလား"

"ငှားမယ် အစ်ကို... ငှားမယ်..."

မင်းက ကားသမားကို ပျာပျာသလဲ ပြန်ပြောပြီး ဏီ့ကို ကားပေါ် ဇွတ်အတင်း တွန်းတင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဏီမှာဖြင့် နှမြောလွန်းလို့ တုန်ယင်နေသည်။ မင်းကိုလည်း စိတ်မဆိုးစဖူး စိတ်ဆိုးမိလေသည်။

ဏီ အဆောင်ရှေ့နားရောက်လျှင် နှစ်ယောက်စလုံး ကားပေါ်မှ ဆင်းပြီး ဏီက... သူ့ကို စကားမပြောဘဲ အဆောင်ဝန်းထဲ လှည့်ဝင်ဖို့ ခြေလှမ်းပြင်လိုက်စဉ်...

"ဏီ..."

အက်ကွဲ တုန်ယင်နေသော ခေါ်သံကြောင့် ဏီ ... သူ့ကို လှည့်ကြည့်မိသည်။

အဆောင်ခြံဝန်းထိပ်မှာ ထွန်းထားသော မီးချောင်းအရောင်က သူ့မျက်နှာပေါ် တစ်ဝက်တစ်ပျက် ဖြာကျနေသည်။ ဘုရားရေ... မင်း... မျက်ရည်တွေနဲ့။

မင်းရဲ့ မျက်ဝန်းတွေဟာ မျက်ရည်ဖြင့် စိုလဲ့နေသည်။ မင်း မျက်နှာကတော့... နာကျင်ကြေမွနေသည်။ သူက... ဏီလက်တွေကို ဆုပ်ကိုင်လိုက်ရင်း...

"ငါ... ငါ... ပိုက်ဆံ သိပ်ရှိချင်တာပဲ ဏီ။ ငါ့မှာသာ ပိုက်ဆံအများကြီးရှိရင်... နင်စားချင်တာ၊ နင်လိုချင်တာတွေအားလုံး ငါ ဖြည့်ဆည်းပေးမယ်... နင့်ကို စိတ်ချမ်းသာအောင် ထားချင်တယ် ဏီ။ နင် ... ချွေတာနေရတာ၊ ပင်ပန်းနေရတာတွေကို ငါ မကြည့်ရက်ဘူး ဏီရယ်..."



www.burmeseclassic.com

www.burmeseclassic.com



သူက တုန်ယင်သောအသံဖြင့် ပြောသောအခါ ဏီလည်း ဝမ်းနည်းလာရကာ သူ့လက်တွေကို ပြန်လည် ဆုပ်ညှစ်လိုက်ရင်း...

"အခုလည်း ဏီလိုချင်တာကို နင် ဖြည့်ပေးနိုင်တာပဲ မင်းရယ်...။ ဏီက မင်းဆီက အချစ်တွေ လိုချင်တယ်၊ မင်းကလည်း ဏီ့ကို အချစ်တွေ ပေးခဲ့တယ် လေ..."



www.burmeseclassic.com

www.burmeseclassic.com

# ၅

နောက် ရက်အနည်းငယ်အကြာတွင် ဏီက ကုန်တိုက်ကြီး တစ်ခုတွင် အရောင်းစာရေး အလုပ်ရပြီး မင်းက ဏီတို့ ကုန်တိုက်နှင့် သိပ်မဝေးလှသော စားသောက်ဆိုင်တစ်ခုတွင်... စားပွဲထိုး အလုပ်ရလေသည်။ ဏီကသာ ဏီရသော အလုပ်အတွက် ဝမ်းသာအားရရှိသော်လည်း မင်းကတော့... ထိုအလုပ်ကို မဖြစ်လွန်းလို့သာ အောင့်အည်း လုပ်ရမည့်ပုံ ပေါ်နေသည်။

"ပိုက်ဆံပြတ်နေလို့သာ ဝင်လုပ်ရမှာကွာ... ဒီလို အောက်ကျ နောက်ကျအလုပ်ကြီး မလုပ်ချင်ပါဘူး။ ညဆိုလည်း ညဉ့်နက်မှ ပြန်ရမှာ... ပင်ပန်းလို့ သေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဏီက မင်းပုံစံ စူပုပ်ပုပ်ကို ကြည့်ကာ ရယ်မိ ရင်း...

"မင်းရယ်... နင်ဟာလေ ဘယ်တော့မှ ပြောတဲ့ အတိုင်း လိုက်မလုပ်နိုင်ဘူး။ နင်ပြောတော့ အပင်ပန်း ခံနိုင်ပါတယ်ဆို၊ ရန်ကုန်မှာ နေရင်တော့ ပင်ပန်း မှာပဲ။ နေစရာအတွက်၊ စားစရာအတွက်၊ သွားစရာ အတွက် အမြဲအလုပ်လုပ်နေမှ ရပ်တည်လို့ ရတော့ မှာပေါ့။ ဒီမှာက ငါတို့ နယ်မှာလို နေစရာ၊ စားစရာ လည်း မပေါဘူး၊ စက်ဘီးလေးနဲ့ ကားခ ကုန်စရာ မလိုဘဲ သက်သက်သာသာ သွားလာလို့လည်း မရ ဘူး။ ဘတ်(စ်)ကား ကျပ်ကျပ်ကို သေချင်စော်နံ အောင် တိုးစီးရမယ် ကျောချစရာနေရာလေး တစ် နေရာအတွက် လခပေးပြီး အများတကာနဲ့ ရောနှော နေရမယ်။ ရန်ကုန်မှာ ဏီတို့အတွက် ဆင်းရဲဒုက္ခတွေ ရှိသလို ဘဝတက်လမ်းတွေလည်း ရှိတယ်။ တိုးတက် ဖို့ ဆိုတာက ကံပေါ်မှာလည်း မူတည်သလို ကိုယ့် ဝီရိယအပေါ်မှာလည်း မူတည်တယ်လေ"

"ငါကလည်း ဒီအလုပ်ကို မလုပ်ဘူးလို့ မပြောပါဘူး။ လုပ်တာကတော့ လုပ်မှာပါ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒီအလုပ်ကို အထင်မသေးနဲ့ မင်းရဲ့... အလုပ်ခေါ်စာမှာကတည်းက ရုပ်ရည်သန့်ပြန့် ရည်မွန်ရမယ်လို့ ပါထားတာ။ နင့် ရုပ်ဖြောင့်လို့သာ ခန့်လိုက်တာ။ သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ် လုပ်ရမှာပါ။ စိတ်ဓာတ်တွေ သိပ်မကျပါနဲ့ဟယ်... ။ အစမှာတော့ စားပွဲထိုးပေါ့။ နောက်တော့... မန်နေဂျာတွေ ဘာတွေဖြစ်။ ဒီလိုပဲ တစ်ဆင့်ပြီးတစ်ဆင့် တက်ရမှာပေါ့။ ရိုးသား ကြိုးစားဖို့ပဲ လိုတယ်။ မင်းမာန်ခဟာ တစ်နေ့... ဒီလိုစားသောက်ဆိုင်ကြီးမျိုး မပိုင်ဘူးလို့ ဘယ်သူပြောနိုင်လဲ"

"ထီပေါက်မှပဲ ပိုင်လိမ့်မယ်... လခထုတ်ရင် ထီ အရင် ပြေးထိုးမယ်၊ မင်္ဂလာစုံတွဲ ဆယ်တွဲလောက် ထိုးပစ်မယ်"

"အဲ့ဒါဆို နင့်လခလည်း ပြုတ်ရော ဏီ့ဆီက လာချေးဖို့တော့ မစဉ်းစားနဲ့"

ဏီက... မင်းရဲ့ 'ထီအားကိုး' အကျင့်ကြီးကိုလည်း မကြိုက်လှပါ။ မင်းက... သူ တစ်ခုခု လိုချင်တိုင်း ထီပြေးထိုးတတ်သည်။ ထီပေါက်ရင် ဘာလုပ်မယ်ဆိုတာမျိုး စိတ်ကူးယဉ်တတ်သေးသည်။ ဏီကတော့... တစ်သက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ် တစ်ခါမှ ထီမထိုးဘူးပါ။ ကံကြောင့် သက်သက် သာသာရမည့်ငွေကို ဏီ မမျှော်လင့်။ ဏီ လုပ်အားကြောင့် ရသည့်ငွေကိုသာ မျှော်လင့်ပါသည်။

"ကံကို အားကိုးတာလည်း ကိုးပေါ့ မင်းရယ်။ ဒါပေမဲ့ ကံချည်း အားကိုးပြီး ထီထိုင်ထိုးနေတာမျိုးကိုတော့ ဏီ သဘောမကျပါဘူး။ ဏီတော့ ထီထိုးမယ့်အစား မုန့်ပဲ ဝယ်စားပစ်မယ်"

ဏီနဲ့မင်းမှာ တစ်ယောက်ကို တစ်ယောက် အလွန်ချစ်ခင် သံယောဇဉ်ရှိကြသော်လည်း အယူအဆ အတော်များများ ကွဲလွဲနေတတ်ပါသည်။

ဏီတို့ အလုပ် စဝင်ပြီးနောက်တွင် တစ်ခါ တစ်ရံမှသာ အတူပြန်ဖြစ်ကြသည်။ သူက... ဆယ်နာရီ ကျော်မှ အလုပ်ပြီးသည်။ ဏီ အလုပ်လုပ်ရသည့် ကုန်တိုက် ကလည်း ညကိုးနာရီမှ ပိတ်သည်။ ဏီရော သူပါ ဖယ်ရီ အသီးသီးဖြင့် ပြန်ကြရပါသည်။ ပိတ်ရက်များမှသာ ဏီတို့ တွေ့ကြလေသည်။ သူနှင့် တွေ့တိုင်း အဆင်မပြေသော စကားများကိုသာ ကြားရတတ်ပါသည်။

"လာစားတဲ့ သူတွေထဲမှာ ပိုက်ဆံကလွဲပြီး ဘာမှ မရှိတဲ့သူတွေ ပါလာရင် သိပ်စိတ်ပျက်ဖို့ ကောင်းဟာ



www.burmeseclassic.com

www.burmeseclassic.com



ပဲကွာ။ အရက်မူးပြီး အမျိုးမျိုး ချေး(ဂျီး)များနေတာ... ဒီဟင်းက မကောင်းဘူး ပြင်ပေးဦးဆိုပြီး ငါးခါ လောက် ပြင်ခိုင်းတာမျိုးကလည်း ရှိသေးတယ်။ မနေ့ ကတော့... လူကြီးတစ်ယောက် ငါ့အဖေလောက်ရှိ တယ်ကွာ၊ အရက်မူးမူးနဲ့ သူမှာစားတာ တစ်ခုမှ မကောင်းလို့ဆိုပြီး ငါ့မျက်နှာကို အရက်ခွက်နဲ့ ပက် လိုက်တာ။ ငါ... လက်သီးနဲ့ ဆွဲထိုးမိရော။ အဲ့ဒါနဲ့ မန်နေဂျာက ငါ့ကိုခေါ်ပြီး ဝမ်နင်ပေးလိုက်တယ်။ နောက်တစ်ခါ... ဒီလိုဖြစ်ရင် အလုပ်ထုတ်မယ်တဲ့။ တော်တော် မျက်နှာငယ်ရတဲ့ ဘဝပဲ။ ငါ... အရမ်း စိတ်ညစ်တယ်ကွာ"

သူ့မျက်နှာ ညိုလျှင် ဏီက ငိုချင်လာတတ် သော်လည်း ဏီ... ဘယ်တော့မှ ဝမ်းနည်းဟန်မပြပါ။ ဏီက အားနွဲ့ပြနေလျှင် သူ့ကို ထူမတ်ဖို့ မလွယ်ကူပါ။

"သည်းခံပါ မင်းရယ်... ။ နင်ပဲ... ပိုက်ဆံတွေ အများကြီး ရှိချင်တယ်ဆို၊ ပိုက်ဆံရှိရင် ငါ့ကို စိတ် ချမ်းသာအောင် ထားမယ်ဆို၊ အလုပ်လုပ်မှ ပိုက်ဆံ ရတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအလုပ် လုပ်လို့ကတော့… နင့်ကို စိတ်ချမ်းသာအောင် ထားဖို့ဝေးလို့ ငါ တစ်ယောက်စာတောင် အနိုင်နိုင်…"

မင်းက ဘုတောရာ ဏီ… ရယ်မောမိသည်။ အရယ်တစ်ဝက်၊ အမောတစ်ဝက် ဖြစ်သည်။

မင်းက ကောင်းကောင်းစားချင်သူ၊ ကောင်းကောင်းနေချင်သူ၊ အလုပ်ဆိုလည်း စမတ်ကျကျအလုပ်မျိုးမှ လုပ်ချင်သူ ဖြစ်သည်။ လက်တွေ့မှာ မင်းပညာ အရည်အချင်းနှင့် အဲဒီလိုအလုပ်မျိုး လုပ်ရဖို့ မလွယ်သေးပါ။

"ဏီ ပိုက်ဆံစုနေပါတယ် မင်းရဲ့…။ ပိုက်ဆံ စုမိရင် မင်း သင်တန်းတစ်ခုခု တက်ပေါ့။ အဲဒါဆို ဒါ့ထက်ကောင်းတဲ့ အလုပ်တစ်ခုခုတော့ ရမှာပါ"

ဏီက မင်းကိုတွေ့တိုင်း အားပေးဖျောင်းဖျရလွန်းတာမို့ ဏီကိုယ်တိုင် အားငယ်ဖို့ကိုတောင် မေ့လျော့နေသည်။ ဒါလည်း တစ်မျိုးတော့ ကောင်းတာပဲ။

လ အနည်းငယ်အကြာတွင်… ခရစ်စမတ်နေ့ ကျရောက်လေသည်။ ဏီတို့အလုပ်ရှင်က ဝန်ထမ်းအားလုံးကို ဆုကြေးငွေပေးတာမို့ ဏီတို့အားလုံး ပျော်ရွှင်နေကြသည်။ ဏီ့ လုပ်ဖော်ကိုင်ဖက် တချို့မှာ အမျိုးမျိုးစိတ်ကူးယဉ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့... အဝတ်အစားအသစ် မဝယ်ရတာကြာပြီ။ ရသမျှအကုန် အဝတ်အစားဝယ်မှာပဲ။ အဲ... စလင်း ဘက်အိတ်ကလည်း ဟောင်းပြီး၊ ဒီဗိုင်း အောက်နေပြီ၊ အသစ်လဲမှ ဖြစ်တော့မယ်"

"ငါက လက်စွပ်တစ်ကွင်း လုပ်ဝတ်မယ်၊ ရွှေဝယ်ထားတော့ အဖတ်တင်တာပေါ့"

"ဟော့ ဏီ... ရှင်ရော ဘာဝယ်မှာလဲ... "

ဏီက ခပ်စောစောကတည်းက စိတ်ကူးထားနှင့်ပြီး ဖြစ်သည်။ မင်းဟာ ဂျင်းဘောင်းဘီတို့ တီရှပ်တို့ကို ငယ်ငယ်ကတည်းက ကြိုက်ခဲ့သည်။ သို့သော်... တစ်ခါ မှ မဝတ်နိုင်ခဲ့ပါ။ ဏီ မွေးနေ့လက်ဆောင် ပုဆိုးနဲ့ အင်္ကျီပေးသောနေ့က သူ ပူဆာခဲ့တာကိုလည်း ဏီ မမေ့ပါ၊ ဏီက ပြုံးမိရင်း...

"ဏီက... ဏီ့ဖို့ ဘာမှ မဝယ်ပါဘူး၊ ဏီ့ ချစ်သူအတွက်ပဲ ဝယ်ဖို့ စဉ်းစားထားတယ်"

"အမယ်လေး... သည်းလိုက်တာဟယ်"

"သိပ် အလိုမလိုက်နဲ့နော် ဏီ၊ နင့်ချစ်သူလေး နင့်လာကြိုတာ ငါ တစ်ခါမြင်ဖူးတယ်။ ကြည့်ရတာ ပေါ်ကြော့ကလေးလိုပဲ။ ဒေါင်ကျကျ ပြားကျကျ ရှိမယ့်ပုံ မပေါ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရုပ်က စမတ်ကျနေလို့ ပေါ်ကြော့လို့ ထင်ရတာပါ"

"နင်ပဲ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေ…"

သူတို့ ဘာပြောပြော ဏီကတော့ ပိုက်ဆံရရချင်း ကုန်တိုက်မှာ ရောင်းသည့် ဂျင်းဘောင်းဘီတစ်ထည်နှင့် တီရှပ်တစ်ထည်ကို အရင်ဆုံး ပြေးဝယ်ထားလိုက်သည်။

ဏီတို့ တွေ့ကြလျှင် သူ့အတွက် လက်ဆောင်ကို ကမ်းပေးရင်း…

"ရော့… နင် လိုချင်တဲ့ ဟာ… "

"ဘာလဲ…"

"ဖွင့်ကြည့်…"

သူက အိတ်ကို ဖွင့်ကြည့်လိုက်ပြီး…

"ဟား… အမိစားပဲ။ ဏီ… ဏီ တကယ် အဝယ်တော်တယ်။ ကျေးဇူးပဲကွာ၊ ငါ ချမ်းသာရင် နင့်အတွက် အဝတ်အစားတွေ အများကြီး ပြန်ဝယ်ပေးမယ် သိလား။ ဩော်… ငါ့မှာလည်း ပိုက်ဆံရှင်နေပါတယ်ကွ၊ တစ်(ပဲ)မန်းနီးတွေ ရထားတာ… ဏီ ဘာလိုချင်လဲ ပြော၊ ငါ ဝယ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မလိုချင်ပါဘူး။ မင်းဆီက ဏီ ဘာမှ မလို ချင်ဘူး။ ဘယ်အရာပဲဖြစ်ဖြစ် မရယူလိုပါဘူး... ဏီ ကသာ ပေးဆပ်ချင်တာ။ မင်း ပိုက်ဆံပိုရင် စုထား ပေါ့။ ဏီ့အတွက် ဘာမှ ဝယ်မပေးနဲ့။ ဏီက ပြည့်စုံပြီးသား"

"ဘာပြည့်စုံလို့လဲ... မပြည့်စုံပါဘူး"

"ပြည့်စုံတယ်... မပြည်စုံဘူးဆိုတာ ကိုယ်က သတ်မှတ်တာပဲ မင်း။ မတင်းတိမ်တတ်တဲ့ သူတွေ ဟာ ဘယ်လောက် ချမ်းသာချမ်းသာ ဘယ်တော့မှ မပြည့်စုံဘူး။ ရောင့်ရဲတတ်တဲ့ သူမျိုးတွေကတော့... ဘယ်လောက် ဆင်းရဲဆင်းရဲ ပြည့်စုံတယ်။ ကိုယ့် စိတ်ရဲ့ ခံယူမှုအပေါ်မှာ မူတည်တယ်"

"နင့်စကားတွေက မြင့်တယ်..."

မင်းက နှာခေါင်းရှုံ့ပြရင်း... အဝတ်အစားတွေ ကို ဆွဲထုတ် ဖြန့်ကြည့်နေသည်။ မင်းဟာ မရင့်ကျက်သေးတဲ့ လူငယ်လေးပဲ။

နောက်တစ်နေ့ မနက်စောစော... ဏီ အိပ်ရာ မထခင်အချိန်တွင် မင်းက ဏီ့အဆောင်ရှေ့ ရောက်လာကာ ဏီ့ကို ခေါ်ခိုင်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်ပန်းဏီ... ဧည့်သည်တဲ့"

"စောစောစီးစီး နယ်က လူကြုံများလား မသိပါဘူး"

ဏီက ခပ်တိုးတိုးရေရွတ်ရင်း အိပ်မှုန်စုံမွှားနှင့် အဆောင်ရှေ့ ထွက်လာခဲ့ရသည်။

အဆောင်ရှေ့မှာ ဝီရိယကောင်းစွာ ရောက်နေသူမှာ မောင်မင်းကြီးသား မင်းမာန်ခ ဖြစ်သည်။

"ဟယ်... စောစောစီးစီး ဘာလာလုပ်တာလဲ"

"ငါ ဒီနေ့ အလုပ်စောစော သွားရမှာမို့လို့ နင့်ကို လာနှုတ်ဆက်ရင်း ကြွားမလို့ကွ။ ကြည့်စမ်း... ဏီ အိုကေတယ် မဟုတ်လား"

မင်းက... ဏီဝယ်ပေးသော အဝတ်အစားတွေကို ဝတ်ထားသည်။ ဏီပင် မင်းကို ငေးသွားရပါသည်။

ခြောက်ပေနီးပါး ရှည်သော သူ့အရပ်ကြီးနှင့် ဂျင်းဘောင်းဘီဝတ်ထားပုံက အတော်ကြည့်လို့ ကောင်းသည်။ တီရှပ် ခပ်ကျပ်ကျပ်ကတော့ သူ့ခန္ဓာကိုယ်အလှကို ပေါ်လွင်စေပါသည်။

"ဟဲ... ဟဲ... အိုကေတယ်နော်"

မင်းက... လက်ဖဝါးနှစ်ဖက်ကို ခေါင်းနောက်မှာ ယှက်ကာ ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လျက် ဟာသလုပ်လိုက်တာမို့ ဏီ... အားရပါးရ အော်ရယ်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲ... ဒါပဲ... သွားတော့မယ်"

သူက တမင်သက်သက် အခြောက်တွေလို ဖင်ကို လှုပ်ယမ်းထွက်သွားတာမို့ ဏီမှာ ဗိုက်နှိပ်၍ ရယ်ကျန်ရစ်ခဲ့ရသည်။

မင်း လိုချင်တာ ဝယ်ပေးလိုက်ရတာမို့ ဏီ ပျော်ပါသည်။

သို့သော်... နောက်ရက် အနည်းငယ်အကြာမှာတော့... အဲ့ဒီဝတ်စုံကို ဏီ တစ်သက်လုံး မုန်းတီးသွားစေမည့် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ၆

ဏီဝယ်ပေးသော အဝတ်အစားကို ကြိုက်လှချည်ရဲ့ဟု ဆိုကာ ထပ်ခါထပ်ခါ ဝတ်နေသော မင်းသည် တစ်ညနေတွင် မျက်နှာပျက်ပျက်နှင့် ဏီ့ထံ ရောက်လာခဲ့ပါသည်။

"မင်း... မျက်နှာလည်း မကောင်းပါလား။ ဘာဖြစ်လာလဲ..."

မင်းက မျက်နှာကို ရှုံ့တွပြလိုက်ရင်း...

"ငါ... အလုပ်ပြုတ်လာတာကွ"

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟင်… ဘာဖြစ်လို့ ပြုတ်တာလဲ"

"စတိုခန်းထဲမှာ ခိုးအိပ်တာ မိသွားလို့ပါဟာ…"

"ဖြစ်မှ ဖြစ်ရလေ"

"ငါ အရမ်း အိပ်ချင်တာကိုး… ဟ၊ မတတ်နိုင်ဘူး လူတွေက အရမ်းများတော့… အရမ်းပင်ပန်းပြီး အိပ်ချင်လာတာနဲ့ စတိုခန်းထဲ ခိုးဝင်ပြီး အိပ်လိုက်တာ၊ ကံဆိုးချင်တော့ ပစ္စည်းလာစစ်တဲ့ မန်နေဂျာနဲ့ တိုးပါလေရော"

"မင်း တစ်ယောက်ကတော့လေ… ကလေးကျနေတာပဲ"

"ကလေးဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ် အိပ်ချင်တတ်ကြတာကတော့ အတူတူပဲ မဟုတ်လား…"

"တူပေမယ့် မတူဘူးဟဲ့… ကလေးက အိပ်ချင်ရင် ကာလ ဒေသ ပယောဂကို မကြည့်ဘဲ အိပ်ပစ်လိုက်တာပဲ၊ လူကြီးဆိုတာမျိုးက ဘယ်လောက် အိပ်ချင်အိပ်ချင် အခြေအနေကြည့်ပြီး မအိပ်သင့်ရင် မအိပ်ဘဲ နေနိုင်ရတယ်။ ကဲပါ… ကဲပါ… မင်းကို ဏီ အပြစ်မတင်ပါဘူး။ စိတ်ဓာတ်လည်း မကျနဲ့ ဏီတို့



www.burmeseclassic.com

www.burmeseclassic.com



ကုန်တိုက်မှာ တံခါးစောင့်တစ်နေရာ လွတ်နေတယ် မန်နေဂျာကို ဏီ ပြောပေးမယ်..."

"ဟင်... တံခါးစောင့်"

"တံခါးစောင့်ဆိုပေမယ့် စမတ်ကျပါတယ် မင်းရဲ့။ ယူနီဖောင်း သပ်သပ်ရပ်ရပ်ဝတ်ပြီး တံခါးဝမှာ အသင့် စောင့်နေရတာလေ၊ သိပ်လည်း မပင်ပန်းပါဘူး။ ပြီးတော့... ဏီနဲ့လည်း တစ်နေရာတည်း အလုပ် လုပ်ရမယ်လေ၊ သွားအတူ ပြန်အတူ ဘယ်လောက်ကောင်းလဲ... "

"အင်း... အဲ့ဒီတစ်ချက်ကိုတော့ သဘောအကျဆုံးပဲ ငါ လုပ်မယ်ဟာ"

"တံခါးစောင့်ရင်းနဲ့တော့ မငိုက်နဲ့ပေါ့ ဟယ်"

"ဏီကလည်းကွာ... တစ်ခါအိပ်မိတာ ပြောမဆုံးဘူး"

ဏီကတော့ မင်းဖြစ်ပုံကို ရယ်ချင်လို့သာနေပါသည်။ အလုပ်ပြုတ်ရသည့် အကြောင်းကိုက အချိုး မပြေပါ။

မင်းကတော့... သိပ်ပြီး အပူအပင် အကြောင့် အကြရှိပုံ မပေါ်ပါ။ ပြီးတော့... သူက ဏီ့ကို ကပ်ချွဲသွား သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဏီ... ငါ ကတိပေးတယ်ကွာ၊ ဒီအလုပ်ကိုတော့ မပြုတ်အောင်... ကြိုးကြိုးစားစား သတိထားပြီး လုပ်ပါ့မယ်။ ဏီနဲ့ နီးနီးလေးမှာနေရတဲ့ အခွင့်အရေးကို ငါ လက်လွှတ်မခံနိုင်ပါဘူးကွာ"

ဏီ့ကို အမောပြေစေသော စကားလုံးများ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ၇

အဲ့ဒီနေ့က မိုးတွေ ဖြိုင်ဖြိုင်ရွာသောနေ့ဖြစ်ပြီး ညီတို့နှစ်ယောက်စလုံး အလုပ်နားသည့်ရက်လည်း ဖြစ်သည်။ မနက်ခင်း တစ်ခင်းလုံး မိုးတွေရွာနေခဲ့ပြီး နေ့လယ်ကျတော့ မိုးတိတ်ကာ နေသာလာသည်။ နှစ်ယောက်ပေါင်းမှ ထီးတစ်လက်သာရှိတာမို့ ညီတို့ နှစ်ယောက်စလုံး မိုးအတိတ်ကို စောင့်နေခဲ့ရသည်။ မိုးတိတ်လျှင် လှည်းတန်းဘက်သို့ နှစ်ယောက်အတူ ထွက်လာခဲ့ကြသည်။ ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြောသင်တန်းတက်ဖို့ ညီတို့ စုံစမ်းရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ဆိုင်းဘုတ်တွေ့သမျှ ဝင်မေးရင် တဖြည်းဖြည်း ညနေစောင်းအချိန် ရောက်လာသည်။ ဏီတို့ လမ်းလျှောက်နေကြရင်း ဖြုန်းခနဲ မိုးရွာချလိုက်လေသည်။

"မင်း... လာ... လာ... ထီးအောက်ကို"

ဏီက... ထီးအမြန်ဖွင့်ပြီး မင်းကို ခေါ်သည်။ မင်းက လက်ကာပြရင်း...

"ငါ့ပါ ဝင်ဆောင်းနေရင် ဏီရော ငါရော စိုကုန်မှာပေါ့ကွ၊ ဏီပဲ ဆောင်းပါ။ ငါက ယောကျ်ားလေးပဲ ရေစိုခံလို့ ရတယ်။ ဏီ့ အဝတ်အစားတွေ ရေစိုရင်သာ မြင်မကောင်းမှာ... "

ထိုနေ့က မင်းသည် ဏီဝယ်ပေးသော ဂျင်းဘောင်းဘီနှင့် တီရှပ်ကို ဝတ်လာခဲ့သည်။ ရေတွေ စိုနစ်သွားသောအခါ မင်းပုံစံက ပန်းပုရုပ်တစ်ရုပ်လို ကြွရွနေခဲ့သည်။ ဆံပင်ညိုပျော့ပျော့တွေက ရေစိုသဖြင့် အချောင်းအချောင်းဖြစ်ကာ မျက်နှာပေါ် စင်းကျနေသည်။ ထို ဆံပင်တွေကို ခေါင်းဆတ်၍ သိမ်းလိုက်ပုံက ဏီ့မျက်စိထဲမှာ အတော်ကြည့်လို့ ကောင်းပါသည်။

ခဏကြာတော့ မိုးတိတ်သွားခဲ့သည်။ သူက မလှမ်းမကမ်းဆီမှ မုန့်ဟင်းခါးသည်ဘက် မျှော်ငေးကာ



www.burmeseclassic.com

www.burmeseclassic.com



"ဏီ ဗိုက်ဆာတယ်ကွာ... ချမ်းလည်း ချမ်းတယ်။ ဟင်းရည် ပူပူလေးနဲ့ မုန့်ဟင်းခါးဝင်စားလိုက်ရရင် နွေးသွားမယ် ထင်တယ်။ လာ... လာ... တို့နှစ်ယောက် တစ်ပွဲမှာပြီး ဟင်းရည် များများထည့်ခိုင်းပြီး တစ်ယောက်တစ်ဝက် စားမယ်"

ဏီတို့နှစ်ယောက်က မုန့်ဟင်းခါး အထမ်း သည်လေးရဲ့ ရှေ့ခုံပုကလေးတွေပေါ်မှာ ဝင်ထိုင်လိုက်သည်။

"မုန့်ဟင်းခါးလား... ခေါက်ဆွဲလား အစ်ကိုလေး"

"မုန့်ဟင်းခါး တစ်ပွဲပေးကွာ... ဟင်းရည်များများ ထည့်"

"တစ်ယောက် တစ်ပွဲလား အစ်ကိုလေး"

"မဟုတ်ဘူး... နှစ်ယောက်တစ်ပွဲ"

ဏီတို့မှာ မုန့်ဟင်းခါးတစ်ပွဲကို သူတစ်လှည့် ကိုယ်တစ်လှည့် စားနေလိုက်သည်။ စားနေကျမို့ ပတ်ဝန်း ကျင်ကိုလည်း ရှက်မနေတော့ပါ။ ဏီတစ်ဇွန်း ခပ်စားပြီး သူ့ကို ကမ်းပေးလိုက်၊ သူ တစ်ဇွန်းခပ် စားလိုက်၊ ဏီ့ကို လှမ်းပေးလိုက်နှင့် နှစ်ယောက်တည်း ရှုပ်ယှက်ခတ်နေသည်။ မုန့်ဟင်းခါးသည် ကောင်လေးကပင် ဏီတို့နှစ်ယောက်ကို ပြုံးစိစိ ကြည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ နှစ်ယောက်က... ငှက်ဖြစ်ရင်တောင် တစ်ကိုင်းတည်း နားမယ့်ပုံပဲ။ မုန့်ဟင်းခါးစားတာ တောင် တစ်ပွဲတည်း အတူစားတယ်၊ သိပ်ချစ်ကြ တယ် ထင်တယ်... အားကျတယ်ဗျာ"

"အားမကျနဲ့ ငါ့ညီရေ... ချစ်တာလည်း ချစ်တာ တစ်ပိုင်း၊ ချွေတာတဲ့ သဘောတရားလေးကလည်း တစ်ပိုင်းပေါ့။ ရော့... ဏီ့အလှည့် စား"

သူ့အပြောကြောင့် ဏီက မုန့်ဟင်းခါးတစ်ဇွန်း ခပ်စားရင် ခွီခနဲ ရယ်လိုက်မိသည်။ သူကလည်း ချမ်းချမ်း နှင့် လက်ဖဝါးနှစ်ဖက်ကို ပွတ်ကာ ပါးနှစ်ဖက်ကို ပြန်အုပ် ထားရင်းက ပြုံးစိစိ လုပ်နေသည်။

ထိုအခိုက်တွင် ပရာဒို ကားကြီးတစ်စီးက ဏီတို့အနီးမှ ခပ်ကြမ်းကြမ်း မောင်းထွက်သွားရာ...

"ဟာ... ကြမ်းလှချည်လားကွ"

ရွှံ့ရေတွေက ဏီ့တစ်ကိုယ်လုံး ဗြန်းခနဲပက်စင် သွားကာ မုန့်ဟင်းခါးပွဲထဲပါ ဝင်သွားလေသည်။ မင်းက ရုတ်တရက် ဒေါသတကြီးအော်ကာ ထရပ်လိုက်သည်။

"ပြောမနေနဲ့တော့ မင်း၊ မတော်တဆဖြစ်တာပဲ တမင်လုပ်တာမှ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တမင်မဟုတ်ပေမယ့် မဆင်ခြင်လို့ ဒီလိုဖြစ်တာကွ။ တောက်... ကြည့်စမ်း၊ ဏိုတစ်ကိုယ်လုံး စိုသွားပြီ။ ခြစ်ခြုတ်စားနေတဲ့ မုန့်ဟင်းခါး ပန်းကန်လည်း ပစ်ရပြီ။ ဘယ်လို လူတွေလဲကွ... ရှံ့အိုင်နားမှာ လူတွေရှိရင် အရှိန်လျှော့မောင်းရကောင်းမှန်း မသိဘူးလား ရပ်စမ်း။ ကားရပ်လိုက်စမ်း... မရပ်ရင် ကျုပ်ခဲနဲ့ ကောက်ထုပစ်လိုက်မယ်"

မင်းက ဒေါသဖြင့် ဆူပွက်ကာ ခဲလုံးတစ်လုံးကို ပြေးကောက်လိုက်စဉ် ရှေ့ဘက်နား ရောက်သွားသော ကားကြီးက back ပြန်ဆုတ်လာလေသည်။ ဏိုမှာ မင်းကိုလည်း တားလို့ဆီးလို့ မနိုင်တာမို့ ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေဆဲ... ကားမှန်က လျှော့ခနဲ ကျလာကာ အသက် မငယ်တော့သော်လည်း လှပ စမတ်ကျသည့် မိန်းမတစ်ယောက်ကို မြင်ရလေသည်။ သူမက မင်းကို မျက်ခုံးပင့်ကြည့်ရင်း...

"တို့နဲ့ပတ်သက်ပြီး ဘာ မကျေနပ်တာ ရှိလို့လဲ၊ မင်း ဒေါသတကြီး အော်ပြောနေတာ... တို့ ကား back မှန်ထဲက မြင်လိုက်လို့ ပြန်လှည့်လာခဲ့တာ"

"ခင်ဗျားက ကားမောင်းတဲ့သူလား၊ ကားပိုင်ရှင်လား"



www.burmeseclassic.com

www.burmeseclassic.com



"မောင်းတာလည်း တို့ပဲ... ကားရှင်လည်း တို့ပဲ..."

"ဒါဆို... ခင်ဗျားအောက်ကို တစ်ဆိတ်လောက် ဆင်းခဲ့စမ်းပါ။ ဘဝင်လေဟပ်နေတဲ့ ပုံစံနဲ့ ကားပေါ်က နေပြီး လမ်းပေါ်က လူကို အထက်စီးက ငုံ့ကြည့်မနေနဲ့..."

"မင်း... အခုလိုဒေါသတကြီး ဖြစ်နေတဲ့အကြောင်းရင်းက တို့နဲ့ပတ်သက်တာ ခိုင်လုံတယ်ဆိုရင် တို့ ဆင်းလာခဲ့မယ်"

မင်းက ဒေါသကြီးနေသလောက် သူမက သွေးအေး ငြိမ်သက်လွန်းသည်။ မင်းက ရုတ်တရက် ဇီဇီ လက်ကို ဆွဲကာ...

"ဒီမှာ ကြည့်စမ်း... ကျုပ် ချစ်သူတစ်ကိုယ်လုံး ရွှံ့ရေတွေနဲ့ ရွှဲနစ်နေတာ ခင်ဗျားမြင်တယ် မဟုတ်လား။ ရွှံ့အိုင်တွေ့တယ်၊ အနားမှာလည်း လူတွေရှိတယ်ဆိုရင် အရှိန်လျှော့ မောင်းရမယ်ဆိုတာ ခင်ဗျား မသိဘူးလား..."

မင်းက ဒေါသတကြီး ပြောဆိုလျက်ရှိပြီး သူမက မင်းကို တည်ငြိမ်စွာ ကြည့်လျက်ရှိသည်။ သူမ... မင်းကို ကြည့်နေပုံမှာ အရုပ်ကလေးတစ်ရုပ်ကို စေ့စေ့စပ်စပ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပုံမျိုး။ ပြီးတော့... သူမ မျက်ဝန်းထဲမှာ နှစ်လိုသည့် အရိပ်အယောင်တွေ...

သူမက... မင်း စကားမဆုံးမီ ကားပေါ်မှ လှပစွာ ဆင်းလာခဲ့ပါသည်။ ထိုမိန်းမဟာ ခေါင်းဖျားခြေဆုံး တစ်ကိုယ်လုံး တန်ဖိုးကြီးပစ္စည်းများဖြင့် ပြင်ဆင်ခြယ်သထားသော အထက်တန်းလွှာ မိန်းမတစ်ယောက် ဖြစ်သည်။

"ခင်ဗျားတို့လို ပိုက်ဆံချမ်းသာတဲ့သူတွေဟာ ဒီလိုချည်းပဲ။ လမ်းပေါ်က လူတွေကို လေးစားရကောင်းမှန်း မသိဘူး။ ကျုပ်ချစ်သူနဲ့ ကျုပ် မုန့်ဟင်းခါးတစ်ပွဲကို နှစ်ယောက်မျှစားနေရတာဗျ၊ အခုကြည့်စမ်း... မုန့်ဟင်းခါးလည်း ပစ်ရပြီ၊ ကျုပ် ချစ်သူတစ်ကိုယ်လုံးလည်း ပေရေနေပြီ... ဒါကို ခင်ဗျား ဘယ်လိုအလျော်ပေးမလဲ"

သူမက ခပ်ပြုံးပြုံးလက်ကာပြလိုက်ရင်း...

"ဆောရီး... တို့ အမှတ်တမဲ့ ဖြစ်သွားတယ်။ မသိလိုက်ဘူး၊ တို့ တောင်းပန်ပါတယ်။ မင်းရဲ့ ဒေါသကို နည်းနည်းလောက် လျှော့ချကြည့်လိုက်ပါလား၊ အဲဒါဆို ပြောလို့ ဆိုလို့ ပိုကောင်းသွားမယ်။ အခု... မင်း ဘာဖြစ်ချင်လဲပြော၊ တို့ကားနဲ့ လိုက်ပို့ပေးရမလား၊ ပိုက်ဆံအလျော် ပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အလျော်ပေးလည်း ပေရေတာက ပေရေသွားတာပဲ၊ ပြန်ပြင်ဆင်လို့ မရဘူး"

"အဟင်း... ဟင်း... မင်းက နည်းနည်းတော့ ရယ်ဖို့ကောင်းတယ်နော်... ကလေးလိုပဲ"

"ဘာဗျ... "

"ကဲလေ... စိတ်ဆိုးမနေပါနဲ့၊ မုန့်ဟင်းခါး ရောင်းတဲ့မောင်လေးရေ... သူတို့နှစ်ယောက် စိတ်ကြိုက်စားပါစေ။ အစ်မ... ပိုပိုလိုလို ငွေတစ်ထောင် ရှင်းခဲ့ပေးမယ်"

"မလိုဘူး... တစ်ပွဲ ပျက်စီးသွားတာ တစ်ပွဲစာပဲ ရှင်း၊ အပိုတွေ လာလုပ်မနေနဲ့... "

ဒေါသဖြင့် မျက်နှာနီမြန်း သွေးကြွနေသောဇော်ချစ်သူ လူငယ်လေးမှာ အရိုင်းဆန်ဆန် ကြမ်းတမ်းနေသည့်ကြားမှပင် ဆွဲဆောင်မှုတစ်မျိုးဖြင့် ကြည့်ကောင်းနေခဲ့ပါသည်။ ရေစိုထားသော ဆံပင်တွေက မျက်နှာပေါ် စင်းကျနေသည်။ ရေစိုကပ်နေသော ဝတ်စုံကြောင့်ပင် သူ့ခန္ဓာကိုယ်ရဲ့ အချိုးကျမှုကို အထင်အရှား မြင်နိုင်သည်။ ဇော်အတွက်တော့... မင်းရဲ့ အပြင်ပန်း အသွင်အပြင်ဟာ သိပ်အရေး မပါလှပါ။ ထိုခန္ဓာကိုယ်ကို တပ်မက်စိတ်ဖြင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဏီ မချစ်ခဲ့ဖူးပါ။ ဏီတို့နှစ်ယောက်ရဲ့ အချစ်ဟာ ဘာ အရောင်မှမဆိုးဘဲ ပကတိ ဖြူစင်ကြည်လင်သည်။

ဏီသည် မင်းကို သူဝယ်ယူတော့မည့် အရုပ် ကလေးလို ကြည့်နေသော ထိုမိန်းမရဲ့ မျက်ဝန်းထဲက အရိပ်တွေကို မိန်းမချင်းမို့ နားလည်လေသည်။

"ဒါဆို တို့... ဘာလုပ်ပေးရမလဲ"

"ဘာမှ လုပ်ပေးစရာ မလိုဘူး။ ကျုပ် မကျေနပ်တာ တွေကို ကျုပ်ပြောချင်တိုင်း ပြောပြီးပြီ၊ ကျုပ် ကျေနပ် ပြီ၊ ခင်ဗျား သွားလို့ရပြီ"

"မင်းက... တော်တော် စိတ်ဝင်စားစရာကောင်းတဲ့ လူငယ်လေးပဲ"

ဘုရားရေ... ဘာ စကားကြီးပါလိမ့်။ ဏီ သည် ထိုမိန်းမရဲ့ ရဲတင်းမှုကို လက်ဖျားခါသွားရသည်။ သူမက ဏီ့ကိုတော့ ရှိတယ်လို့တောင် မထင်ဘဲ မင်းဆီ မှာသာ အာရုံစူးစိုက်နေသည်။

"ခင်ဗျားစကားက ဘာ စကားကြီးလဲ..."

"တို့က မင်းကို အလုပ်ကိစ္စတစ်ခုအတွက် စိတ်ဝင်စား တာပါ။ တို့နာမည်က... ဒေါ်မြသားနွယ်ပါ။ တို့ ကုမ္ပဏီတစ်ခုကို ကြော်ငြာဖို့အတွက် ဘယ်မှာမှ

www.burmeseclassic.com

www.burmeseclassic.com



သရုပ်မဆောင်ဖူးသေးတဲ့ လူသစ်တစ်ယောက် တို့ ရှာနေတာ ကြာပြီ။ အခုတော့... တို့ လိုချင်တဲ့ အရည်အချင်းတွေကို မထင်မှတ်ဘဲ မင်းဆီမှာ လာတွေ့နေရတယ်။ ဒီတွေ့ဆုံမှုက မလှပပေမယ့် မင်းအတွက် ကံကောင်းမှုတစ်ခုတော့ ဖြစ်လာနိုင်ပါတယ်။ ဒီမှာ တို့ရဲ့ visiting card ။ မင်း စိတ်ဝင်စားရင် တို့ကို ဆက်သွယ်နိုင်ပါတယ်။ တို့ သေချာပေါက်ပြောနိုင်တာကတော့ မိုဒယ်လ်ဘွိုင်းလ်တစ်ယောက်ရဲ့ အလုပ်ဟာ မင်းဘဝကို တစ်ဆင့် မြင့်မားစေမယ်ဆိုတာပါပဲ"

မင်းက သူမ စကားတွေထဲမှာ မိန်းမောငြိမ်သက်သွားချိန်တွင် သူမက သူမကားဆီ လျှောက်သွားပြီး ကားပေါ်တက်ကာ မောင်းထွက်သွားခဲ့ပါသည်။ ဏီကတော့... အခြေအနေအရပ်ရပ်ကို ကြုံတွေ့ထိတ်လန့်လျက် ကျန်ရစ်ခဲ့သည်။

ထိုနေ့မှ အစပြုကာ ဏီတို့ နှစ်ယောက်ရဲ့ အေးအတူ ပူအမျှ ဘဝလေးထဲကို မုန်တိုင်းတစ်ခု စတင် ထိုးဖောက် ဝင်ရောက်လာခဲ့တော့တာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၈

“ငါ... ဒေါ်မြသားနွယ်နဲ့ သွားတွေ့ရင် ကောင်းမလားလို့ စဉ်းစားတယ်... ဏီ”

မကြာသော တစ်နေ့မှာပင် မင်းက ဏီ စိုးရိမ်သော ကိစ္စတစ်ခုကို စတင်ပြောလာခဲ့ပါသည်။

“ဘာအတွက်လဲ... မင်း”

“သူပြောတဲ့ အလုပ်ကို ငါ... စိတ်ဝင်စားတယ် ဏီ။ ဒီအခွင့်အရေးဟာ တော်ရုံလူ မရနိုင်တဲ့ အခွင့်အရေးပဲ။ ပြီးတော့...ငါ ပိုက်ဆံတွေ အများကြီးလိုချင်တယ် ဏီ။ ငါ... ခုလုပ်နေတဲ့ အလုပ်ကလည်း... နင်နဲ့ နီးနီးလေးနေရတာ တစ်ခုကလွဲရင် ငါ့အတွက် တခြား စိတ်ကျေနပ်မှုမျိုးကို မပေးနိုင်ဘူး။ ပိုက်ဆံကို တစ်ပြားက နှစ်ပြားခွာပြီး ခြစ်ခြုတ်သုံးနေရတဲ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ငါမုန်းလှပြီ။ လက်ရှိ အခြေအနေထဲက ငါ ရုန်းထွက်ပြောင်းလဲပစ်လိုက်ချင်ပြီ"

"ဏီကတော့... မင်းကို ဒေါ်မြသားနွယ်ဆီ မသွားစေချင်ဘူး။ မင်း ဝင်ရမယ့် လောကက မင်းအတွက် အစိမ်းပဲ။ အဲ့ဒီလောကထဲမှာ ဏီတို့ မသိနိုင်၊ လက်လှမ်း မမီနိုင်တဲ့ အရှုပ်အထွေးတွေ၊ မာယာ ပရိယာယ်တွေ အများကြီး ရှိနိုင်တယ်။ မမုန်းဆိုနိုင်တဲ့ စတေးပေးဆပ်မှုတွေလည်း ရှိချင်ရှိနိုင်တယ်။ ဏီတို့ ဘဝကို အေးအေးချမ်းချမ်းပဲ ဖြတ်သန်းကြရအောင်ပါ မင်းရယ်။ ကျော်ကြားသူတစ်ယောက်ရဲ့ မအေးချမ်းမှုတွေကို ဏီ မလိုချင်ဘူး၊ မင်းလည်း... မလိုချင်နဲ့"

"ခုဆို... မင်းလည်း အလုပ် ကောင်းကောင်း ရဖို့ သင်တန်းတွေ တက်နေပြီ။ စာမေးပွဲလည်း ပြန်ဖြေဖို့ လုပ်နေပြီ။ ဏီလည်း အရောင်းစာရေး ဘဝကနေ Cashier ဖြစ်လာပြီ။ နောက်ဆို... ဏီတို့ အလုပ်ကောင်းကောင်း... လခကောင်းကောင်း ရတော့မှာပါ။ ဏီတို့ အေးအေးချမ်းချမ်း နေရတော့ မှာပဲ... မင်းရယ်"

"စိတ်ကူးမယဉ်စမ်းပါနဲ့ ဏီရယ်။ လခကောင်းတော့ လည်း စားလောက်ရုံပဲ ရှိမှာပေါ့။ အဆောင်နေရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘဝက ဘယ်တော့ကျွတ်မှာလဲ။ နောက် ဆယ်နှစ်လား၊ ဆယ့်ငါးနှစ်လား။ ရန်ကုန်မှာနေစရာ တစ်နေရာ အပိုင်ရဖို့ ပြည့်ပြည့်စုံစုံ နေရဖို့ဆိုတာ သမားရိုးကျ လမ်းရိုးကြီးအတိုင်း လျှောက်နေရင် အိုသာသေသွားမယ် ဘယ်တော့မှ ရမှာမဟုတ်ဘူး။ ငါတို့လခတွေ တိုးလာလည်း တခြား နေစရိတ် စားစရိတ်တွေ တိုးလာတာနဲ့ ဘာမှမထူးဘူး ဏီ။ ငါတို့ ... ဘယ်တော့မှ လက်ထပ်ရမှာလဲ၊ ဘယ်တော့... အတူနေရမှာလဲ"

ဏီက မင်း စိတ်လိုက်မာန်ပါ ပြောနေပုံကို ဝမ်းပန်းတနည်း စိုက်ကြည့်နေမိပါသည်။ ရန်ကုန်မှာ အဆင်မပြေလို့ဆိုပြီး ဏီ နယ်မှာပြန်နေလို့လည်း မဖြစ်ပါ။ ဏီ့ပထွေးနှင့် ဏီက တစ်အိမ်တည်း ရေရှည်နေလို့ မဖြစ်တာကို ဏီပဲ သိပါသည်။

"ဏီတို့... အဆင်ပြေတဲ့တစ်နေ့ကျ အိမ်ခန်းလေး တစ်ခန်းငှားပြီး လက်ထပ်လို့ရတာပဲ မင်း"

"အဲ့ဒီ အဆင်ပြေတဲ့ နေ့ဆိုတာ ဘယ်နေ့လဲ ဏီ။ ဘာမှ မသေချာပါဘူးကွာ၊ မသေချာမှုတွေထဲက သေချာမှုတစ်ခုကို ကိုယ်... ဖမ်းဆုပ်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကို သေချာမှုလို့ မင်း... အပ်ချမတ်ချ ပြောနိုင်လို့လား၊ မင်း ဘဝဟာ အဲ့ဒီ လမ်းကြောင်းထဲမှာ တိုးတက်ရင် တိုးတက်သွားနိုင်တယ်။ ဒါပေမဲ့... အဲ့ဒီ လမ်းကြောင်းထဲမှာ ကောက်ကွေ့ လဲပြိုယိမ်းယိုင်ပြီးမှ မင်း ဖြစ်ချင်တဲ့ဘဝကို ရောက်လိမ့်မယ်"

"ဏီ... ဒီလိုတော့ ရမ်းမပြောနဲ့၊ ငါ့ကို ခွင့်ပေးစမ်းပါကွာ။ ငါ ပိုက်ဆံတွေ အများကြီး လိုချင်တာလည်း နင့်အတွက်ပါ"

"ဏီ့အတွက် ဆိုရင်တော့... ဒီလမ်းကို လျှောက်ဖို့ မလိုဘူး မင်း။ ဒီမှာ... နင် သေသေချာချာ စဉ်းစားစမ်းပါ။ ငွေရဖို့အတွက် တခြားအရာတွေ အားလုံးကို နင်... စွန့်နိုင်မလား"

"ငါက... ဘာတွေကို စွန့်ဖို့လိုလို့လဲ"

"ဂုဏ်သိက္ခာ... စိတ်ဓာတ်။ ပြီးတော့... မှန်းဆလို့မရတဲ့ အရာအတော်များများ ... "

"ဏီရာ... နင် အလကား အတွေးခေါင်နေတာပါ"

"နင်... ဘာသိလို့လဲ မင်း။ အဲ့ဒီမိန်းမရဲ့ နင့်ကို ကြည့်တဲ့ မျက်လုံးတွေကို ငါ မကြိုက်ဘူး"

"သြော်... ဟား... ဟား... လက်စသတ်တော့ ဏီက ငါ့ကို သဝန်တိုနေတာကိုးကွ"



www.burmeseclassic.com

www.burmeseclassic.com



မင်းက... အော်ရယ်သောအခါ ဏီ စိတ်တို သွားရကာ...

"ဒါ... သဝန်တိုရုံသက်သက် မဟုတ်ဘူး မင်း။ ဏီ ပြောတာကို အလေးအနက်ထားစမ်းပါ"

"အလေးအနက်ထားပါတယ် ချစ်သူ... သူငယ်ချင်း လေးရာ... စိတ်ချစမ်းပါ။ ငါ့ဘဝမှာ နင်တစ်ယောက် တည်းပဲ ရှိပါတယ်။ အဲ့ဒီ မိန်းမကလည်း ဒီအရွယ် ရောက်နေပြီပဲ၊ လင်နဲ့သားနဲ့ နေမှာပါ။ ငါလို အနုံ ညာတ တစ်ယောက်ကိုလည်း သူက... ကြိုက်မှာ မဟုတ်ဘူး။ ခုဟာက... သူ့အလုပ်ကိစ္စအတွက် တကယ်ကို လိုအပ်လို့... နေမှာပါ"

"ငါ စာအုပ်တွေထဲမှာ ဖတ်ဖူးတယ် သိလား... မင်း။ လောကမှာ အချစ်နဲ့မပတ်သက်ဘဲ နှောင်ဖွဲ့တတ်တဲ့ ကြိုးတွေ အများကြီးရှိတယ်တဲ့။ နင့်ကို ကြိုးချည် ခံရမှာ ငါ ကြောက်တယ်"

"ဏီ တကယ့်ကို အတွေးခေါင်တယ်ကွာ။ ကဲ... ကဲ... ဏီ မကြိုက်ရင်လည်း မလုပ်တော့ဘူးကွာ၊ ကျေနပ် တော့"

မင်းက ပြီးစလွယ် ကတိပေးသော်လည်း ဏီ့ စိတ်ထဲ စိတ်ချလက်ချ မယုံကြည်နိုင်ခဲ့ပါ။ မင်းက... မကျေ မနပ်ဖြင့် ပြောသေးသည်မှာ...



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကြောင့် တချို့ ယောက်ျားတွေက ပြောတာ ... အလုပ်တစ်ခုခု... လုပ်တော့မယ်ဆိုရင် မိန်းမတွေကို မတိုင်ပင်ဘဲ ကျိတ်သာလုပ်၊ အောင်မြင်မှ သိပစေတဲ့။ မိန်းမတွေက စိုးရိမ်ပူပန်တတ်တော့ အဆိုးပဲတွေးပြီး တားဆီး ပိတ်ပင်တတ်တယ်တဲ့"

"အဲ့ဒီလို စိုးရိမ်ပူပန်တာဟာ ချစ်လို့ဆိုတာကိုရော အဲ့ဒီယောက်ျားတွေက နားမလည်ဘူးလား... မင်း"

"တစ်ခါတစ်ခါကျတော့ အချစ်ကို သိပ်ဦးစားပေး လွန်းရင် ဘဝတက်လမ်းတွေ ပိတ်ဆို့သွားတတ်တယ် ဏီ... "

"ဩော်... မင်းက ဒီလို ယူဆတယ်လား"

ဏီက ဝမ်းနည်းစိတ်ဖြင့် မျက်ရည်ဝဲလာပြီး မင်းကတော့... မကျေမနပ်စိတ်ဖြင့် သုန်မှုန်နေသည်။ ဒါဟာ ဏီတို့ရဲ့ ချစ်သူသက်တမ်းတစ်လျှောက်မှာ ပထမဦးဆုံး အကြိမ် စိတ်ဝမ်းကွဲကြခြင်း ဖြစ်သည်။ အဲ့ဒီ နောက်ပိုင်း မှာတော့... ဏီသည် ဒေါ်မြသားနွယ်ပေးသော ခါးသီး နာကျင်ဖွယ် ကိစ္စအတော်အများများကို လက်မခံချင်ဘဲ လက်ခံခဲ့ရသည်။ ဒေါ်မြသားနွယ်က မင်းကို ချိုမြိန်မှုများ ပေးပြီး ဏီ့ကိုတော့... ခါးသီးမှုများ ဖြင့် ရှုံးနိမ့်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# ၉

ဏီ… စိုးရိမ်သည့်အတိုင်းပင် ကိစ္စအတော်များများဟာ တားမရဆီးမနိုင် ပေါ်ပေါက်လာခဲ့ရတော့သည်။ ဘဝတက်လမ်းကို လွယ်လွယ်ကူကူ လိုချင်သော မင်းသည် ဒေါ်မြသားနွယ်ရဲ့ မက်လုံးပေးမှုများထဲမှ ရုန်းမထွက်နိုင်ခဲ့ပါ။

ထိုနေ့ ညနေက ဏီ့ သူငယ်ချင်းတစ်ယောက် ဏီ့ဆီ လာလည်တာမို့ အပြန်မှာ ကားမှတ်တိုင်အထိ လိုက်ပို့ပေးခဲ့သည်။ သူငယ်ချင်း ဘတ်(စ်)ကားပေါ် တက်သွားတော့မှ ဏီ ပြန်လှည့်လာခဲ့သည်။ ထိုအခိုက်တွင် တစ်ဖက်ပလက်ဖောင်းမှာ တက္ကစီတားနေသော မင်းကို မျှော်လင့်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရလေသည်။ ဏီ့စိတ်ထဲ အံ့ဩဆန်းကြယ်သွားသည်။ မင်းဟာ ဏီ့ကိုမပြောဘဲ ဘယ်မှ မသွားသူ ဖြစ်သည်။ အရေးတကြီး တက္ကစီငှားပြီး သွားရလောက်သော ကိစ္စမျိုးသူ့မှာ... မရှိတာလည်း ဏီ အသိပင်။

ဏီ... သူရှိရာ လမ်းတစ်ဖက်ခြမ်းသို့ ကူးသွားမည်ပြင်ဆဲ ကားတွေ အဆက်မပြတ်လာနေတာမို့ ဏီက လက်မြှောက်ပြရင်း...

"မင်း... "

"မင်း... ဘယ်သွားမလို့လဲ"

သူက ဏီ့ကိုအတွေ့မှာ မသိမသာ မျက်လုံးပြူးသွားရင်း...

"ကိစ္စတစ်ခုရှိလို့ ဏီမလာနဲ့ ပြန်တော့... မိုးချုပ်မှ ဘာလို့ တစ်ယောက်တည်း အပြင်ထွက်တာလဲ"

"ဏီ့ သူငယ်ချင်းကို လိုက်ပို့တာပဲ။ မင်း ကိစ္စက ဘာကိစ္စလဲ၊ ဏီ့ကို ပြောဦးလေ"

"ဘာမှ မဟုတ်ပါဘူး... အရေးမကြီးဘူး။ နောက်မှ ပြောပြမယ်"

သူက... ဏီ့ကို လှမ်းအော်ပြောရင်း တက္ကစီကို သဲကြီးမဲကြီး တားနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဏီတို့နှစ်ယောက် လှမ်းအော်ပြောနေကြတာကို လမ်းသွားလမ်းလာတွေက ပြုံးစိစိ ကြည့်သွားကြသည်။

ဏီကတော့... မရှိးမသား ခိုးလုပ်ဖို့ ကြိုးစားနေသည့် မင်းကို အချိန်မီ တားဆီးလိုတာမို့ ကားတွေ တဝီးဝီးဖြတ်နေသည့်ကြားမှ အလျင်စလို ဖြတ်ကူး လာခဲ့သည်။ ကံကောင်းစွာပင် သူ... တက္ကစီပေါ် တက်မည့်ဆဲဆဲ ဏီ အချိန်မီရောက်သွားသည်။

မင်းက ကားတံခါးအပိတ်မှာ ဏီက ဖျတ်ခနဲ ပြန်ဆွဲဖွင့်ထားရင်း...

"နင်... တော်တော် မရိုးသားတာဘဲ မင်း၊ ဒါက ဘယ်သွားမလို့လဲ... အမှန်အတိုင်း ပြောစမ်းပါ"

"အလုပ်ကိစ္စ တစ်ခုကွာ... "

"ဘာ အလုပ်ကိစ္စလဲ... "

"ကိုယ်လျှောက်ထားတဲ့ အလုပ်ကိစ္စတစ်ခု... "

"အခိပ္ပာယ်မရှိတာ... နင် လျှောက်တဲ့အလုပ် ကိစ္စတိုင်း ငါ သိတာပဲ၊ လာ ဖြီးမနေနဲ့... "

"ဒီအလုပ်ကကွာ ကြုံလို့ လျှောက်လိုက်တာ... ဏီ့ကို မပြောမိသေးတာပါ။ အဲ့ဒါ အင်တာဗျူးခေါ်ထားလို့"

"သြော်... သြော်... အင်တာဗျူးကလည်း ညနေကျမှ ခေါ်ရသတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ညနေဘက်လည်း အိုဗာတိုင် ဆင်းနေလို့ ရတာပဲ"

"ကဲ... မင်း အပိုတွေ ပြောမနေနဲ့ အမှန်အတိုင်းပြော"

မင်းကခေါင်းကုတ်ရင်းအီလည်လည် မျက်နှာထားဖြင့်...

"ဟိုကွာ... ငါ ဒေါ်မြသားနွယ်နဲ့ သွားတွေ့မလို့ ... နင့်ကို ပြောရင် တားနေမှာစိုးလို့"

"ဩော်... ဟော်... ထင်တော့ ထင်သားပါပဲ"

"ကဲ... ကဲ... ဘယ်လိုလဲဗျာ... ကားက ငှားမှာလား၊ မငှားဘူးလား... ဒီနေရာက ကားကြာကြာ ရပ်လို့ မရဘူး"

တက္ကစီဆရာက စိတ်တိုသံဖြင့် ပြောတာမို့ ဏီက မင်းကို ကားထဲမှ ပြန်ဆွဲခေါ်ထုတ်လိုက်ပြီး ကားဆရာကို မျက်နှာချိုသွေးကာ...

"တောင်းပန်ပါတယ် ဦးလေးရယ်၊ ကျွန်မတို့ မငှားတော့ဘူးနော်"

"ဘာတွေမှန်းကို မသိဘူးကွာ၊ ရှုပ်နေတာပဲ"

တက္ကစီက ခပ်ဆောင့်ဆောင့် မောင်းထွက်သွားသည်။ မင်းက မျက်နှာသုန်မှုန်နေကာ...

"ဏီရာ... နင် တော်တော်ဆိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မပြောနဲ့တော့ မင်း၊ ငါ့ကို ဒေါ်မြသားနွယ်ရဲ့ လိပ်စာကတ်သာ ပေး"

"ဘာလုပ်မလို့လဲ"

"သွားမယ်လေ ဒေါ်မြသားနွယ်ဆီကို ဘတ်(စ်)ကားနဲ့ သွားမယ်၊ ငါလည်း လိုက်ခဲ့မယ်"

မင်းက... ဏီ့ကို မယုံနိုင်သလို မျက်ခုံးပင့်နေဆဲ ဏီက မင်းလက်ကိုဆွဲကာ ဘတ်(စ်)ကားပေါ် ပြေးတက်လာခဲ့လေသည်။

မင်း ဒီလောက် ပြင်းပြထက်သန်နေတဲ့ အလုပ်ကို ဏီ မတားရက်တော့ပါဘူး... မင်းရယ်။

ဏီတို့နှစ်ယောက် အတူရင်ဆိုင်ကြမယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ၁၀

ခမ်းနားလှပသော ရုံးခန်း အပြင်အဆင်က ဏီတို့နှစ်ယောက်ကို ကျုံ့ဝင် သေးငယ်သွားစေသည်ဟု ထင်ရသည်။ ဒေါ်မြသားနွယ်ရဲ့ ရုံးခန်းကြီးမှာ မွေးနေ၊ အေးနေခဲ့ပြီ။ ဏီတို့ မသိမမီ မမြင်ဖူးသော ပရိဘောဂပစ္စည်းများဖြင့် တန်ဆာဆင်ထားခဲ့ပါသည်။ သူမ ဘယ်လောက်ချမ်းသာကြောင်းကို သူမ ပိုင်ဆိုင်သည့် ရုံးခန်းကို ကြည့်ရုံနှင့် သိနိုင်ပါသည်။

ရုံးခန်းထဲမှာ... အိုဗာတိုင်ဆင်းနေပုံရသော ဝန်ထမ်းအနည်းငယ်ကိုသာ တွေ့ရသည်။

ဏီတို့ ရုံးခန်းထဲဝင်ဝင်ချင်း ဝန်ထမ်း တစ်ယောက်က မင်းရှေ့မှာ ဦးညွှတ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းမာန်ခ ဆိုတာလား... ခင်ဗျာ"

"ဟုတ်ပါတယ်"

"ကျွန်တော့်နောက် လိုက်ခဲ့ပါ"

ဏီတို့မှာ ရုံးခန်းထဲ ဟိုဟိုဒီဒီ ငေးမောရင်း ထိုသူ့နောက်သို့ လိုက်လာခဲ့သည်။ ထိုသူက အခန်းတစ်ခု ရှေ့မှာ ရပ်လျက် အခန်းတံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

တံခါးဖွင့်ဖွင့်ချင်းပင် ကျွန်းရောင်စားပွဲရှည်ကြီး နောက် ဆုံလည်ကုလားထိုင်ပေါ်တွင် ခပ်လျှော့လျှော့ မှီထိုင်နေသော ဒေါ်မြသားနွယ်ကို လှမ်းမြင်ရသည်။ ဏီ့ကို မြင်သွားတော့... သူမရဲ့ မျက်ခုံးတစ်ဖက်က မသိမသာ မြင့်တက်သွားလေသည်။

"ကျွန်တော်တို့... ဘတ်(စ်)ကား တိုးစီးနေရလို့ နောက်ကျသွားပါတယ် မမ၊ တောင်းပန်ပါတယ်"

ဘုရားရေ... မင်း ဘာ့ကြောင့် ဒီအခေါ်ဝေါ်ကို ရွေးချယ်ခဲ့ရပါလိမ့်၊ ဘာဖြစ်လို့ ဒီလောက်ကိုင်းညွတ် ယဉ်ကျေးသွားရပါလိမ့်။

"ရပါတယ်ကွယ်... မင်း လာမယ်ဆိုတာ ဖုန်းကြို ဆက်ထားတာပဲ စောင့်ရတာပေါ့။ တို့ဆီလာဖို့ မင်းမှာ အခက်အခဲရှိမှန်း စောစောကသိရင် ကား လွှတ်ပြီး ကြိုခိုင်းလိုက်ပါတယ်။ တို့က... မင်း ဒီ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို စိတ်ဝင်စားတာကိုပဲ ဝမ်းသာနေတာပါ။ ကြော်ငြာတစ်ခုအတွက် စိတ်ကြိုက်မိုဒယ်လ်ရဖို့ ဆိုတာ မလွယ်ဘူးလေ။ မင်း ဒီလိုလက်ခံလိုက်တာ တို့ကို ကူညီရာလည်း ရောက်ပါတယ်။ အဲ့ဒီအတွက် ကျေးဇူးပါပဲ"

"ရပါတယ်... ကျွန်တော်က ကျေးဇူးတင်ရမှာပါ။ ဒီ အလုပ်ဟာ ကျွန်တော့်အတွက် တက်လမ်းတစ်ခု လည်း ဖြစ်နိုင်ပါတယ်"

"ဖြစ်နိုင်တာ မဟုတ်ဘူးကွ... သေချာနေတာ။ တို့ လောင်းရဲတယ်။ ဒီကြော်ငြာ လွှင့်ပြီးတာနဲ့ မင်း နောက်ကို လုပ်ငန်းရှင်တွေလိုက်လာမှာပဲ။ ပြီးတော့... မင်း တစ်ခုကံကောင်းတာက... တို့မှာ advertising ကုမ္ပဏီတစ်ခုလည်း ရှိနေတယ်လေ။ ကုမ္ပဏီကို အပ်လာတဲ့ ကြော်ငြာတွေဟာ မင်းအတွက် မျှော်လင့် ချက်တွေ ဖြစ်လာနိုင်တယ်"

ဒေါ်မြသားနွယ်မှာ မင်းကိုသာ ဦးတည်ပြော နေကာ မင်းနံဘေးမှ ဏီကိုတော့ အသိအမှတ်ပြုပုံ မရပါ။ ဏီက... မင်း နံဘေးမှာ အရုပ်လို ထိုင်နေရပါသည်။

သူမ အပြုံး၊ သူမ အကြည့်၊ သူမ ပြောပုံ ဆိုပုံ တွေဟာ ခမ်းနားပြီး ဆွဲဆောင်မှုရှိတာကို ဏီ မငြင်းနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့… အဲ့ဒါတွေဖြင့် မင်းကို မလှုပ်သာအောင် ချုပ်ကိုင်နိုင်ဖို့ ဆွဲဆောင်နေသည်ဟု ဏီ ခံစားရသည်။ မိန်းမချင်းမို့ အတွင်းသဘောကို အလွယ်တကူ သိမြင်လေသည်။

မင်းကရော… ဘာ့ကြောင့် မာနမရှိဘဲ ပျောင်းညွတ် ရိုကျိုးနေတာလဲ။ ကိုယ်… ရန်တွေ့ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်ထံမှာ ချက်ချင်းကြီး ပျော့ပျောင်းသွားရသတဲ့လား။ မင်း အပြောင်းအလဲ မြန်လွန်းသည်။ သူမက ဆွဲဆောင်ပြီး မင်းက စေးကပ်တော့မည်။

ဏီက… မင်းကိစ္စကို ဏီလည်း ပြောပိုင်ခွင့်ရှိသည်ဟု ယူဆကာ…

"ကြော်ငြာမှာက… ဘာကို အဓိကထားပြီး ကြော်ငြာမှာလဲ၊ ဘယ်လိုပုံစံမျိုးလဲ၊ မင်းက ဘယ်လို သရုပ်ဆောင်ရမှာလဲ ဆိုတာတွေကို ပြောပြထားလို့ ရမလား ဒေါ်မြသားနွယ်"

ဒေါ်မြသားနွယ်က… ဏီ့ကို မျက်ခုံးပင့်ကြည့်ကာ…

"ယူက… ဘာအတွက် သိချင်ရတာလဲ"

"ကြိုသိထားတော့ ကျွန်မတို့ချင်းလည်း တိုင်ပင်ပြီး အကောင်းဆုံးဖြစ်အောင် ဘယ်လို လုပ်မယ်ဆိုတာ ကြိုစဉ်းစားထားချင်လို့ပါ။ အားလုံး အဆင်သင့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီးမှ မင်း မလုပ်နိုင်မှာ အဆင်မပြေမှာကို စိုးရိမ်လို့ပါ"

"ဒါတွေက ပြောဖို့စောသေးတယ်လေ။ ကျွတ်... ဘယ်လိုလဲကွာ... တို့နည်းနည်း စိတ်ရှုပ်ချင်လာပြီ မင်းမာန်ခ။ တို့က အလုပ်ကိစ္စကို ကာယကံရှင်နဲ့ပဲ ပြောချင်တယ်။ ကာယကံရှင်ရဲ့ ဆုံးဖြတ်ချက်ကိုပဲ လိုချင်တယ်။ အမျိုးအဆွေတွေ၊ အမေတွေ ဝင်ပြီး စွက်ဖက်တာမျိုးကို... တို့ လုံးဝမကြိုက်ဘူးလေ။ မင်း ချစ်သူကို မင်း ဦးစားပေး ရှေ့တန်းတင်ချင်တာကို တို့နားလည်ပေးလို့ ရပါတယ်။ ဒါပေမဲ့... ဒါမျိုးက တချို့နေရာပဲ ကောင်းတယ်ကွ။ တချို့နေရာတွေမှာတော့ အနှောင့်အယှက် ဖြစ်ချင်ဖြစ်နိုင်တယ်။ ကိုယ့်အဖော်က သိပ်လွှမ်းမိုး စွက်ဖက်တတ်ရင် မင်းရဲ့တက်လမ်းတွေ ပိတ်ဆို့သွားတတ်တယ်။ မင်းနဲ့ အလုပ် လုပ်ရတဲ့ သူတွေကိုလည်း စိတ်အနှောင့်အယှက် ဖြစ်သွားစေနိုင်တယ်။ အဲဒီလိုဆို မင်းရဲ့ အနာဂတ် အတွက် မကောင်းဘူး"

ရှည်လျားသော စကားများဖြင့် သူမက မင်းကို တိုက်ခိုက်လိုက်ချိန်တွင် မင်းက ဏီကို လှည့်ကြည့်လာခဲ့လေသည်။ မင်း ဘာပြောမှာပါလိမ့်။ ဏီ... မင်း အနားမှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတဲ့ အဖြစ်။ မင်း မပြောတတ်တာကို ဝင်ပြောမိတဲ့ အဖြစ်ဟာ သူပြောသလောက် ကြီးကျယ်ပါ့မလား။ ကျေးဇူးပြုပြီး ဏီ့ဘက်က ရပ်ပေးပါ မင်းရယ်။ ဏီ... သူ့ကို အရှုံးမပေးပါရစေနဲ့..."

"ဏီ... အပြင်ကပဲ စောင့်နေလိုက်တော့နော်၊ ခဏနေငါ လာခဲ့မယ်"

မင်း ဘယ်လို ပြောလိုက်တာလဲ ဟင်။ ဏီသည် မင်းရဲ့ မျက်လုံးတွေထဲ တည့်တည့်စိုက်ကြည့်ကာ ငြိမ်သက်သွားသည်။ မင်းက... ဏီ့ကို မျက်လုံးများဖြင့် အသံတိတ် တောင်းပန်တိုးလျှိုးနေသည်။

ဏီ... ဖျတ်ခနဲထကာ အခန်းအပြင်ဘက် ထွက်လာခဲ့သည်။

ဏီတို့နှစ်ယောက်ရဲ့ အေးချမ်းသော ဘဝထဲကို ချော်ရည်ပူတွေ စီးဝင်လာသလို ခံစားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၀

"ဒါ... ငါ့ဘဝရဲ့ တစ်ဆစ်ချိုးပဲ ဏီ။ ဒေါ်မြသားနွယ်နဲ့ တွေ့တာ... ငါ အရမ်းကံကောင်းတယ်။ ငါ့ ဘဝမှာ ဒီလိုအလုပ်မျိုး လုပ်ခွင့်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး။ ဒီလောကဟာ ငါ ဘယ်လိုမှ အိပ်မက်မက်လို့ မရနိုင်ခဲ့တဲ့ လောကတစ်ခုပဲ။ ငါ စိတ်ကူးတောင် မယဉ်ရဲခဲ့ဖူးလေ။ ငါနဲ့ အရမ်းဝေးလွန်းတယ်လို့ပဲ ထင်ခဲ့တယ်"

"ဒေါ်မြသားနွယ်က advertising ကုမ္ပဏီတစ်ခုကိုလည်း ဦးဆောင်နေတယ်ကွာ။ ပြီးတော့... သူ့မှာ တခြားလုပ်ငန်းခွဲတွေလည်း အများကြီးပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့က နယ်ကလာပြီး အလုပ်ပဲ ဖိလုပ်နေကြလို့သာ သူ့ကို မသိတာ၊ သူက နာမည်ကြီးပဲ၊ အရမ်း လူသိများတယ်။ အနုပညာရှင် တစ်ယောက်လောက်နီးပါး နာမည်ကြီးတယ်။ သူက... နိုင်ငံခြားမှာလည်း ကုမ္ပဏီရှိတော့... မြန်မာပြည်နဲ့ ကူးချည်သန်းချည်ပဲ။

ဒီအမျိုးသမီးက... အရမ်းလည်း ယဉ်ကျေးသိမ်မွေ့တယ်ကွ။ သူက... ကိုယ့်ဘဝအကြောင်းကိုလည်း မေးတယ်။ ငါ... နယ်ကလာပြီး ရုန်းကန်နေရမှန်းသိတော့... သူ အတတ်နိုင်ဆုံး ကူညီပါ့မယ်တဲ့။ သူလည်း... ငယ်ငယ်က ရုန်းရင်းကန်ရင်း တက်လာရတာဆိုတော့... ကြိုးစားတဲ့ လူငယ်တွေကို ကိုယ်ချင်းစာတယ်တဲ့"

မင်းက အားတက်သရော ပြန်ပြောပြနေတာကို နားထောင်ရင်း ဏီ... စိတ်တိုလာရကာ...

"နေစမ်းပါဦး မင်းရဲ့။ အခု... မင်းက ဘာအကြောင်းကို ဦးစားပေးပြီး ပြောနေတာလဲ။ အလုပ်အကြောင်းကို ခုထိ မည်မည်ရရ မပါသေးဘူး။ ဒေါ်မြသားနှယ်ကို အမွှမ်းတင် ငြိကာချဲ့နေတာတွေပဲ များနေတယ်"

"ဏီကလည်းကွာ... ငါက... နင် သိချင်နေမယ်ထင်



www.burmeseclassic.com

www.burmeseclassic.com



လို့ ငါသိလာတာတွေကို တစ်လုံးမကျန် ပြန်ပြောပြနေတာ။ ဏီ... ငါ့အနားမှာ ထိုင်မနေရပေမယ့် ငါတို့ဘာတွေပြောသလဲဆိုတာ ဏီ... သိရမယ်ကွာ။ မယုံသင်္ကာ စိတ်တိုနေမှာစိုးလို့ အကောင်းလည်း ပြောပြရသေးတယ်"

ဏီက... နှုတ်ခမ်းကို မဲ့မိကာ...

"ဏီ... ရုံးခန်းအပြင်မှာ ထိုင်စောင့်ရတာ တစ်နာရီနဲ့နှစ်ဆယ့်တစ်မိနစ်တိတိ ရှိတယ်။ ဒီလောက်အကြာကြီး ပြောနိုင်တာလည်း အံ့သြပါရဲ့..."

"အလုပ်ကိစ္စတွေ ပြောရတယ်လေကွာ..."

"ကိုယ်ရေးကိုယ်တာတွေလည်း အများကြီး ပြောဖြစ်သွားတာပဲ။ မင်း... သူ့အကြောင်းကို တစ်ခါ စကားပြောရုံနဲ့ တော်တော်ပြည့်ပြည့်စုံစုံ သိလာခဲ့တယ်မဟုတ်လား"

"တချို့အကြောင်းတွေက ကိုယ့်အခန်းဖော်နဲ့ စကားစပ်ရင်း ပြောဖြစ်လို့ သိရတာပါကွာ... သူ နာမည်ကြီးတာတွေကို ကိုယ့်အခန်းဖော်ပဲ ပြောပြတာ..."

"ကဲပါ... မင်း လုပ်ရမယ့် အလုပ်ကိစ္စကို ဆက်ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွာ၊ အခု... သူက နိုင်ငံခြားကနေ အမျိုးသား ဝတ်အင်္ကျီ၊ ဘောင်းဘီနဲ့ တခြား အသုံးအဆောင်တွေကို ကိုယ်စားလှယ်သဘောမျိုးယူပြီး ဒီမှာ branch တစ်ခုအနေနဲ့ ပြန်ဖြန့်မှာ။ သူက အဲ့ဒီပစ္စည်းတွေကို ကြော်ငြာဖို့ မိုဒယ်လ် တစ်ယောက်ရှာနေတာ... သူ့ သဘောက အမျိုးသား အသုံးအဆောင်တွေကို မကြော်ငြာဖူးတဲ့သူမျိုးပဲ ဖြစ်စေချင်တယ်။ သူ့ပစ္စည်းတွေကို ကြော်ငြာပြီးရင်လည်း နောက်ထပ် ငါးနှစ်အထိ အလားတူ အမျိုးသားအဝတ်အစား အသုံးအဆောင်တွေကို ကြော်ငြာမပေးပါဘူး ဆိုတာကို စာချုပ် ချုပ်ရမယ်၊ တခြား ကုန်ပစ္စည်းကြော်ငြာတွေကိုတော့ လက်ခံရိုက်ကူးခွင့်ရှိတယ်"

မင်းက စိတ်ပါလက်ပါ ရှင်းပြနေတာမို့ ဏီ စကားနာ မထိုးချင်တော့ပါ။ မင်းဖြစ်ချင်တာကို ဖြစ်ခွင့်ရစေချင်သည်။ မင်းရဲ့ ပြင်းပြထက်သန်မှုကို မပိတ်ပင်ချင်။ အလုပ်ကိစ္စနှင့် မိန်းမချင်း ဝန်တိုမှုကို သပ်သပ်စီထားဖို့ အဲ့ဒီတုန်းကတော့ ဏီ ကိုယ့်စိတ်ကိုယ် သတိပေးခဲ့မိသည်။ သိပ်ဆိုးဆိုးဝါးဝါး ပြဿနာတွေ ဖြစ်မလာနိုင်ပါဘူးဟုလည်း ကိုယ့်ကိုယ်ကိုယ် အားပေးရသည်။ ဂုဏ်သရေရှိ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဟု ယူဆရသော ဒေါ်မြသားနွယ်ကို ဏီ... လျှော့တွက်ခဲ့မိပါသည်။

"ကြော်ငြာက... ဘယ်တော့ စရိုက်ရမှာလဲ"

"သိပ်မကြာဘူး ဏီ၊ ဒါရိုက်တာနဲ့ ဒေါ်မြသားနွယ်နဲ့လည်း တိုင်ပင်ပြီးသား။ အိုင်ဒီယာ ရှိပြီးသား၊ မိုဒယ်လ်ရရင် ချက်ချင်းရိုက်လို့ရအောင် စီစဉ်ထားတာ။ ဒီကြော်ငြာပြီးတာနဲ့ တခြားကြော်ငြာတွေရဖို့ သူပဲ ဆက်သွယ်ပေးလိမ့်မယ်"

"မိုဒယ်လ်တစ်ယောက် သိထားသင့်တာတွေကိုလည်း မင်း သင်ယူဖို့ကောင်းတယ်၊ ဒီအလုပ်ကို ဖြစ်အောင် လုပ်မယ်ဆိုလည်း အာရုံစိုက်ပြီး အကောင်းဆုံးဖြစ်အောင် လုပ်စေချင်တယ်"

"ဒေါ်မြသားနွယ်က နိုင်ငံခြားမှာ ဖက်ရှင်ဒီဇိုင်းနဲ့ ပတ်သက်တဲ့ ဒီပလိုမာ တစ်ခုရထားတယ် ဏီ... ကိုယ် ဘယ်လိုဝတ်ရမယ်... ဘာရောင် ဘာရောင်တွဲဝတ်ပြီး အသုံးအဆောင်က ဘာရောင်နဲ့ တွဲဖက်ရမယ် ဆိုတာက အစ colour တွေကို ဟာမိုနီ ဖြစ်အောင် သူ ညှိပေးနိုင်တယ်လို့ ပြောတယ်။ သူက တော်တော် အတွေ့အကြုံ ဗဟုသုတပြည့်စုံတဲ့ မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲကွ။ ကိုယ့်ကို အကြံဉာဏ် အများကြီးပေးနိုင်တယ်"

"ဏီ... မင်းကို ဝေဖန်မယ်နော်"

"အဟား... မိုဒယ်လ်တောင် မဖြစ်သေးဘူး၊ ဏီက ဝေဖန်ချင်ပြီလား... ဝေဖန်စေဗျား"

"မင်းက... အလုပ်တစ်ခု စလုပ်ဖို့အတွက် ကိုယ့်ကိုယ်တိုင် ဘယ်လို အားထုတ်ရမယ်ဆိုတာထက် တစ်ဖက်သားရဲ့ 'အား' ကိုပဲ မျှော်လင့်လွန်းတယ်"

"ကိုယ်မှ ဘာမှမသိတာဘဲ ဏီရာ... သိတဲ့ လူရဲ့ အကြံဉာဏ်ကိုတော့ ယူရမှာပေါ့"

"ယူသင့်တာတော့ ယူပါ မင်း။ ဒါပေမဲ့... တစ်ဖက်သားကို အရမ်းအားကိုးတာမျိုး၊ နောင်တစ်ချိန်မှာ သူ့အကြံဉာဏ်မှ မပါရင် ဘာမှ မလုပ်တတ်တာမျိုး တော့ မဖြစ်ပါစေနဲ့"

"ကောင်းပါပြီဗျာ၊ ဏီ့ စကားကို နားထောင်ပါ့ မယ်ဗျာ"

မင်းကတော့... သူရင်ဆိုင်ရမည့် လောကသစ်အတွက် ရင်ခုန်မှုဖြင့် နုသစ်နေသည်။

"ဏီလည်း မင်းကို ကူပါ့မယ်။ မင်းက အခု... ဒီအသိုင်းအဝိုင်းထဲ ဝင်ဆံ့သွားလာရတော့မယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့… အဝတ်အစား ကောင်းကောင်းမွန်မွန်ဝတ်ဖို့ တော့ လိုတယ်မဟုတ်လား။ ဏီ့မှာ စုထားတဲ့ ပိုက်ဆံတချို့ရှိတယ်၊ မင်းအတွက် အဝတ်အစား တချို့ ဝယ်လာခဲ့ ပေးမယ်။ ခမ်းနားဝင့်ထည်နေတဲ့ မိန်းမတစ်ယောက်ရှေ့မှာ အဝတ်အစား ခပ်နွမ်းနွမ်းနဲ့ မဝံ့မရဲ သိမ်ငယ်ရို့ကျိုးနေရတာမျိုး မဖြစ်စေချင်ဘူး မင်းရယ်”

“ဏီရာ… နင် ငါ့အတွက်ချည်းပဲ မစဉ်းစားပါနဲ့ နင့် အတွက်လည်း ဝယ်ဦးလေ”

“ငါက… မိုဒယ်လ်လုပ်မှာမှ မဟုတ်တာ။ အလုပ် သွားရင်လည်း ယူနီဖောင်းဝတ်ရတာပဲ၊ အပြင်သွားဖို့ အဝတ်ခပ်လတ်လတ် သုံးစုံလောက်ရှိရင် ပြီးပါတယ်။ မိုဒယ်လ်လောင်းလျာလေး နင်သာ စမတ်တကျရှိဖို့ အရေးကြီးတာ…”

“ဒါဆို… ဏီ့စိတ်တိုင်းကျ အဝတ်အစားသစ်နဲ့ ခပ်ကြော့ကြော့ နေပြမယ်ကွာ။ ငါ… မိုဒယ်လ်ဖြစ် လို့ ပိုက်ဆံတွေအများကြီးရရင် နင့်ကို ဖူးဖူးမှုတ်ထား မယ် သိလား။ ဏီ လိုချင်တာအားလုံး မရမရှိစေ ရဘူး”



www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ မေ့သွားပြီး လုပ်ချင်ရာလုပ်တတ်တဲ့ သူတွေဟာ အဲဒီလို... အပြောကောင်းတဲ့ သူတွေ ချည်းပဲ"

"ဏီ... မနှိပ်ကွပ်နဲ့ကွာ"

ဏီက ခနဲ့တဲ့တဲ့ဟန်ဖြင့် ပြောလိုက်တာမို့ မင်းက... ဏီ့ဆံပင်တွေကို လှမ်းဖွ ကျီစယ်လိုက်ပါသည်။ ဏီက... မင်းရဲ့ ပခုံးပေါ် ခေါင်းလေးအသာအယာ မှေးမှီတင်ထားရင်း ကြိုမမြင်နိုင်သော အနာဂတ်ကို မှန်းဆနေမိသည်။ မင်း... ဏီ့ကို ချစ်တာတော့ ဏီ ယုံကြည်သည်။ ငယ်ကတည်းက နက်ရှိုင်းတွယ်ငြိခဲ့တဲ့ သံယောဇဉ်ကိုတော့ ဘယ်လိုအကြောင်းနဲ့မှ မင်း... ဖောက်ဖျက်မှာ မဟုတ်ပါဘူး။ သူ့အပေါ် ထားရှိတဲ့ ဏီ့ရဲ့... ချစ်ခြင်းတွေကို သူ တန်ဖိုးထားမှာပါဟု ဏီက ကြည်နူးစွာ တွေးမိသေးသည်။

ဏီတို့နှစ်ယောက်မှာ အင်းလျားကန်ပေါင်ပေါ်မှာ စကားပြောနေကြရာမှ အဆောင်ဘက်သို့ ပြန်လျှောက်လာခဲ့ကြသည်။ တစ်ဦးလက်ကို တစ်ဦး ခိုင်ခိုင်မြဲမြဲ ဆုပ်တွဲလို့ ဖြစ်သည်။

သူက... ဏီ့အဆောင်သို့ လိုက်ပို့ပြီးမှ သူ့အဆောင်သို့ ပြန်လေ့ရှိသည်။ ဏီက အဆောင်ခြံဝန်းထဲ လှမ်းဝင်ခါနီးဆဲဆဲမှာမှ လွှတ်ခနဲ လှမ်းမေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ စကားမစပ်... ဒေါ်မြသားနွယ်က အိမ်ထောင်နဲ့လား... မင်း"

"အာ... ဒါတော့ ကိုယ် ဘယ်သိမလဲကွ။ ဒါမျိုးက တဲ့တိုးကြီးမေးလို့မှ မကောင်းတာ၊ မေးဖို့လည်း သိပ်မလိုအပ်ပါဘူး။ ဏီက ဘာလို့မေးတာလဲ... "

"ဘာရယ် မဟုတ်ပါဘူး။ တွေ့တာနော်... မင်း"

ဏီက... မင်းကို လက်ပြပြီး အဆောင်ထဲ လှည့်ဝင်လာခဲ့သည်။ ထိုညတစ်ညလုံး ဒေါ်မြသားနွယ် မင်းကို ကြည့်သည့် မျက်လုံးတွေကိုသာ ဏီ... မြင်ယောင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ၁၂

နောက်တစ်နေ့ ညနေခင်းတွင် ဏီ... မင်းရဲ့ အဆောင်ဘက်သို့ အဝတ်အစားအိတ်တွေ ဆွဲကာ ထွက်လာခဲ့ပါသည်။ ဏီက... မင်းအတွက် အဝတ်အစားတွေကို ဏီ အလုပ်လုပ်သော ကုန်တိုက်မှပင် ဝယ်ယူလာခဲ့သည်။ တချို့ တစ်ဝက်ကိုသာ လက်ငင်းပေးချေခဲ့ရပြီး၊ တချို့ကိုတော့ ဏီ့ လခထဲမှ အရစ်ကျဖြတ်ယူရမည် ဖြစ်သည်။

ဟိုး... ငယ်ငယ်လေးကတည်းက မင်းဟာ ဘယ်လို အဝတ်အစားမျိုးဖြင့် လိုက်ဖက် ကြည့်ကောင်းသည်ဆိုတာ... ဏီ သိခဲ့တာမို့ မင်းအတွက် အဝတ်အစား ဝယ်ခြင်း အလုပ်ဟာ ဏီ့အတွက် မခဲယဉ်းချေ။



www.burmeseclassic.com

www.burmeseclassic.com



ဏီက... မင်းအဆောင်ရှေ့မှာ ရပ်ကာ ခြံဝန်းတံခါးမှ ဘဲလ်ကို နှိပ်လိုက်ချိန်တွင် မင်းရဲ့... အခန်းဖော်တစ်ယောက် ထွက်လာပါသည်။

"သြော်... မင်းမာန်ခလား၊ ကျွန်တော် သွားခေါ်ပေးမယ်နော်... ခဏစောင့်ပါ"

ထိုသူက ဏီ့ကို မြင်မြင်ချင်း အလိုက်တသိပြောကာ အဆောင်ထဲ လှည့်ဝင်သွားလေသည်။ ဏီတို့နှစ်ယောက်ဟာ ချစ်သူတွေဖြစ်ကြောင်း၊ သူ့အဆောင်က သူများရော၊ ဏီ့အဆောင်က သူများပါ အားလုံးသိထားပြီးဖြစ်ပါသည်။

ဏီသည် မင်းကို စောင့်နေရင်း... အိတ်ထဲကထွက်နေသော အင်္ကျီစလေးကို အသာအယာဆွဲထုတ်ကြည့်မိသေးသည်။ မင်းဝတ်ရင် ဘယ်လိုကြည့်ကောင်း လိုက်ဖက်မည်ဆိုတာ ဏီက ကြိုတွေးမြင်ယောင်ရင်း ကျေနပ်နေသည်။

ခဏကြာတော့... မင်း အဆောင်ထဲမှ ထွက်လာပါသည်။

"ဟိတ်... ဏီ အထုပ်အပိုးတွေနဲ့ပါလား ဘာတွေလဲ"

ဏီက အင်္ကျီတချို့ကို ထုတ်ယူပြကာ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းဖို့ အဝတ်အစားတွေ ဝယ်လာတာလေ၊ မင်းကြိုက်ရဲ့လား ကြည့်ပါဦး။ အဝတ်အစားဆိုတာက အရမ်းလည်း ရိုးရင်မကောင်းသလို သိပ်ဆန်းနေရင်လည်း မကောင်းဘူး မဟုတ်လား။ မင်းနဲ့လည်း လိုက်ဖက်ရမယ်။ မင်းရဲ့ personality ကို ပံ့ပိုးပေးနိုင်ပေမယ့် အရမ်းရင့်ရော် လူကြီးဆန်တာမျိုးလည်း မဖြစ်ရအောင် ဏီ... ရွေးဝယ်လာခဲ့တာ။ နောက်... ကြော်ငြာတွေ ရိုက်ရင်လည်း မင်း ဝတ်လို့ရအောင်လေ။ ဒါလေးတွေကတော့... မင်း ဟိုဟိုဒီဒီ သွားတဲ့အခါ အလုပ်ကိစ္စ စကားပြောတဲ့အခါတွေမှာ ဝတ်လို့ ကောင်းတယ်"

မင်းက... ဏီ ထုတ်ပြသော အဝတ်အစားတွေကို ထုတ်ယူကြည့်ရင်း...

"ရှပ်အင်္ကျီတွေ များနေသလိုပဲ ဏီ...။ ဒီ လက်ရှည်ကြီးတွေက ဝတ်လိုက်ရင် လူကြီးလို ရင့်ရော်သွားမလား မသိဘူးကွ။ တီရှပ်တွေရော မပါဘူးလား"

"တီရှပ်က တစ်ထည်ပဲပါတယ် မင်းရဲ့...။ မင်းနဲ့ တီရှပ်အကျပ်လေးတွေက ကြည့်ကောင်းတာ မှန်ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် လူကြီးလူကောင်းမဆန်ဘဲ ကလက်တယ်လို့ ဏီ ထင်တယ်"

"ဏီ... ဝယ်ပေးဖူးတယ်လေကွာ"

"ဝယ်ပေးပြီးမှ နောင်တ ရနေတာလေ၊ ဘယ်တော့မှ ဝယ်မပေးတော့ဘူးလို့တောင် ဆုံးဖြတ်ထားတာ... မင်း ကြိုက်မှန်းသိလို့ တစ်ထည်တော့ မဖြစ်မနေ ဝယ်လာပေးတာ"

"ဒါပေမဲ့... ကိုယ် ကြော်ငြာရိုက်ရင်တော့ အဲ့ဒီလို တီရှပ်မျိုးတွေ ဝတ်ရမှာ သေချာတယ်ကွ။ ဒေါ်မြသားနွယ်ရဲ့ ကုမ္ပဏီက အင်္ကျီတွေက အဲဒါမျိုးအင်္ကျီတွေ များတယ်"

"အလုပ်ကိစ္စ... ကြော်ငြာစရိုက်ဖို့ ရက်ချိန်းရပြီ လား... မင်း"

"ရပြီ... ဏီ။ မနက်ဖြန် မနက်... စရိုက်မယ်တဲ့။ ဒေါ်မြသားနွယ်ကတော့... ကိုယ့်ဆီ နေ့တိုင်းဖုန်း ဆက်ပြီး... ကိုယ် ကြိုတင်ပြင်ဆင်ထားသင့်တာတွေ နဲ့... သူ့အစီအစဉ်တွေကို ပြောပြနေတာပဲ။ ဒီနေ့ တော့... အဆောင်ဖုန်း ပျက်နေတာနဲ့ အဆက်အသွယ်



www.burmeseclassic.com

www.burmeseclassic.com



မရသေးပါဘူး။ သူက… သူ့အလုပ်ကို တော်တော် စိတ်ဝင်စားပုံ ရတယ်”

မင်းကို စိတ်ဝင်စားပုံရတာကိုတော့ မင်း… မသိတာလား၊ မသိချင်ယောင်ဆောင်တာလား။ ဏီက… စိတ်ထဲမှ စကားနာ ထိုးမိသေးသော်လည်း မင်းကို စိတ်အနှောင့်အယှက် မဖြစ်စေလိုတာမို့ ပါးစပ်က ဘာမှ မပြောမိအောင် ထိန်းချုပ်ရပါသည်။

“ဏီ ဝယ်လာတာတွေ မင်းကြိုက်ရဲ့လား… ပြောဦးလေ”

“ကြိုက်ပါတယ်”

“ဒါပေမဲ့… မင်း မျက်နှာကြည့်ရတာ သိပ်မကြိုက်သလိုဘဲ။ ဏီ ဝယ်လာတာတွေက အရမ်းတော့ တန်ဖိုးကြီး မဟုတ်ဘူးလေ။ သိပ်ဈေးကြီးတာ သွားဝယ်ရင် ဏီ့ ပိုက်ဆံနဲ့ဆို နှစ်စုံလောက်ပဲ ဝယ်လို့ရမှာ… မင်း အနေနဲ့ နှစ်စုံတည်း ထပ်ထပ် ဝတ်နေရရင် မကောင်းဘူး မဟုတ်လား”

“ဏီ ဝယ်လာတာပဲကွာ၊ ဘာပဲဖြစ်ဖြစ် ကိုယ် ကြိုက်ပါတယ်။ ဏီ့ကိုလည်း ကျေးဇူးတင်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"အင့်... ဒီအင်္ကျီအရောင်လေးက မင်းနဲ့ဆို ဟပ်နေတာပဲ။ ကြက်သွေးရင့်ရောင်ဆို မင်းကြိုက်မှန်း ဏီငယ်ငယ်ကတည်းက သိတယ်နော်။ ဒါကြောင့်... ဒီအရောင်ကို မရမက ရှာဝယ်လာတာ မင်း ကိုယ်မှာ ကပ်ကြည့်ပါဦး"

ဏီက အင်္ကျီလေးကို မင်းကိုယ်မှာ ကပ်ထားစေကာ ခပ်ဝေးဝေးမှ ကြည့်ကြည့်ရန် နောက်သို့ တစ်လှမ်း နှစ်လှမ်း ဆုတ်လိုက်စဉ်...

"တီ... "

"အမေ့... "

ဏီ့နောက်နားမှ ကားတစ်စီး ပွတ်ကာသီကာ ဝင်လာပြီး ကားဟွန်းလည်း တီးလိုက်တာမို့ ဏီ... လန့်ဖျပ်တုန်ယင်ကာ ခြေလှမ်းပျက် ယိမ်းယိုင်သွားလေသည်။

ဏီက... ရင်ဘတ်ကို ဖိမိကာ ကားဆီ လှည့်ကြည့်ဆဲ... ကားရပ်သွားပြီး ကားပေါ်မှ ဒေါ်မြသားနွယ် ဆင်းလာလေသည်။

"ဟာ... မမ၊ ကျွန်တော့်ဆီ လာတာလား"

မင်းက... ရှေ့သို့လှမ်းထွက်ကာ တအံ့တသြ ကြိုဆိုလိုက်စဉ်... သူမက ပြုံးတုံ့တုံ့ကလေးနှင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပဲ့ရှင်... တို့ မင်းအဆောင်ကို ဖုန်းဆက်နေ တာ လုံးဝမရဘူးကွာ။ ဖုန်းက ဘာဖြစ်နေတာလဲ"

"ဖုန်းပျက်နေလို့ပါ... မမ"

"မင်းနဲ့ ဆက်သွယ်ဖို့က သိပ်ခက်တယ်ကွာ၊ အင်း... တစ်ခုခုတော့ စီစဉ်ပေးဦးမှပါ။ မနက်ဖြန် ရိုက်ကွင်းအတွက် အဝတ်အစားတွေ လာယူပြီး မင်း... ဒီည ဝတ်ကြည့်ထားဖို့ ပြောမလို့ ဖုန်းဆက် မရတာနဲ့ ကိုယ်တိုင်ပဲ လာလိုက်ရတာ။ ရော့... ဒီမှာ၊ ဒါ... တို့ကုမ္ပဏီက တင်သွင်းတဲ့ brand တွေချည်းပဲ။ မင်း... မနက်ဖြန်ကျ ဒါမျိုးတွေပဲ ဝတ်ပြီး ရိုက်ရမှာ။ ဒီည... အစမ်းဝတ်ကြည့်ပြီး ဘယ်အင်္ကျီက မင်းနဲ့ သက်သောင့်သက်သာဖြစ်ပြီး ကြည့်ကောင်းတယ် ဆိုတာ မှတ်ထားပေါ့။ ဒါတွေကတော့ ပြန်ပေးစရာ မလိုဘူးနော်။ မင်းပဲ... အပြီးယူထားရမှာ..."

"ဟာ... မမ... ဒါတွေက အရမ်းတန်ဖိုးကြီးတယ် မဟုတ်လား။ ပြီးတော့... များလည်း များတယ်"

"ရပါတယ်ကွာ... ဒါက အသေးအမွှားပါ။ အရေးကြီးတာက ကိုယ်တင်တဲ့ မိုဒယ်လ် စမတ်တကျဖြစ်ဖို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့... မင်းလက်ထဲက အဝတ်အစားတွေက ဘာလုပ်ဖို့လဲ"

"သြော်... ဒါက ကျွန်တော့်အတွက် ဏီ ဝယ်လာပေးတာ..."

"အရောင်တွေက အရမ်းရင့်ပြီး... တောက်နေတော့ တောဆန်သလိုပဲနော်"

ဒေါ်မြသားနွယ်က ဏီ့ကို အသိအမှတ်ပြုသည်ဆိုရုံလေး ပြုံးသယောင်ပြုကြည့်ကာ ပြောလေသည်။ သူ့လေသံထဲမှာ ဏီဝယ်လာတာတွေအပေါ် ရှုတ်ချဟန် အထင်သေးဟန်တွေ ယောလွင်နေသည်။

ဏီက... သူမ ဆက်ဆံပုံကို မခံချင်သော်လည်း မင်းရှေ့မှာမို့ စိတ်ကို ချုပ်တည်းထားရင်း...

"ဒါ... မင်းကြိုက်တဲ့ အရောင်တွေပဲလေ"

"သြော်... မင်းမာန်ခက ဒီလိုအရောင်တွေ ကြိုက်တာလား။ တစ်ခါတစ်ခါကျ ကြိုက်ပေမယ့်... မဝတ်သင့်တဲ့အရောင်တွေ ရှိတယ်ကွ။ တချို့ အရောင်တွေက တောက်ပပြီး အမြင်ရိုင်းနေတာမျိုးတွေ ရှိတယ်... အပူရောင်တွေပေါ့။ အနီရောင်၊ အဝါရောင်



www.burmeseclassic.com

www.burmeseclassic.com



တွေက အပူရောင်တွေပေါ့။ အပြာ၊ အစိမ်းနဲ့ ခရမ်းရောင်တွေက အအေးရောင်တွေလေ။ တို့ကတော့... မင်းနဲ့ အရောင်ဖျော့ကလေးတွေက ပိုပြီးလိုက်ဖက်စမတ်ကျတယ် ထင်တယ်။ ဒါ့ကြောင့်... ကြော်ငြာရိုက်ဖို့အတွက် အဲဒီလိုအရောင်တွေပဲ များများရွေးထားတယ်။ တို့က... အရောင်တွေကို နားလည်တယ်လေ"

"တို့... စေတနာနဲ့ ပြောရရင် ဒီလို အဝတ်အစားမျိုးတွေကို မဝတ်စေချင်ဘူး။ တချို့ တန်ဖိုးနည်းပြီး brand ခပ်ညံ့ညံ့ အဝတ်အစားတွေဟာရှိရင်းစွဲ personality ကိုတောင် လျော့ကျစေတယ်လေ"

ဒီမိန်းမက ဘာ့ကြောင့် ဏီ့ကို အမြဲတိုက်ခိုက်ချိုးနှိမ်ဖို့ အဆင်သင့်ဖြစ်နေရတာလဲဆိုတာ ရှင်းနေပါသည်။ ပညာတတ်ပြီး အဆင့်အတန်းမြင့်မားသည်ဟု သတ်မှတ်ထားသော မိန်းမတစ်ယောက်ထံမှာ ကြောက်စရာ ကောင်းသော အကြံအစည်တွေ ရှိနေနိုင်သည်။ ဏီက... သူမမျက်ဝန်းတွေထဲ ခပ်ရဲရဲစိုက်ကြည့်လိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေက... ကျွန်မ ချစ်သူကို ကျွန်မဝယ်ပေးတာပဲ ဒေါ်မြသားနွယ်။ သူ... ငယ်ငယ်ကတည်းက ကြိုက်ခဲ့တဲ့ အရောင်တွေ၊ ကျွန်မ မျက်စိထဲ သူနဲ့ ကြည့်ကောင်းမယ်ထင်တဲ့ အရောင်တွေကို ဝယ်လာခဲ့တာပါ။ brand ညံ့မညံ့ အရောင်လှမလှ ဆိုတာတွေထက် ကျွန်မက မေတ္တာစေတနာ အပြည့်အဝနဲ့ ဝယ်ပေးတာကို ကျွန်မ ချစ်သူက ဝမ်းပန်းတသာ လက်ခံဝတ်ဆင်ဖို့ပဲ အရေးကြီးပါတယ်။ ကျွန်မတို့နှစ်ယောက်ကြားမှာ တန်ဖိုးနည်းတာ မနည်းတာက အရေးမပါဘူးလေ။ ဒီအဝတ်အစားတွေက ဒေါ်မြသားနွယ်ရဲ့ ကြော်ငြာမှာဝတ်မယ့် အဝတ်အစားတွေလည်းမဟုတ်တော့ ဒေါ်မြသားနွယ်အနေနဲ့ ကျွန်မဝယ်လာတဲ့ အဝတ်အစားတွေအပေါ်မှာ ဝေဖန် ခွင့်မရှိဘူးလို့ ထင်ပါတယ်"

"အိုး... ယူက ဒီလိုယူဆတာလား... မြတ်ပန်းဏီမိုဒယ်လ်တစ်ယောက်ရဲ့ ဝတ်စားဆင်ယင်မှုဆိုတာ သူအောင်မြင်မှုအပေါ်မှာ ဘယ်လောက်ထိ ဩဇာသက်ရောက်တယ်ဆိုတာ... ယူ မသိသေးလို့ ဒီ စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောတာပါ။ မို ဒယ်လ် တစ်ယောက် ဟာ ကြော်ငြာထဲမှာ စမတ်ကျ ကြည့်ကောင်းနေရုံနဲ့ မပြီးဘူးလေ။ အပြင်မှာ နေထိုင် သွားလာ ပြောဆို တာ၊ ဝတ်စားဆင်ယင်တာတွေအားလုံး အမြဲစမတ် ကျပြီး လူတကာထက် သန့်ပြန့်ပေါ်လွင်နေရမယ်။ တို့… ယူ့ကို သတိပေးမယ်နော်… ယူ့ချစ်သူ အောင်မြင်ဖို့အတွက် ယူ့ရဲ့… တတ်သိ လိမ္မာမှု အများကြီးလိုတယ်ဆိုတာ… ခေါင်းထဲမှာ အမြဲထည့် ထားပါ။ သြော်… မင်းမာန်ခ၊ ရော့… ဒီမှာ လိုရ မည်ရသုံးဖို့ ငွေယူထားလိုက်ဦး"

သူမက ခပ်သာသာလေးပြောရင်း သူမရဲ့ လက်ကိုင်အိတ်ထဲမှ တစ်ထောင်တန် တစ်အုပ်ကို ထုတ်ပေး လေသည်။ မင်းက တွန့်ဆုတ်ဆုတ် ဖြစ်နေရာ…

"ယူလေ… ယူပါကွ။ ဒါ… ကြော်ငြာရိုက်ပေးတဲ့ အတွက် မင်း ရရမယ့် ငွေရဲ့တချို့တစ်ဝက်ပါ"

မင်းက ပိုက်ဆံအုပ်ကို လှမ်းယူလိုက်သော အခါ သူမက မင်းကို ကျေနပ်စွာ ပြုံးကြည့်ရင်း…

"အိုကေ… တို့သွားမယ် မင်းမာန်ခ၊ မနက်မှ တွေ့ မယ်၊ သြော်… မြတ်ပန်းဏီ တို့သွားလိုက်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဏီသည်... သူမရဲ့ မထိတထိ အပြောအဆို အပြုအမူများကို အသည်းတယားယားနှင့် ကျန်ရစ်ခဲ့ရသည်။ သူမက ကားပေါ်လှမ်းတက်သွားပြီး ကားမောင်းထွက်သွား ပြီးမှ back ပြန်ဆုတ်လာကာ ကားမှန်ကို လျှောခနဲ ချလျက်...

"ရော့... မင်းအတွက် လိုရမည်ရ သုံးရအောင် ယူထားလိုက်..."

ဟု ပြောရင်း မင်းထံသို့ လက်သုံးလုံးခန့်သာရှိသော hand phone တစ်လုံး ပစ်ပေးလိုက်ပြီးမှ ဝေါခနဲ ကားမောင်းထွက်သွားလေသည်။

ဏီသည် မခံချိမခံသာ ဝမ်းပန်းတနည်းစိတ်၊ ဒေါသစိတ်များဖြင့် ရင်ထဲမွန်းကျပ် ကျန်ခဲ့တာမို့... မင်းရဲ့ မျက်နှာကို အားကိုးတကြီး မော့ကြည့်မိသောအခါ... တောက်ပ အရောင်ဖြာသော၊ ကျေနပ်ယစ်မူးလျှက်ရှိသော မင်းရဲ့ မျက်ဝန်းများကို ရင်ဆိုင်ရလေသည်။

"ကိုယ့်ကို ဖုန်းခဏ ငှားခဲ့တာထင်တယ်... မဆိုးဘူး။ ဖုန်းရှိတော့ အဆင်ပြေ၊ စမတ်ကျသွားတာပေါ့။ ဟဲ... ဟဲ... ဏီ့အဆောင်ကို ဖုန်းဆက်ဖို့လည်း အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။ ဒီတစ်ခါ ဏီကို လာခေါ်ရင် ခြံတံခါးဝ ကနေ လူကြုံနဲ့ မခေါ်ခိုင်းတော့ဘူးကွာ၊ ဏီတို့ အဆောင်ရှေ့မှာရပ်ပြီး အဆောင်ဖုန်းကို လှမ်းခေါ် လိုက်မယ်။ ဏီရေ... ကိုယ်ရောက်နေပြီ၊ ထွက်ခဲ့ တော့လို့... အိုကေပဲနော်။ ဒီဖုန်းမျိုး ဒီတစ်သက်... ကိုင်ဖူးပါ့မလားတောင် ထင်နေတာ၊ ခုတော့... ကုသိုလ်ကံက အံ့မခန်းပဲ..."

"ဟာ... ဒီမှာကြည့်ပါဦး ဏီ... ဒီအဝတ်အစား တွေက အရမ်းကောင်းတယ်ကွ၊ ငါ... ဒါမျိုးဝတ်ချင် နေတာ ကြာပြီ..."

မင်းသည် ကလေးတစ်ယောက်ကဲ့သို့ အပြစ်ကင်းစင်စွာပင် သူ့ရဲ့လိုချင်မှုတွေကို မဖုံးကွယ်နိုင်ဘဲ... hand phone လေးကို တယုတယ ကိုင်ကြည့်လိုက်၊ အဝတ်အစားတွေကို သဘောကျ ကပ်ကြည့်လိုက်လုပ်နေ လေသည်။ ဏီကတော့ မျက်ရည်စိုစွတ်သော မျက်ဝန်းများဖြင့် သူ့ကို အသာအယာ ငေးကြည့်နေမိသည်။

အဲ့ဒီ အဝတ်အစားတွေကို ကြည့်နေသော မင်းရဲ့ မျက်ဝန်းတွေဟာ ဏီ... ခုန ဝယ်လာခဲ့သော အဝတ်



www.burmeseclassic.com

အစားများကို ကြည့်သောမျက်ဝန်းများထက် ပိုမိုတောက်ပ အရောင်လက်နေတာကိုတော့ ဖုံးကွယ်လို့ မရချေ။

ဒေါ်မြသားနွယ်ရဲ့ ဏို့အပေါ် ခပ်ကျောကျော ခပ်နှိမ်နှိမ်စကားတွေကို ဘာ့ကြောင့် နာရကောင်းမှန်း မသိတာလဲ... မင်းရယ်ဟု ဏို့ရင်ထဲကသာ ခပ်ဖွဖွ ညည်းညူမိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၃

မင်း... ကြော်ငြာ စရိုက်သောနေ့တွင် ဏီက မင်းနှင့်အတူလိုက်ရန် စတင် တောင်းဆိုလိုက်လေသည်။ မင်းက အလွယ်တကူပင် လက်ခံခဲ့သည်။

"ဏီ ပါတော့... ကိုယ်အားရှိတာပေါ့ကွ။ ကိုယ့်ကို အဆင်ပြေမပြေ ဏီ... ကြည့်ပေးပေါ့။ အချိုး မကျဘူး ဆိုလည်း ချစ်သူချင်းဆိုတော့... အားမနာတမ်း ဝေဖန် ပြောဆိုလို့ရတာပေါ့"

မင်းမျက်လုံးတွေ၊ မင်းစကားတွေကတော့ မင်းရဲ့ ရိုးသားမှုကို အာမခံပေးဆဲ ဖြစ်သည်။ အတ္တမကင်း သော လူပီသစွာ ကိုယ်မမျှော်မှန်းနိုင်သော ဘဝတစ်ခုကို ဖန်ဆင်းပေးနိုင်မည့် အခြေအနေအပေါ်မှာ သာယာလျှက် ရှိတာကို ဏီ အပြစ်မပြောလိုပေ။



www.burmeseclassic.com

www.burmeseclassic.com



"မပြောမှာတော့ မပူနဲ့ မင်း၊ ဏီက... မင်းမှာရှိတဲ့၊ မင်းကိုယ်တိုင်တောင် မသိတဲ့ အားနည်းချက်၊ အားသာချက်တွေကို ဏီက သိပြီးသား"

"အိုကေ... ဒါဆို ဏီက ကိုယ့်မန်နေဂျာလုပ်ပေါ့။ အခုလုပ်နေတဲ့ အလုပ်ကို မလုပ်နဲ့တော့ကွာ၊ မနက်ဖြန် ထွက်ပစ်လိုက်၊ ကိုယ့် မန်နေဂျာကို လခ ကောင်းကောင်းပေးထားပါ့မယ်"

"အံမယ်... မိုဒယ်လ်ကဖြင့် မဖြစ်သေးဘူး ကြီးကြီးကျယ်ကျယ်တွေက လုပ်ချင်လာပြီ။ အလုပ်တော့ မထွက်နိုင်ပေါင်ရှင်... ဒီနေ့တောင် လိုက်ချင်လွန်းလို့ ခွင့်ယူလာရတာ။ အလုပ်ထွက် ပြီးမှ... ဏီ့ရဲ့ အလုပ်ရှင်အသစ်က ကြော်ငြာရိုက်ရတာ နည်းနည်းကျဲလို့ ဒီတစ်လနှစ်လတော့ လခ မယူပါနဲ့တော့တို့၊ လခနည်းနည်း လျှော့ပါဦးတို့ လုပ်လာရင် မြတ်ပန်းဏီတို့ ထမင်းငတ် သွားမှာပေါ့"

"အောင်မယ်... အထင်မသေးနဲ့ကွ၊ တစ်လတည်း အလုပ်တွေကျပ်လွန်းလို့ မန်နေဂျာ လုပ်ရတာ ပင်ပန်းပါတယ်ဆိုပြီး ဏီကတောင် ညည်းယူရမှာ"

"ကြွားလိုက်တာ... "



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ မနက်က ဏီတို့နှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး ကျီစယ်ရင်း ကြည်လင် ရွှင်ပျစွာပင် ဒေါ်မြသားနွယ် ချိန်းဆိုထားသော ကြော်ငြာရိုက်ကွင်းသို့ သွားရန် ပြင်ဆင်နေခဲ့ကြသည်။ မင်း အဆောင်ရှေ့ ခုံတန်းလေးမှာ အတူထိုင်ရင်း မင်းရဲ့ အဝတ်အစားတွေ၊ လိုအပ်သည့် အသုံးအဆောင်တွေကို ဏီက စနစ်တကျဖြစ်အောင် ရွေးချယ်ထည့်ပေးနေရတာမို့ ဏီတို့နှစ်ယောက်တည်းနဲ့ ရှုပ်ယှက်ခတ်နေရသည်။

"ဏီတို့ ကားငှားသွားကြမယ်နော်… မင်း"

"ကားငှားစရာ မလိုဘူးကွ၊ မမ… ကားလွှတ်ပေးလိုက်မယ် ပြောတယ်"

"ဏီကတော့… သူများကား မစီးချင်ဘူး"

"အလုပ်သဘောအရ လွှတ်တဲ့ကားပဲ ဏီရယ်… ။ လုပ်ငန်းရှင်တစ်ယောက်က သူ့ပစ္စည်းကို ကြော်ငြာမယ့် မိုဒယ်လ်တစ်ယောက်ကို သာမန် လုပ်ရိုးလုပ်စဉ်အတိုင်း အဆင်ပြေအောင်လုပ်ပေးတာ ငြင်းလို့ ဘယ်ကောင်းပါ့မလဲ"

"လုပ်ရိုးလုပ်စဉ်ထက်… ပိုမှာပါ"

"ဟော… ကြည့်၊ ဏီ… သဝန်တိုပြန်ပြီကွာ'



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး... မင်း၊ ဏီ အဲလိုစိတ်မျိုးနဲ့ ပြောတာ မဟုတ်ပါဘူး။ မင်းအလုပ်ကို ဏီနားလည်ပါတယ်။ စိတ်အနှောင့်အယှက် မဖြစ်နဲ့နော်။ ဟော... မျက်နှာထားက နည်းနည်း ရှုသိုးသိုး ဖြစ်နေပြီ၊ စိတ်ကို ကြည်ကြည်ထားနော် မင်း။ ဒါမှ... ကြော်ငြာထဲမှာ မင်းမျက်နှာ ကြည်လင် လန်းဆန်းနေမှာ...။ ကဲ... အခု... အစမ်းသဘောမျိုး နည်းနည်းအိုက်တင် ထုတ်ကြည့်ပါလား၊ ရီဟာဇယ်ပေါ့။ စမယ်... ရယ်ဒီ... ဝမ်း... တူး... "

"ဏီစုတ်... ဂျိုကာရုပ်"

ဏီက... မင်းကို နောက်ပြောင်ကျီစယ်ရင်း မင်း စိတ်ကြည်လင်နေအောင် လုပ်ရလေသည်။ ပထမဆုံး လုပ်ရမည့်အလုပ်မှာ ဘယ်လိုအနှောင့်အယှက်မျိုးမှ မရှိစေချင်ပါ။ ဏီသည်... မင်းကို ငှဲညှာသောအားဖြင့်ပင် ဒေါ်မြသားနွယ်ရဲ့ စော်ကားမှုတွေကို သည်းခံနိုင်ဖို့ အင်အားမွေးရလေသည်။

ထိုနေ့ မနက်က ဏီတို့သည် ဒေါ်မြသားနွယ် လွှတ်ပေးသောကားဖြင့်ပင် ရိုက်ကွင်းသို့ ရောက်လာခဲ့သည်။ ကြော်ငြာရိုက်မည့်နေရာမှာ ဆီဒိုးနားဟိုတယ်တွင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဏီတို့နှစ်ယောက် ဆီဒိုးနားဟိုတယ် Lobby ထဲမှာထိုင်ကာ… ဒေါ်မြသားနွယ်အလာကို စောင့်နေရသည်။ ခဏကြာတော့ သူမ ရောက်လာခဲ့ကာ…

"ဟော… မင်းမာန်ခ ရောက်နေပြီပဲ။ ဆောရီးကွာ… တို့ ဒါရိုက်တာနဲ့ စကားသွားပြောနေတာ နည်းနည်းကြာသွားတယ်။ ဩော်… မြတ်ပန်းဏီလည်း ပါလာကိုး"

"ဟုတ်ကဲ့… မမ၊ သူက ကျွန်တော့်အတွက် လိုအပ်တာရှိရင် ကူညီပေးဖို့ လိုက်လာခဲ့တာပါ"

"ဩော်… ဟုတ်လား။ သူက ဘာတွေများ ကူညီပေးနိုင်လို့လဲ"

သူမက ဏီ့ကို မျက်ခုံးပင့်ကြည့်ကာ သရော်ဟန် မျက်ဝန်းများဖြင့် မေးလေသည်။ ဏီသည် အောင့်အည်းသည်းခံဖို့ ဆုံးဖြတ်ထားသည့်ကြားကပင် ဒေါသစိတ်ဝင်လာကာ…

"ကျွန်မက… ဖက်ရှင်ဒီဇိုင်းပညာတွေတော့ မတတ်ပါဘူး ဒေါ်မြသားနွယ်။ ဒါပေမဲ့… ကျွန်မချစ်သူ ကင်မရာရှေ့ ရောက်တဲ့အခါ စိတ်တွေတင်းကျပ်ပြီ… အဆင်မပြေတာတွေဖြစ်ခဲ့ရင် သူ့စိတ်တွေ ပျော့ပျောင်းပြီး ရိုက်ကွင်းထဲမှာ အလွယ်တကူ

www.burmeseclassic.com



ပျော်ဝင်သွားဖို့၊ mood ဝင်အောင် စိတ်ကို ဘယ်လို ထားဖို့ဆိုတာမျိုးတော့ ကျွန်မ ကူညီနိုင်ပါတယ်။ သူ့စိတ်ကို ကျွန်မက အတွင်းကျကျ သိတယ်လေ။ သူ့အကြည့် ဘယ်လိုရှိရင်... သူ့မျက်နှာထားနဲ့ သူ့ဟန်ပန်တွေ ဘယ်လိုဆိုရင် သူ့စိတ်ထဲ ဘာဖြစ်နေတယ်ဆိုတာ ကျွန်မလောက် ဘယ်သူက နားလည်နိုင်မှာလဲ။ အင်း... အနည်းဆုံးတော့... တခြား ဘာမှ ကူညီဖို့ မလိုဘူးဆိုရင်တောင် အဝတ်ခေါက်ဖို့လောက်တော့... အသုံးဝင်မယ် ထင်ပါတယ်"

"မမမြ... အားလုံးအဆင်သင့် ဖြစ်နေပါပြီ... ရိုက်မယ်ဆို ရိုက်လို့ ရပါပြီ"

"သြော်... ဟုတ်ပြီ... ဟုတ်ပြီ။ မင်းတို့ ဆရာကို ပြောထားလိုက်ပါကွယ်၊ အဝတ်လဲရုံပဲလို့ ခဏနေလာခဲ့ပါ့မယ်လို့။ ကဲ... လာ... မင်းမာန်ခ၊ မင်း အဝတ်လဲဖို့ အခန်းတစ်ခန်း ယူပေးထားတယ်။ မင်းဝတ်ရမယ့် အဝတ်အစားတွေ... တို့ အဆင်သင့် ရွေးထားတယ်"

ဒါရိုက်တာရဲ့ တပည့်ကလေးကြောင့်သာ ဏီတို့ရဲ့ စကားနိုင်လုပွဲ မဖြစ်မြောက်ခဲ့ခြင်း ဖြစ်သည်။ သူမကတော့... ဏီကို မခံချိ မခံသာဖြစ်အောင် ပြော



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါမှာဖြစ်စေ၊ ဏီက ခပ်စွာစွာ ပြန်ပြောသည့် အခါမှာဖြစ်စေ မျက်နှာတစ်ချက်မပျက်ဘဲ သွေးအေးနိုင်သူ ဖြစ်သည်။ ဏီကတော့... သူမကို မြင်တိုင်း ရင်ထဲမှာ ပွက်ပွက်ထနေရသည်။

အဝတ် လဲရမည့် အခန်းရောက်သောအခါ သူမရဲ့ ပိုင်စိုးပိုင်နင်း လုပ်လိုမှုများကို မြင်ရပြန်သည်။

"ဒီအရောင်တွေက monotones တွေလေ။ အမည်း၊ အဖြူနဲ့ မီးခိုးရောင်တွေကို monotones တွေလို့ ခေါ်တယ်။ ဒီအရောင် ဘောင်းဘီတွေနဲ့ စိမ်းပြာရောင် တီရှပ်ကလေး တွဲဝတ်လိုက်ရင် အမေရိကန် တောင်ပိုင်း စတိုင်လ်မျိုး ဖြစ်သွားမယ်။ အဲ့ဒီမှာ အများဆုံး တွဲဝတ်တတ်တဲ့ စတိုင်လ်ပေါ့။ သူတို့ဆီမှာ စိမ်းပြာရောင်ကို Turquoise လို့ ခေါ်တယ်။ ဒီ အရောင်ရဲ့ သဘာဝကိုက ခပ်မြူးမြူးလေး ရှိတယ် ကွ။ ကဲ... မင်း ဝတ်ကြည့်လိုက်ပါ။ ကြော်ငြာ ကြည့် မယ့်သူတွေ သဘောမကျခင် မင်း... သဘောကျဖို့ လိုတယ်"

"မမက... အရောင်တွေအကြောင်း တော်တော် သိ တာပဲ"

"တို့... ဟိုမှာ ဒီပလိုမာသင်တန်းတစ်ခု တက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တုန်းက သင်ခဲ့ရတာတွေလေ။ တို့ သိသလို မင်း မာန်ခလည်းသိအောင် ကြိုးစားရမယ်။ မိုဒယ်လ် တစ်ယောက် သိထားသင့်တာတွေက အများ သားပဲ ကွ။ နောက်တော့ တို့... တဖြည်းဖြည်း ပြောပြ ပါ့မယ်"

သူမက ... ဇော်ကို ဘေးလူအဖြစ်သာ သဘော ထားပြီး အရာသွင်းပြောဆိုခြင်း မရှိချေ။ သူမ ဝိုင်းပယ် ထားပုံက ဖြောင်ကျလွန်းသည်။ မင်းက အခန်းရဲ့ နောက် ဘက်ဆီမှာ လိုက်ကာစကို ဆွဲကာ အဝတ်လဲနေဆဲ... သူမက ဇော်ရှေ့ ဆိုဖာပေါ်မှာ ခြေချိတ်ထိုင်ရင်း သူမ hand phone ကိုနှိပ်ကာ ဖုန်းပြောနေသည်။ မင်း ထွက်လာသောအခါ သူမက မင်းကို မျက်ခုံးပင့်ကြည့်ရင် မျက်ဝန်းတွေထဲ အရောင်လက်ဖြာကာ...

"အိုး... ဂေါ့ဒ်၊ အိုကေပဲကွာ၊ မင်းနဲ့... fit ပဲ။ အရမ်းကြည့်ကောင်းတယ်။ တို့ လူရွေးတာ မှန် သွားပြီ။ မင်းဝတ်သလို လူတော်တော်များများ လိုက်ဝတ်ချင်လာမှာ သေချာတယ်"

မင်းက အမှန်တကယ်ပင် ကြည့်လို့ကောင်းလှ လေသည်။ ဒီလို အဝတ်အစားတွေ မဝတ်နိုင်ခင်ကပင် ပေါ်လွင်ထင်ရှားနေတဲ့ မင်းသည် ခုလို... ဝတ်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ သူမတူအောင် ထင်ရှားစမတ်ကျသွားသည်။ မင်းရဲ့ ဆံပင်ရှေ့စတချို့ မျက်နှာပေါ် စင်းကျနေပုံက မင်းဝတ်ထားသော အဝတ်အစားတွေနှင့်မို့ ပိုကြည့်ကောင်းသည်ဟု ထင်ရသည်။ ဘောင်းဘီအဖြူပွပွလေးနှင့် စိမ်းပြာရောင် တီရှပ်က မင်းရဲ့ ကိုယ်ပေါ်မှာ အပိုအလိုမရှိ အဆင်ပြေသည်။

သူမက... လက်ပိုက်ရပ်လျှက် မင်းအား ကုန်ပစ္စည်းတစ်ခုကို ကြည့်သလိုမျိုး ကြည့်နေသည်။ မင်းရဲ့ အနည်းငယ် ထူသယောင်ရှိသော နှုတ်ခမ်းအစုံမှာ အနည်းငယ် ရက်စွဲ့ဟန်ဖြင့် ပြုံးရိပ်ထင်နေပါသည်။ အဲ့ဒီလို ဆွဲဆောင်မှုရှိလှတဲ့ ဟန်ကို ဒေါ်မြသားနွယ်က ကျေနပ်မဆုံးဟန်ဖြင့် ကြည့်ရင်း...

"အင်္ကျီ လက်အဖျားက သိပ်မညီဘူး မင်းမာန်ခ...
ခဏလေး၊ တို့ ပြင်ပေးမယ်"

သူမက မင်းအင်္ကျီကို ကိုယ်တိုင်ကိုယ်ကျ ပြင်ပေးဖို့ မင်းရှိရာသို့ ရှေ့တစ်လှမ်းတိုးသောအခါ ဏီက သူမအရင် မင်းထံ လျှောက်သွားလိုက်ရင်း...

"ရပါတယ်... ဒေါ်မြသားနွယ်။ လုပ်ငန်းရှင် သူဌေးက ဒီလောက်အသေးစိတ် ဂရုစိုက်ပြင်ဆင် ပေးနေရတာ ကျွန်မ... အားနာပါတယ်။ ကျွန်မပဲ ပြင်ပေးလိုက်ပါ့မယ်။ မင်း... အင်္ကျီလက်က နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



လိမ်နေတာ၊ လက်ဆန့်ထားလိုက်။ ဏီ... ညီအောင် ပြန်ပြင်ပေးမယ်"

"အိုကေလေ... မြတ်ပန်းဏီ ပြင်ပေးနိုင်ရင် ပြီးတာပါပဲ။ ဒါဆို... တို့ ရိုက်ကွင်းပေါ်မှာပဲ စောင့်နေလိုက်မယ်။ အားလုံးအဆင်သင့်ဖြစ်ပြီဆိုရင် လိုက်လာခဲ့ကြပါ"

"ဟုတ်ကဲ့ပါ... မမ၊ ပြီးနေပါပြီ... ခုပဲ လာခဲ့ပါ့မယ်"

သူမ အခန်းထဲမှ ထွက်သွားသောအခါ မင်းက သက်ပြင်းချရင်း...

"ဏီနဲ့... မမနဲ့ တွေ့တိုင်း ကိုယ့်မှာ အမြဲ ရင်မနေရတယ် ဏီရာ...။ မမကို သိပ်တင်းတင်းမာမာ အတိုက်အခံ မလုပ်ပါနဲ့။ ကိုယ်ကြားထဲက အနေခက်ပြီး စိတ်ရှုပ်ရတယ်။ သူက လောလောဆယ်မှာ ကိုယ့်အတွက် အဆင်ပြေအောင် လုပ်ပေးနေတာပဲ မဟုတ်လား"

"မင်းအတွက် အဆင်ပြေအောင် လုပ်ပေးမှန်းတော့ ဏီ သိပါတယ်။ ဒါပေမဲ့... ဏီ့ကို သူဘာလို့ မလိုတမာ ချိုးချိုးနှိမ်နှိမ် ဆက်ဆံချင်ရတာလဲ"

"သူက သူ့ဌေးမဆိုတော့ကွာ အပေါ်စီးက တင်တင်စီးစီး ပြောတတ်တာ အကျင့်ပါနေလို့ ဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူ… တင်တင်စီးစီး ပြောတတ်တာ လူတိုင်းကို မဟုတ်ပါဘူး… မင်းရယ်။ ဏီ့ကိုမှပါ၊ မင်းကို ကျတော့… အောက်ကျို့ ချိုသာတဲ့ဘက်တောင် နည်းနည်းရောက်ချင်သေးတယ်"

"ကိုယ်လည်း မသိတော့ဘူးကွာ… စိတ်ညစ်တာပဲ သိတယ်"

ဏီက… မင်းမျက်နှာညိုတော့ ပျာပျာသလဲ ဖြစ်သွားကာ…

"စိတ်တော့… မညစ်ပါနဲ့ မင်းရယ်။ ရိုက်ကွင်းမှာ အဆင်မပြေဘဲ နေပါဦးမယ်၊ မင်း ပြောတာကို ဏီ နားထောင်ပါ့မယ်၊ နောက်ဆို… သူ ဘာ ပြောပြော ဏီ… ဘာမှ ပြန်မပြောဘူး သိလား၊ ကဲ… လာ… အပြင်ထွက်ရအောင်… "

ဏီသည် မင်းကြောင့်ပင် ဏီ မုန်းလှသော ထိုမိန်းမကို မင်းရှေ့မှာ အတိုက်အခံ မလုပ်မိဖို့ ကြိုးစား ရသည်မှာ အလွန်ပင်ပန်းလေသည်။

ရိုက်ကွင်းပေါ်တွင် သူမက မင်းနှင့် အနီးဆုံး နေရာမှာ ရှိနေခဲ့သည်။ မင်းရဲ့ အမူအယာများကိုလည်း သူက ညွှန်ကြားသည်။ သူမက ရိုက်ကွင်းတစ်ခုလုံးပေါ် အထူးသဖြင့်… မင်းအပေါ် သြဇာလွှမ်းမိုးဖို့ ကြိုးစားရင်း



www.burmeseclassic.com

www.burmeseclassic.com



ဏို့ကိုတော့ အဖက်မတန်သလိုသာ ဆက်ဆံသည်မှာ ဏီ နာကျင်ခံခက်လှပါသည်။ ဏီကတော့... သူမကို ဘာမှ အတိုက်အခံ မလုပ်တော့ဘဲ မင်းကိုသာ ဂရုတစိုက် ကူညီ ပေးနေလိုက်သည်။

ရိုက်ကွင်း ခဏနား၍ မင်းက ဒါရိုက်တာနှင့် စကားပြောနေချိန်တွင် သူမကို မတွေ့ရတော့ချေ။ ခဏ ကြာတော့ ကောင်လေးတစ်ယောက်က ဏို့အနားရောက် လာကာ...

"အစ်မက မြတ်ပန်းဏီ ဆိုတာလား... "

"ဟုတ်ပါတယ်... "

"မမမြသားနွယ် ခေါ်ခိုင်းလိုက်လို့ပါ။ ဆွေးနွေးစရာ ရှိလို့ပါတဲ့၊ ဟိုဘက်က အခန်းထဲမှာ စောင့်နေပါ တယ်... ခင်ဗျာ"

ဏီက သူမရဲ့ ကမ်းလှမ်းမှုအတွက် ခဏလေး ငြိမ်သက် တွေဆနေမိပြီးမှ ရုတ်တရက် ဆုံးဖြတ်ချက်ချကာ နှုတ်ခမ်း တင်းတင်းစေ့လျှက် ထိုင်ရာမှ ထလိုက်သည်။ ဏီ သူမ ရှိရာသို့ သွက်လက်ခိုင်မာသော ခြေလှမ်းများဖြင့် မတွန့်မဆုတ် လှမ်းလာခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မနဲ့ ဆွေးနွေးစရာ ဘာအကြောင်းကိစ္စ ရှိပါ သလဲ ဒေါ်မြသားနွယ်… "

"ထိုင်ပါ… မြတ်ပန်းဏီ အေးအေးဆေးဆေးပေါ့။ ဆွေးနွေးတယ်ဆိုတာ အချိန်တော့ နည်းနည်းပေးရမယ်လေ။ ယူ… တစ်ခွန်း မေးလိုက်တာကို တို့က တစ်ခွန်းတည်း ပြန်ဖြေလိုက်ရုံနဲ့ ပြီးမယ့်ကိစ္စမျိုးမှ မဟုတ်တာ… "

ဏီ… သူမ ရှေ့ထိုင်ခုံမှာ ဝင်ထိုင်လိုက်ရပါသည်။ အဲ့ဒီနောက်… သူမ စတင်ဆွေးနွေးလာသော အကြောင်းအရာမှာ… ဏီ မျှော်လင့်မထားသော အကြောင်းအရာသစ်တစ်ခု ဖြစ်သည်။ ထိုအကြောင်းအရာက မင်းနှင့် ပင် သက်ဆိုင်ပါသည်။

မုညသင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"တို့ စေတနာနဲ့ ဆွေးနွေးချင်တဲ့ကိစ္စကို ယူ... သွေးအေးအေးနဲ့ နားထောင်ပြီး ချင့်ချိန်ဆုံးဖြတ်ဖို့ လိုတယ်မြတ်ပန်းဏီ။ ယူ... အခု ရိုက်ကွင်းကို မင်းမာန်ခနဲ့ အတူ လိုက်လာတဲ့ကိစ္စဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းမာန်ခရဲ့ အောင်မြင်မှုနဲ့ ဂုဏ်သိက္ခာအတွက် အနှောင့်အယှက်တစ်ခု ဖြစ်လာနိုင်တယ်"

"ကျွန်မ ချစ်သူနဲ့ ကျွန်မ နယ်မှာနေကြကတည်းက အမြဲအတူတူ ရှိနေခဲ့ကြတယ်။ ဒေါ်မြသားနွယ်နဲ့ မတွေ့ခင်ကလည်း ဒီလိုပဲ တစ်တွဲတွဲ နေခဲ့တယ်။ အခု... သူ ကြော်ငြာရိုက်တော့... ကျွန်မ အတူလိုက်လာပြီး အားပေးကူညီတယ်၊ ကျွန်မ ချစ်သူနဲ့ ကျွန်မ အတူရှိနေတဲ့ကိစ္စဟာ အင်မတန် ရိုးစင်းပါတယ် ဒေါ်မြသားနွယ်။ ဒီလို ရိုးစင်းတဲ့ကိစ္စတစ်ခုဟာ သူ့အတွက် အနှောင့်အယှက်ဖြစ်နိုင်တယ်လို့ ကျွန်မဖြင့် မထင်မိပါဘူး"

"အရင်က... ယူတို့အတူ ရှိခဲ့တုန်းက မင်းမာန်ခက သာမန်အရပ်သား တစ်ယောက်ပဲလေ။ အခု... သူက နာမည်ကျော်ကြားဖို့ အရှိန်ယူနေတဲ့... မိုဒယ်လ် တစ်ယောက် ဖြစ်နေပြီ။ အရင်က ယူတို့တွဲတာကို ဘယ်သူကမှ စောင့်ကြည့်ပြီး ပြောနေမှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့်၊ ခုချိန်မှာ ယူ့ကြောင့် ကောလာဟလတွေ အများကြီးထွက်လာနိုင်တယ်ဆိုတာ ယူ နည်းနည်းလေးမှ မစဉ်းစားမိဖူးလား"

"ကျွန်မ… မစဉ်းစားမိလို့… ရှင်ပဲ ပြောပါ ဒေါ်မြသားနွယ်… "

"ကောင်းပြီ… ပြောဆိုတော့လည်း ပြောရတာပေါ့ကွာ။ ပထမဆုံး… တို့မြင်တာကို ပြောမယ်။ ခုန မင်းမာန်ခ ကြော်ငြာရိုက်နေတုန်းက ယူက ရိုက်ကွင်းနားမှာ မင်းမာန်ခရဲ့ သက်ဆိုင်သူအဖြစ် ပေါ်ပေါ်ထင်ထင် ရှိနေခဲ့တယ်။ ယူက… သူ့အဝတ်အစားတွေကို သပ်ရပ်အောင် ရှင်းရှင်းနှီးနှီး နီးနီးကပ်ကပ် အနေအထားနဲ့ ပြင်ပေးတယ်။ မင်းမာန်ခ မျက်နှာသုတ်ဖို့ စနီးတာဝါတွေ၊ တစ်ရှူးတွေ စောင့်ပေးနေသေးတယ်။ သူ ရေဆာရင် ရေသန့်ဘူး ဖောက်တိုက်တယ်။ ယူ… ဒီလောက်ပြုစုနေတာကို မြင်တဲ့သူတွေက ယူဟာ… မင်းမာန်ခရဲ့ ဇနီး၊ မင်းမာန်ခဟာ အိမ်ထောင်ရှိတဲ့သူလို့ ထင်မသွားနိုင်ဘူးလား… "

"အဲဒီလို ထင်သွားရင် ကျွန်မချစ်သူမှာ ဘာထိခိုက်မှု ရှိနိုင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပေါ့၊ ရှိတာမှ အများကြီး… အများကြီးပဲ။ ရိုက်ကွင်းနားမှာ ဂျာနယ်လစ်ဇ်တချို့ ရှိနေတာ… ယူ သတိပြုမိရဲ့လား။ အဲဒီ… ဂျာနယ်လစ်ဇ်တွေက တစ်ဆင့်ပဲဖြစ်ဖြစ်… ရိုက်ကွင်းကို လာကြည့်တဲ့ လူတွေက တစ်ဆင့်ပဲဖြစ်ဖြစ်… ဒီကောလာဟလ ပြန့်နှံ့သွားရင်… မင်းမာန်ခကို ပရိသတ် စိတ်ဝင်စားမှု လျော့သွားလိမ့်မယ်"

"အိမ်ထောင်ရှိတဲ့ မိုဒယ်လ်ဆို… အောင်မြင်မှု မရနိုင်ဘူးလို့ ဒေါ်မြသားနွယ် ဆိုလိုတာလား… "

"တို့နိုင်ငံမှာ အောင်မြင်တဲ့ မိုဒယ်လ်တော်တော်များများက… အိမ်ထောင်မရှိကြဘူးလေ၊ ယူ… သူ့ကို အောင်မြင်စေချင်ရင် ကောလာဟလတွေ မထွက်အောင် ဆင်ခြင်ရမယ်"

"အဲ့ဒီတော့… ကျွန်မ ဘာလုပ်ပေးရမလဲ။ ရှင်က ဘယ်လို ဖြစ်စေချင်တာလဲ… "

"ယူ… မင်းမာန်ခ ရိုက်ကွင်းကို တတန်းတန်း လိုက်မလာစေချင်ဘူး"

"သြော်… လိုရင်းက ဒါပဲကိုး… "

ဇာီသည် နောက်ဆုံးတော့ သူမ… ဇာ့ီကို မင်း နံဘေးမှ ပထုတ်ချင်သည့် ရည်ရွယ်ချက်ကို သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားရပါသည်။ ဏီက... ခပ်သဲ့သဲ့ပြုံးကာ သူမ မျက်လုံးတွေထဲ စိုက်ကြည့်မိတော့... သူမက မသိမသာ လွှဲဖယ်ကာ...

"တို့က... တို့တင်ပေးလိုက်တဲ့ မိုဒယ်လ်တစ်ယောက် အတွက် စေတနာနဲ့ ပြောတာပါ မြတ်ပန်းဏီ... "

"ရှင်းမပြပါနဲ့ ဒေါ်မြသားနွယ်... မိန်းမချင်းပဲ... ကျွန်မ သဘောပေါက်ပါတယ်... "

ဏီက ထိုင်ရာမှ ထရပ်လိုက်ရင်း... သူမကို ငုံ့မိုးကြည့်မိကာ...

"ကျွန်မ... မနက်ဖြန်က စပြီး မင်းရဲ့ ရိုက်ကွင်းတွေကို မလိုက်တော့ဘူးဆိုရင် ရှင်... ကျေနပ်နိုင်ပြီလား"

"တို့ ကျေနပ်ဖို့က အဓိကမကျပါဘူး မြတ်ပန်းဏီ၊ ယူ့ချစ်သူရဲ့ ကောင်းကျိုးကိုသာ ယူ... ကြည့်ရမှာပါ"

"သူ့ရဲ့... ကောင်းကျိုးချမ်းသာဟာ ကျွန်မရဲ့ စိတ်ဆန္ဒထက် ပိုပြီးအရေးကြီးပါတယ် ဒေါ်မြသားနွယ်။ ကျွန်မ... သူ့နောက်ကို မလိုက်တော့ဘူးဆိုတာ သူ့ကို စိတ်အနှောင့်အယှက် မဖြစ်စေချင်လို့ပါဘဲ။ သူ့ရှေ့မှာ ရှင်နဲ့ကျွန်မ စကားစစ်ထိုးနေရင် သူ စိတ်ရှုပ်ရမှာပဲ။ စိတ်တွေ ရှုပ်ထွေးညစ်နွမ်းနေတဲ့ မိုဒယ်လ် တစ်ယောက်ရဲ့ ရုပ်ဟာလည်း ကြည်လင်အသက်ဝင်



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ပါဘူး။ သူ့ဘေးနားမှာ ရှင်နဲ့ ကျွန်မ နှစ်ယောက်စလုံး ရှိနေလို့ မဖြစ်ဘူး။ ရှင် မရှိဖို့ဆိုတာ မဖြစ်နိုင်သေးတဲ့အတွက် ကျွန်မကပဲ ရှောင်ပေးလိုက် ပါ့မယ်၊ ယာယီပဲ ဆိုပါတော့…"

"ကျွန်မ… ရှင့်ဆွေးနွေး အကြံပေးမှုကို လက်ခံလိုက် ရတဲ့ အချက်သုံးချက်ရှိတယ် ဒေါ်မြသားနွယ်… ။ နံပါတ်တစ်က… သူ့ကို စိတ်မရှုပ် အနေမခက်စေ ချင်လို့၊ နံပါတ်နှစ်က… ကျွန်မ နားမလည် မသိ မမိတဲ့ လောကမှာ ရှင်ပြောသလို ကောလာဟလ ကြောင့် မင်း မအောင်မြင်မှာစိုးလို့၊ နောက်ဆုံး အချက်ကတော့… "

ဏီက… သူမ ရှေ့မှ ထွက်ခွာရန် ခြေလှမ်းပြင် ပြီးမှ နောက်သို့ လှည့်ကြည့်မိကာ…

"နောက်ဆုံးအချက်ကတော့… ရှင့်မျက်နှာကို မကြည့် ချင်လို့"

နီရဲ ပေါက်ကွဲတော့မည့် မျက်နှာတစ်ခုကို တွေ့ရသည်မှာ အရသာရှိလှပေစွ။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [ ၂ ]

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

အလွန်ကံကောင်းစွာပင်… မင်း သရုပ်ဆောင်ခဲ့သော ကြော်ငြာက ပေါက်သွားလေသည်။ ကြော်ငြာကလည်း လွှင့်အားကောင်းတာမို့ မင်းကို တဖြည်းဖြည်းလူသိများလာခဲ့သည်။ မိုဒယ်လ်မင်းမာန်ခသည် ဆယ်ကျော်သက်များရဲ့ပါးစပ်ဖျားမှာ ရေပန်းစားလာခဲ့သည်။ မင်းသည် ကြော်ငြာများ ဆက်တိုက်ရိုက်ကူးနေရတာမို့ ဏီ့ကိုတောင် မကြာခဏ လာမတွေ့နိုင်တော့ပေ။

ဏီသည် မင်းရဲ့ အောင်မြင်မှု ပီတိအဟုန်ကို မျှဝေစားသုံးရင်း ဏီ့ရင်ထဲမှ နာကျင်မှုတွေကို အတတ်နိုင်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖုံးဖိ မျိုသိပ်ထားရလေသည်။ မင်းက သူ့ ရိုက်ကွင်းများသို့ ဏီ့ကို လိုက်ခဲ့ရန် လှိုက်လှိုက်လှဲလှဲ ခေါ်ခဲ့ပါသည်။

"လိုက်ခဲ့ပါ ဏီရာ၊ ဏီပါတော့... ကိုယ်အားရှိတယ်ကွ၊ မန်နေဂျာရာထူးထက် ကြီးတဲ့ ရာထူးမျိုး ပေးပါ့မယ်ကွာ"

"အံမယ်... ဆိုပါဦး ဘာရာထူးများပါလိမ့်"

"အထိန်းတော်၊ အချီတော်၊ အချော့တော်"

"ဟမ်း... ကြီးကျယ်လိုက်တာ... သူ့ကိုယ်သူ ဘုရင်များ အောက်မေ့နေသလား မသိပါဘူး။ ဘာရာထူး ရရ ဏီရဲ့ Cashier ရာထူးနဲ့ မလဲနိုင်ပေါင်ရှင်။ ကိုယ့်အလုပ်ပဲ ကိုယ် အေးအေးဆေးဆေး လုပ်ပါရစေ။ တော်ကြာ ရိုက်ကွင်းလိုက်ခဲ့ရင် မင်းရဲ့ ဆယ်ကျော်သက် ပရိသတ်လေးတွေက... ဏီ့ကို ဒီအဘွားကြီး ဘာလိုက်ရှုပ်နေတာလဲဆိုပြီး ဝိုင်းရိုက်နေမှဖြင့်... "

"အဲ့ဒီတော့လည်း ကိုယ်က... ဏီ့ ပခုံးကိုဖက်ပြီး... ဒါ... ကျွန်တော့်ချစ်သူပါဗျာလို့... မဏ္ဍပ်တိုင် တက်ပြလိုက်မှာပေါ့ကွ"

အဲ့ဒီလို မဏ္ဍပ်တိုင်တက်ပြရင် ပထမဆုံး မျက်မာန်ရှမယ့်သူက ဒေါ်မြသားနွယ်ပဲဆိုတာ မင်း မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



လားဟင်…။ ဏီက… ရင်ထဲ လေးပင်လျက်ကပင် တိတ်တဆိတ်ညည်းတွားရင်း အပြင်ပန်းကတော့ ပေါ့ပေါ့ ပါးပါးဟန်ဖြင့် ငြင်းဆန်နေခဲ့ရတာ ဖြစ်သည်။ ဏီနဲ့ ဒေါ်မြသားနွယ်ရဲ့ ပဋိပက္ခတွေနဲ့ မင်းကို စိတ်အနှောင့် အယှက် မပေးချင်ပါဘူး မင်းရယ်…။

အို… ဘယ်လို အခြေအနေတွေပဲရှိရှိ… မင်း ကတော့ ဏီ့အပေါ် သစ္စာရှိရှိ ချစ်နေဆဲပဲ မဟုတ်လား။ မပြောင်းလဲဘူး မဟုတ်လား။ မင်းမျက်နှာပေါ်မှာ ရိုးသား သည့် အရိပ်အယောင်တွေ ရှိနေသေးသည်ဟု ဏီ ယူဆ သည်။ မင်းဟာ… ငွေနှင့် အောင်မြင်မှုကို ဂုဏ်သိက္ခာဖြင့် လဲလှယ်ယူမည့် ယောကျ်ားတစ်ယောက်တော့… မဟုတ် တန်ရာပါ။

ဏီ့စိတ်သည် မင်းကို ယုံကြည်စိတ်ချလျက် ရှိသော်လည်း ဒေါ်မြသားနွယ်ကိုတော့… မယုံပေ။ ဒေါ်မြသားနွယ်ကို မယုံကြည်ခြင်းကပင် မင်းအပေါ်ထားရှိ သည့် ယုံကြည်ခြင်းကိုပါ အဖျားခတ် ယိုင်နဲ့စေသည်။ ဏီသည် အလုပ်အားရက်များတွင် မင်းရှိရာ ရိုက်ကွင်းများ သို့ တိတ်တဆိတ် လိုက်ကြည့်ခဲ့မိလေသည်။

ဏီ… လိုက်ကြည့်မိသည့် ရိုက်ကွင်းတိုင်း ဒေါ်မြသားနွယ် မပါသည်ရယ်လို့ မရှိပေ။ ဏီ့ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ပထုတ်လိုက်ပြီး သူကျတော့ တကောက်ကောက်လိုက်နေခဲ့သည်။ ဘယ်လောက် ကောက်ကျစ်လိုက်ပါသနည်း။ ဏှီထက် အသက်များစွာကြီးသော၊ အတွေ့အကြုံ ရင့်ကျက်ကာ လည်လည်ဝယ်ဝယ်ရှိလှသော မိန်းမတစ်ယောက်ရဲ့ မာယာကို ဏှီ... လက်ဖျား ခါယူရလေသည်။

တစ်ကြိမ်တွင် ဏှီက သူတို့ကြော်ငြာရိုက်နေသည့် FMI Center ရှေ့နားသို့ ရောက်လာခဲ့သည်။ ဏှီက ခပ်ကွယ်ကွယ်နေရာမှ လူအုပ်ထဲ ရောနှောကာ ကြည့်နေဆဲတွင် ဒေါ်မြသားနွယ်ရဲ့ ကားကြီး လျှောခနဲရပ်လာကာ ကားပေါ်မှ မင်းနှင့် ဒေါ်မြသားနွယ် အတူတကွ ဆင်းလာခဲ့ကြသည်။ ဏှီသည် ထိုမြင်ကွင်းကို မြင်သောအခါ သွေးပွက်ပွက်ဆူသွားခဲ့သည်။ အမှန်တကယ်တော့ မင်းရိုက်နေတဲ့ကြော်ငြာဟာ ဒေါ်မြသားနွယ်နဲ့ ဘာဆိုင်လို့လဲ။ တခြားကုမ္ပဏီတစ်ခုအတွက် ကြော်ငြာရိုက်သည့် ရိုက်ကွင်းသို့ ဒေါ်မြသားနွယ်လိုက်ဖို့ မလိုအပ်ပါ။

ဏှီသည် သူတို့အတူရှိနေသော ထိုနေရာ နားမှာ ကြာကြာမနေနိုင်တော့တာမို့ ခပ်မြန်မြန်လှည့် ထွက်လာခဲ့ရသည်။ ဏှီ့ရင်ထဲမှာ မျိုသိပ်ထားရသော အကျိတ်အခဲက တစ်စတစ်စ ကြီးထွားလာနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်း... ဏီ့ကို လာတွေ့သောအခါ ဏီ... မအောင့်အည်းနိုင်တော့ဘဲ...

"မင်းကို တစ်ခုမေးမယ်... မင်း မှန်မှန်ဖြေပါ"

"မေးစေဗျား။ ကျွန်တော်မျိုး အမှန်အတိုင်း ဖြေပါ့မယ်..."

အောင်မြင်မှုဖြင့် ဝံ့စားမြူးပျနေသော မင်းက ဏီ့ရဲ့ ဆံပင်တွေကို လှမ်းဖွ ကျီစယ်ရင် ပြန်ပြောလေသည်။

"မင်းရဲ့ ကြော်ငြာရိုက်ကွင်းတိုင်းမှာ ဒေါ်မြသားနွယ် ရှိနေသလား"

မင်းက ခဏငြိမ်သွားပြီးမှ...

"အင်း... အားလုံးလိုလိုပါပဲ သူ... လိုက်လိုက်လာတတ်တယ်"

"ဘာအတွက်လဲ။ မင်း ခုနောက်ပိုင်း မင်းရိုက်တဲ့ ကြော်ငြာတွေက သူနဲ့ ပတ်သက်လို့လား... "

"ပတ်သက်သင့်သလောက်တော့... ပတ်သက်တယ် ဏီ... "

"သူ့အဆက်အသွယ်နဲ့ ရထားတဲ့ကြော်ငြာတွေလည်း ရှိတယ်။ သူ့ရဲ့ advertising ကုမ္ပဏီကို ကြော်ငြာကိစ္စတွေ ဆောင်ရွက်ပေးဖို့ တချို့လုပ်ငန်းရှင်တွေက



www.burmeseclassic.com

www.burmeseclassic.com



အပ်တယ်။ တချို့က ဘယ်မင်းသား၊ ဘယ်မင်းသမီး၊ ဘယ်မိုဒယ်လ်နဲ့ ရိုက်မယ်ဆိုတာ သူတို့ဘာသာ ရွေးပြီးသား။ တချို့ကျတော့... သူတို့ကြော်ငြာမယ့် ပစ္စည်း၊ ရိုက်မယ့် program နဲ့ လိုက်ဖက်ရင် ပြီးရော... ဘယ်သူဖြစ်ဖြစ်ဆိုတာမျိုး ကုမ္ပဏီကို လုပ်ပိုင်ခွင့် လွှဲထားတာဆိုတော့... မမက မိုဒယ်လ် ရွေးချယ်ခွင့်ရှိတယ်။ ဒါရိုက်တာနဲ့ ညှိပြီး ကိုယ်နဲ့လည်း အဆင်ပြေမယ့် ကြော်ငြာမျိုးရိုက်ဖို့ စီစဉ်ပေးလို့ရတယ်။ အဲဒီလို ရိုက်ကွင်းမျိုးဆို သူ့မှာလည်း တာဝန်ရှိတော့ သူ လိုက်လာတတ်တယ်"

"သူ့မှာ တာဝန်မရှိတဲ့ ရိုက်ကွင်းမျိုးဆိုလည်း လိုက်တာပဲ မဟုတ်လား"

"ကိုယ်သွားဖို့ လာဖို့ အဆင်မပြေလို့ သူ့ကားနဲ့ ကူညီပေးတာတွေလည်း ရှိတာပေါ့ ဇာရာ။ ပြီးတော့... သူက သီချင်း VCD ခွေတွေ ထုတ်လုပ်ဖို့ စီစဉ်နေတယ်။ သူ ထုတ်မယ့် VCD ခွေမှာ ကိုယ့်ကို သရုပ်ဆောင်ပေးဖို့ ကမ်းလှမ်းထားတာလည်း ရှိတော့ ကိုယ် ဘယ်လောက်လုပ်နိုင်သလဲဆိုတာ လိုက်ကြည့် အကဲခတ်တာတွေလည်း ဖြစ်ချင်ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို... မင်းလုပ်သမျှ အလုပ်တိုင်းဟာ သူနဲ့ ကင်းတယ်ရယ်လို့ မရှိဘူးပေါ့"

"ဏီကလည်းကွာ။ ဏီ အဲလိုတွေ လျှောက်ပြောရင် ကိုယ်ဘာတွေ ပြန်ပြောရမှန်း မသိဘူး။ စိတ်ရှုပ်တာပဲ သိတယ်"

မင်းမျက်နှာ ညိုလာသောအခါ ဏီသည် ရင်ဝထိ ပျို့အန်လာသော စကားလုံးတွေကို ပြန်မျိုချထားလိုက်ရလေသည်။ ဏီ ပြောချင်တာတွေကတော့... ရင်ဘတ်နှင့်အပြည့်ဖြစ်သည်။ အင်မတန် ချမ်းသာတဲ့ လုပ်ငန်းရှင် မိန်းမတစ်ယောက်က အခြေအနေမဲ့ အဆောင်မှာ နေရတဲ့ တက်သစ်စ မိုဒယ်လ်တစ်ယောက်နောက်ကို တကောက်ကောက်လိုက်နေတာ သဘာဝကျရဲ့လား၊ ရိုးသားရဲ့လား မင်း။ အဲ့ဒီ မိုဒယ်လ်ရဲ့ ချစ်သူကို ရိုက်ကွင်းလိုက်မလာဖို့ ဖြောင်ပြောလွှတ်ရဲတဲ့ အဲ့ဒီမိန်းမရဲ့ သတ္တိကိုရော မင်း သိရဲ့လား... ။

ဏီသည် ပြောချင်တာတွေ ရှိသော်လည်း တိတ်ဆိတ်နေရလေသည်။

မင်းသည် တဖြည်းဖြည်း ကျော်ကြားလာကကို ထိုးဖောက်အောင်မြင်လာတာ VCDတွေမှာပါ သရုပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ခွင့် ရလာသည်။ ဏီ ပတ်ဝန်းကျင်မှာတော့ မိုဒယ်လ် မင်းမာန်ခဟာ ဏီ့ချစ်သူဆိုတာကို အားလုံးသိနေခဲ့သည်။ ဏီကတော့... သူ့ပတ်ဝန်းကျင်သစ်မှာ မဏ္ဍပ်တိုင် တက်ပြဖို့ စိတ်မကူးခဲ့ပါ။ ဏီ့ဘာသာ... နောက်ကွယ်ကပင် အေးချမ်း တိတ်ဆိတ်စွာနေရင်း သူ့ရဲ့ အောင်မြင်သောဘဝကို မုဒိတာပွားနေချင်သည်။

တကယ်တမ်း မဏ္ဍပ်တိုင် တက်ပြချင်သူက ဒေါ်မြသားနွယ်ဖြစ်တာမို့... မင်းနဲ့ ဒေါ်မြသားနွယ်တို့ရဲ့ ကောလာဟလတွေ ထွက်စပြုလာသည်။ မဂ္ဂဇင်းတွေ ဂျာနယ်တွေထဲမှာ သူတို့နှစ်ယောက်ကိုတွဲလျက် မကြာ ခဏ တွေ့လာရသည်။ ဧည့်ခံပွဲ အတူတက်ကြသော သတင်းများ နှစ်မျိုးနှစ်ခွ တွေးနိုင်သော အရေးအသားများ။

တစ်နေ့... ဏီ အလုပ်မှပြန်လာချိန်တွင် ဏီ့ အခန်းဖော်များရဲ့ အသံကို ကြားရလေသည်။ ဏီ အခန်းထဲ ဝင်မည့်ဆဲဆဲ... ထိုအသံများကြောင့် ခြေလှမ်းတုံ့သွားခဲ့ရသည်။

"ငါ... မနေ့က အပြင်က ပြန်လာတော့ မင်းမာန်ခတို့ အဆောင်ရှေ့မှာ ကားကြီးတစ်စီး ရပ်တာတွေ့တာနဲ့ ငါလည်း စပ်စပ်စုစုကြည့်မိတာပေါ့ဟာ။ ကားက



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကောင်းတယ် သိလား... ပရာဒို ထင်တယ်။ ငါ... အသေအချာကြည့်မိတော့ ကားမောင်းလာတာက ဒေါ်မြသားနွယ် ကိုယ်တိုင်ပဲ။ အဲ့ဒီ မမကြီးက သူရောက်နေတာကို hand phone နဲ့ လှမ်းပြောလိုက်တယ် ထင်ပါတယ်... ချက်ချင်းပဲ မင်းမာန်ခ ထွက်လာပြီး ကားပေါ် ပါသွားရော။ အဲ့ဒီ မမကြီးက မင်းသမီးမဟုတ်ပေမယ့် လူသိများတယ်ရှင့်၊ ပိုက်ဆံလည်း ချမ်းသာတာကိုး။ အခု ရုပ်ရှင်ထုတ်လုပ်ရေးလုပ်မယ်ဆိုလား... ဂျာနယ်ထဲမှာ ဖတ်လိုက်ရတယ်"

"ငါလည်း ဖတ်လိုက်မိတယ်။ မင်းမာန်ခက သူ တင်တဲ့ မိုဒယ်လ်ဆိုလား၊ မင်းမာန်ခ အကြောင်းလည်း ပါတယ်လေ"

"မင်းမာန်ခတို့... ကြီးပွားနေတာများ သူ့ငွေးမကတောင် အဆောင်အထိ လိုက်လာခေါ်ရတယ်"

"ဟဲ့... အဲ့ဒီ မိန်းမက အပျိုကြီးတော့ မဟုတ်ဘူး မှတ်လား"

"ဘယ်က ဟုတ်ရမှာလဲ... တစ်ခုလပ်တဲ့။ အခုတော့ အိမ်ထောင်မရှိတာလား... သူ့အိမ်ထောင်က အဝေးမှာလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါကြားတာတော့... သူ့ယောကျ်ားက အိန္ဒိယ ဘက်က စိန်သူဌေးဆို။ ဟိုမှာ မိသားစုရှိတော့ သူ့ဆီ တစ်ခါတလေမှပဲ လာတတ်တယ်တဲ့။ ဒါပေမဲ့... သူ ဒီမှာ အလုပ်တွေ အများကြီး လုပ်လို့ရအောင် ငွေ ကတော့ သောက်သောက်လဲ ထောက်ပံ့ ထားတာတဲ့"

"အေး... ဟုတ်ချင် ဟုတ်မှာပေါ့။ ဒါ့ကြောင့်... သူ တစ်ယောက်တည်း ဒီလောက်အလုပ်တွေ လုပ်နိုင် နေတာ ..."

"ဏီတော့... သနားပါတယ်ဟယ်။ ဏီက မင်းမာန်ခ ကို အရမ်းချစ်ရှာတာ။ သူ လခထုတ်လာရင် သူ့ဖို့ ဘာမှ မဝယ်ဘူး၊ မင်းဖို့ဆိုပြီး စားစရာတွေနဲ့ အင်္ကျီ တစ်ထည်တော့... အမြဲ ဝယ်ဝယ်လာတတ်တာ..."

"အင်္ကျီတစ်ထည်လောက်တော့ မင်းမာန်ခက ဘယ် ဂရုစိုက်တော့မလဲ ဟယ်... သူ့ရှေ့မှာ မြသားနွယ် ဆိုတဲ့ ကုန်တိုက်ကြီးက ဒီလောက် ဟည်းထနေတာ။ ဆယ်လူလာတောင် ပေးကိုင်ထားတာ ကြည့်ပါလား"

"မင်းမာန်ခလည်း မကြာခင် အဆောင်က ပြောင်းမှာ ပါပဲ။ အဲဒါဆို ဏီနဲ့လည်း ဝေးသွားပြီ။ ဒီလိုနဲ့ပဲ ဏီလည်း ကျန်ရစ်ခဲ့ရမှာပါဟယ်... ဏီက ချစ်ရှာသာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်တတ်တာ ဘာမာယာမှ ရှိတာမဟုတ်ဘူး၊ သူများ လက်ထဲ ပါသွားမှာပါပဲ"

ဏီသည် အခန်းထဲ လှမ်းဝင်ဖို့ အင်အားမရှိတော့တာမို့ ခပ်မှောင်မှောင် စင်္ကြံလမ်းကလေးမှာပင် နံရံ ကို ကျောမှီရပ်နေရာမှ တဖြည်းဖြည်း လျှောချထိုင်လိုက်သည်။ ဏီ့နားထဲ အူလာကာ ဘာသံမှ မကြားရတော့။ ဏီသည် အသံမထွက်ဘဲ ရှိုက်ငင်နေမိသည်။ သို့သော်... ဏီသည် ခဏသာ ရှိုက်ပြီး သတိဝင်လာသည်။ သူတို့ ပြောသလိုဆို ဏီ့ချစ်သူရဲ့ ဂုဏ်သိက္ခာဟာ နှစ်ပြားမတန်တော့ချေ။ ဒါဟာ... ကောလာဟလတွေပါ။ ကောလာဟလ ဆိုတာ အမှန်တရားမှ မဟုတ်တာဘဲ။ ဏီက... မင်းကို ကောလဟလတွေထဲက ဆယ်တင်လိုက်ချင်သည်။ ဏီ မျက်ရည်တွေကို ခပ်မြန်မြန်ပွတ်သုတ်ကာ ထရပ်လိုက်သည်။ အခန်းထဲ မဝင်မီ ဏီ့မျက်နှာကို ခပ်ပြုံးပြုံးအနေအထားသို့ ပြင်ဆင်လိုက်ပြီးမှ အခန်းထဲဝင်လာရင်း...

"ဟိတ်... ဘာတွေ ပြောနေကြတာလဲ ဏီ... ကြားတယ်နော်"

အသံအားလုံး တိတ်ဆိတ်သွားကာ ဏီ့ကို တအံ့တဩ လှမ်းကြည့်နေသော မျက်ဝန်းများကို ဏီက ပေါ့ပါးသွက်လက်စွာပင် ရင်ဆိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့... ဏီ့အတွက် စိုးရိမ်ပေးကြတာကို ဏီ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့... ဘာမှ မစိုးရိမ်ကြ ပါနဲ့။ ဏီတို့ချင်းက အရမ်းပွင့်လင်းပြီး နားလည်မှု ရှိကြတယ်လေ။ ဒေါ်မြသားနွယ်နဲ့ ပတ်သက်ပြီး ရှင်တို့ ကြားတာတွေအားလုံး ဏီလည်း ကြားပါ တယ်။ တကယ်တော့... ဒါတွေဟာ အခြေအမြစ်မရှိ တဲ့ ကောလာဟလတွေပါ။ သိတယ် မဟုတ်လား၊ အနုပညာသည်တစ်ယောက် နာမည်ကြီးလာပြီ ဆိုတာနဲ့ ကောလာဟလက တစ်တွဲတည်းကပ်ပါ လာတတ်ကြတာပဲ"

"ဒေါ်မြသားနွယ်နဲ့ မင်းက အလုပ်သဘောအရ ပတ်သက်နေကြရတာလေ။ မင်းက သွားဖို့၊ လာဖို့ အဆင်မပြေတော့ မင်းကို ဝင်ခေါ်ရတာတွေလည်း ရှိတာပေါ့။ ဒါတွေ ဏီ အားလုံးသိပါတယ်။ မင်း ကလည်း ဒေါ်မြသားနွယ်နဲ့ ပတ်သက်သမျှ အားလုံး ပြန်ပြောပြပါတယ်။ မင်းက သစ္စာ ရှိပါတယ်"

"အဲဒါဆိုလည်း ပြီးတာပါပဲ ဏီရယ်... တို့က ဏီ့ အတွက် စိုးရိမ်လို့ ပြောတာပါ။ တစ်ခုတော့ ရှိတယ် ဏီရေ... ယောကျ်ားတွေကို သိပ်တော့ မယုံကြည်နဲ့။

www.burmeseclassic.com



တချို့က လျှာနှစ်ခွနဲ့ ဟိုဘက်ဒီဘက် အဆင်ပြေ အောင် ပေါင်းတတ်ကြတယ်။ ရန်ကုန်ဆိုတာ ကတော့... ဏီတို့ နယ်မြို့လေးနဲ့ မတူဘူးနော်။ ခပ်ရိုးရိုးတွေးကြည့်လို့ ဘယ်လိုမှ နားမလည်နိုင် အောင်ရှုပ်နေတဲ့ဇာတ်တွေက အများကြီး၊ ယောကျ်ား နဲ့ မိန်းမ ရင်းနှီး ငြိတွယ်သမျှတိုင်းဟာ အချစ်နဲ့ မပတ်သက်ဘဲ ငွေကြေးနဲ့ ပတ်သက်နေတာတွေ လည်း ရှိတယ်။ တချို့လူတွေကို အချစ်ဆိုတဲ့ ကြိုးက မချည်နှောင်ပေမယ့်... ငွေဆိုတဲ့ နှောင်ကြိုးတွေ အောင်မြင်မှုဆိုတဲ့ နှောင်ကြိုးတွေ အချည်ခံထားရလို့ ရုန်းမရတာတွေလည်း ရှိကြ တယ်။ ဏီ... လူတွေကို လျှော့မတွက်ပါနဲ့ကွယ်"

ဏီ့အခန်းဖော်တွေထဲမှာ အသက်အကြီးဆုံး၊ လူရည်အလည်ဆုံး ကုမ္ပဏီမှာ အလုပ်လုပ်နေသည့် အစ်မ တစ်ယောက်ရဲ့ သတိပေးစကားက ဏီ့ နှလုံးသားထဲအထိ စိုက်ဝင်သွားသည်။ 'နှောင်ကြိုး' တဲ့။

မင်းရော... ဘယ်လို နှောင်ကြိုးနဲ့ အချည်ခံ နေရပြီလဲ၊ အိုး... သွားစမ်းပါ။ မင်းဟာ ချစ်ခြင်း မေတ္တာ ဆိုတဲ့ နှောင်ကြိုးကလွဲပြီး ဘယ်နှောင်ကြိုးကိုမှ ရစ်နှောင်



www.burmeseclassic.com

www.burmeseclassic.com



ခံမယ့်သူ မဟုတ်နိုင်ပါ။ ကျွန်မသည် အားတင်း၍သာ သံသယကို ကြံ့ကြံ့ခံနေရလေသည်။ အလုပ်များလို့ ဟူသော အကြောင်းပြချက်ဖြင့် မတွေ့ရသော ရက်များစွာကလည်း ကျွန်မ့စိတ်နှလုံးကို ချုံးချုံးကျအောင် ဖိစီးနှိပ်စက်နေခဲ့သည်။

ကျွန်မ... ဘယ်လောက် လွမ်းဆွတ်တသရသည် ဖြစ်စေ မင်းထံကိုတော့ ဘယ်တော့မှ ဖုန်း စဆက်လေ့ မရှိခဲ့ပါ။ ကျွန်မ့အဆောင်ကို ကျွန်မ့အလုပ်ကို မင်း ဆက်လာမည့် အချိန်ကိုသာ စောင့်နေခဲ့သည်။ သူ... ကျွန်မ့ကို မလိုအပ်လျှင် ကျွန်မက တိတ်ဆိတ်စွာ နေပေးချင်သည်။ သူ လိုအပ်လျှင်တော့ ကျွန်မက... ပြုံးရွှင်ကြည်လင်စွာပင် အသင့်ရှိနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၃၅

ဏီက သံသယတွေကို ကြုံကြုံခံနေရဆဲ မင်းကလည်း သူ့အလုပ်ကို သူ ဆက်လုပ်နေဆဲ။ တစ်ညနေတွင် မင်းသည် ကားတစ်စီးကို ကိုယ်တိုင်မောင်းကာ ဏီ့ထံသို့ ရောက်ရှိလာခဲ့လေသည်။

ထိုနေ့က… ဏီ အလုပ်ပြီးချိန်တွင် မင်းက ဏီတို့ ကုန်တိုက်ရှေ့ ကား park တွင် ကားရပ်ကာ ဏီ့ကို အသင့်ကြိုစောင့်နေခဲ့တာ ဖြစ်သည်။ ဏီက ရပ်ထားသည့် ကားထဲမှာ သူရှိနေတာကို မသိဘဲ ဖြတ်လျှောက်လာခဲ့စဉ် ကားမှန် လျှောခနဲကျလာကာ သူက… ကားပြတင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တစ်ပိုင်းထွက်လျက်… ဝါးခနဲ ဏီ့ မျက်နှာနားကပ်ကာ အော်လိုက်သည်။ ဏီက… အမလေးဟု အသံကုန်အော်ကာ နောက်သို့ ယိမ်းယိုင်လဲပြိုသွားစဉ်… ဏီ့ လုပ်ဖော်ကိုင်ဖက်တွေက အလန့်တကြား ပြေးလာကာ…

“ဟဲ့… ဏီ… ဏီ… ဘာဖြစ်တာလဲ… ”

“ဘာမှ မဖြစ်ဘူး… ဘာမှ မဖြစ်ဘူး… ကျွန်တော် ကျီစယ်တာ လွန်သွားတာဗျို့…”

မင်းက အော်ရယ်ရင်း ကားပေါ်မှ ဆင်းလာလေသည်။ ဏီတို့အားလုံးမှာ မင်းကို အငေးသား ကြည့်မိသွားရပါသည်။ မင်းနဲ့ ဏီ မတွေ့ဖြစ်ကြသော တစ်လ အတောအတွင်းမှာပင် မင်းက အသားတွေလည်း ဖြူလာကာ အရင်ကထက် ပိုလို့ ကြည့်ကောင်းလာခဲ့သည်။ မင်းထံတွင် ရဲရင့်ဝံ့စားသော ဟန်ပန်က ကြီးစိုးနေတာမို့ မင်းထံမှ အရောင်အဝါတွေ လျှံထွက်နေသလိုပင် ထင်ရသည်။ အရင်ကဆို မင်းနဲ့ဏီဟာ ယှဉ်တွဲလိုက်တိုင်း လိုက်ဖက်ညီသော အနေအထားမှာ ရှိခဲ့သည်။ ခုတော့… ဏီက မင်းနှင့် ယှဉ်လျှင် မှုန်ကုပ် သေးသိမ်နေခဲ့ရသည်။

မင်းသည် ဏီ့ကို ပြုံးငုံ့ကြည့်နေသော မင်း မျက်နှာကို လွမ်းဆွတ်စွာ ကြည့်လို့လည်း မဝနိုင်ပေ။ ဏီတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ဟာ တစ်ရက်ကလေးတောင် မတွေ့ရရင် မနေနိုင်သူများ ဖြစ်သည်။ မနက်မိုးလင်းလို့ မျက်စိနှစ်လုံး ပွင့်တာနှင့် မင်းက ဏှီအဆောင်ရှေ့ ရောက်လာကာ မနက်စာကို အတူစားရမှ ကျေနပ်ကြသူများ ဖြစ်သည်။ ညနေ အဆောင်ပိတ်ခါနီးအထိ အဆောင်ရှေ့မှာ ငုတ်တုတ်ကလေးတွေထိုင်ကာ စကားတွတ်ထိုးလို့ မဝနိုင်အောင် အဆောင်ရှင်ကတောင် မျက်စောင်းထိုး ယူရလောက်အောင် အဖြစ်သည်းခဲ့ကြသူများဖြစ်သည်။ မင်းက... ဏှီ အလုပ် လုပ်ရာကုန်တိုက်မှာ အတူအလုပ်လုပ်ခွင့်ရခြင်းကို ကျေနပ်နေပျော်ခဲ့သူလည်း ဖြစ်သည်။ ခုတော့ ဏှီတို့သည် နှစ်ပတ်တစ်ခါတောင် အနိုင်နိုင်တွေ့ကြရလေသည်။

"ကောင်စုတ်... ဘယ်သူများလဲလို့၊ တစ်သွေးတစ်မွေးဖြစ်နေလိုက်တာ"

"သူ့မျက်နှာများ မမြင်ချင်မှ အဆုံးဘဲ၊ တီဗွီ ပေါ်မှာ... ပြက္ခဒိန်တွေမှာ သူချည်းပဲလေ..."

ဏှီ့ လုပ်ဖော်ကိုင်ဖက်များက မင်းနဲ့လည်း ရင်းနှီးသူများမို့ တစ်ယောက်တစ်ပေါက် ဝိုင်းရန်တွေ့ကြလေသည်။

"အလုပ်ထွက်ပြီး မိုဒယ်လ် ဖြစ်သွားပြီးကတည်းက တို့တွေဆီ တစ်ခါမှကို ခြေဦးလှည့်မလာတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ခြင်းအထိမ်းအမှတ် ကျွေးမွေးပြုစုမယ်လို့တော့ စိတ်မကူးဘူး... အံ့ရော"

"ကျွေးပါ့မယ်ဗျာ... နောက်နေ့ကျမှ ချိန်းပြီးကျွေးပါ့မယ်၊ ခုတော့... အလုပ်များလွန်းလို့ ကျုပ် ချစ်သူလေးကိုတောင် ခုမှ လာတွေ့ရတာပါ။ နားလည်ပေးကြပါ"

"သတင်းတွေ သိုးသိုးသန့်သန့် ကြားတယ်နော်ရှုပ်ရှုပ်ယှက်ယှက်လုပ်ပြီး ဏီ့ကို ထားခဲ့လို့ကတော့ အသေပဲမှတ်..."

ဏီတို့ရဲ့ လုပ်ဖော်ကိုင်ဖက်များမှာ တစ်ချိန်က ကုန်တိုက်ကြီးရဲ့ခန်းမ မှန်တံခါးဝမှာ ရပ်တန့်စောင့်ကြပ်ခဲ့ရဖူးသော လူငယ်လေးကို ရင်းနှီးစွာ နောက်ပြောင်ရင်း ထွက်ခွာသွားကြလေသည်။

နောက်ဆုံးတွင် ညရိပ်အောက်မှာ လျှပ်စစ်မီးရောင်စုံတန်းများ သွယ်တန်းထားသည့် တိတ်ဆိတ်၍ လူသူကင်းမဲ့သော ကုန်တိုက်ကြီးရှေ့တွင် ဏီတို့နှစ်ယောက်သာ ကျန်ရစ်ခဲ့လေသည်။

ညရိပ်အောက်တွင် ထီးထီးတည်ရှိနေသော ကုန်တိုက်ရှေ့ ကျောက်လှေကားထစ်များပေါ်တွင် ဏီတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် လက်ချင်းတွဲကာ ထိုင်မိကြသည်။ ညဉ့်ဦး လေပြည်ကလည်း ဏီတို့ကို ကျီစယ်နေခဲ့သည်။

ဏီသည် သူ့ကို လွမ်းဆွတ်နေခဲ့တာမို့ အပြစ်တင်စကားတွေ ပြောဖို့တောင် သတိမရနိုင်ပေ။ သူက ဏီ့နဖူးကို ဖွဖွနမ်းမွှေးသောအခါ ဏီ တစ်နေ့လုံး ပင်ပန်းသမျှတွေ လွှော့ကျသွားသည်ဟုပင် ထင်ရသည်။ ဏီ သူ့ပခုံးကို မှီရင်း အမောဖြေရလေသည်။

"ဏီ လွမ်းနေခဲ့တာ မင်းရယ်၊ မင်းက ခုမှ လာတယ်"

"ကိုယ်လည်း ဏီ့ကို လွမ်းတာပါပဲကွာ... ။ ကိုယ့် ပျက်ကွက်မှုတွေအတွက် ဏီ့ကို တောင်းပန်ပါတယ်။ ကိုယ် ခုရက်ပိုင်းတွေ အဆောင်မပြန်ဖြစ်ဘူးလေ။ နယ်မှာ VCD သွားရိုက်ပြီး ပြန်လာတော့လည်း ဒါရိုက်တာအိမ်မှာပဲ ခဏနေဖြစ်နေတာနဲ့ ဏီ့ဆီ မရောက်ဖြစ်ဘူး။ ကိုယ် ကားဆက်တာတွေပါ ဝင်ကြည့်နေတာကွ ၊ အရမ်းစိတ်ဝင်စားဖို့ကောင်းတယ်"

မင်းက ဏီ့ပခုံးကို ဖွဖွထွေးပွေ့ထားရင်း ထက်သန်စွာ ပြောပြနေခဲ့သည်။ ဏီက သူ့ပြောသမျှကို ကလေးတစ်ယောက်လိုပင် ခေါင်းတညိတ်ညိတ် နားထောင်နေခဲ့သည်။ ဏီသည်နားထောင်ရင်းကပင် မင်းရဲ့ကားဆီ အကြည့်ရောက်သွားကာ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း မောင်းလာတာ ဘယ်သူ့ကားလဲ ဟင်..."

"အင်း... ကိုယ့်ကားပဲ ပြောပါတော့..."

"ဟင်... မင်း အဲ့ဒီလောက်ပိုက်ဆံ ရလို့လား"

ဏီက တအံ့တဩ မေးမိပါသည်။ မင်း ဘယ်လောက် အောင်မြင်သည်ပဲဆိုဆို မင်းရတဲ့ ငွေကြေးဟာ ဒီလောက်အချိန်တိုအတွင်း ကားတစ်စီးစာတော့ မဖြစ်နိုင်သေးပါ။

"ခုတော့... မရသေးဘူးပေါ့ ဏီရာ၊ ဒါပေမဲ့... နောက်တော့ ရလာမှာပါ။ ကားက ငွေအကျေမပေးနိုင်သေးပါဘူး။ အရစ်ကျ ခွဲပေးရမှာပါ။ ကားက ဒီနေ့ပဲ ဝယ်လိုက်တာ ဏီရဲ့။ ဏီ့ဆီ ပထမဆုံး မောင်းယူလာတာ။ ညဘက်တော့ ကိုယ့်ဆရာ ဒါရိုက်တာ ခြံထဲက ကားဂိုဒေါင်ထဲ ထားရမှာပေါ့၊ ကိုယ့်အတွက် သွားစရာက နေစရာထက် ပိုအရေးကြီးတယ်။ လူသိနေတော့ ဘတ်(စ်)ကားတိုးစီးလို့လည်း မဖြစ်၊ တက္ကစီထွက်တားနေလို့လည်း မကောင်း၊ ရှုတင်ကားကြီးနဲ့ကလည်း မသွားချင်ဘူးလေ"

ဏီက ဘာမှ ဆက်မမေးတော့ဘဲ အသာအယာပင် ငြိမ်သက်နေမိပါသည်။ မင်းက ဏီ့ နားရွက်ဖျားကလေးကို ဖွဖွဆွဲ၍ ကျီစယ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဒီနေ့ ဏီ့ကို Surprise လုပ်ဖို့ လာခဲ့တာကွ၊ ဏီ မသိချင်ဘူးလား"

"သိချင်တာပေါ့..."

"ကဲ... သိချင်လိုက်ခဲ့"

မင်းက ဏီ့လက်ကို ဖျတ်ခနဲ ဆွဲကာ ရပ်ထားသော ကားဆီ ပြေးထွက်လိုက်တာမို့ ဏီ ရယ်မောလျက် သူ့နောက်သို့ ဝရုန်းသုန်းကား အပြေးလိုက်လာခဲ့ရသည်။ ကားနားရောက်တော့... သူက ကားတံခါး ဖွင့်မည့်ဟန် ပြင်ထားပြီး...

"ဏီ... မျက်စိမှိတ်ထား"

ဏီက နှာခေါင်းလေးပါ ရှုံ့တွကာ မျက်စိကို ခပ်တင်းတင်း ဖိပိတ်ထားလိုက်ပြီး နှုတ်ခမ်းတွေကတော့ ပြုံးနေသည်။ ထိုခဏမှာပင် happy birthday to you ... တီးလုံးသံလေးကို သာယာစွာ ကြားလိုက်ရလေသည်။ ဏီသည် ဏီ့မွေးနေ့ကို ဗြုန်းခနဲ သတိရသွားကာ မျက်စိ ဖွင့်ကြည့်လိုက်စဉ်... မင်း ကားတံခါး ဖွင့်ထားသော ကား အတွင်းပိုင်းကို မြင်ရလေသည်။ မင်းရဲ့ ကားအတွင်းမှာ မွေးနေ့ပွဲခန်းမလေးလို လှပစွာပြင်ဆင်ထားသည်။

Birthday card လှလှလေးတွေပေါ်မှာ happy birthday ဟူသော စာတန်းများ I love you ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



အရိုးရှင်းဆုံး အသက်ဝင်ဆုံးစာတန်းများကို ရေးလျက် ကားအတွင်းပိုင်း ပတ်ပတ်လည်မှာ ချိတ်ဆွဲထားသည်။ ကား နောက်ခန်းထိုင်ခုံပေါ်မှာ လှပမွေးပျံ့သော အဖြူရောင်နှင်းဆီ ပန်းစည်းကြီးကို တွေ့ရသည်။ ပြီးတော့... ငွေရောင် စက္ကူ ဖြင့် လှပစွာထုပ်ပိုးထားသော ဇရာမလက်ဆောင်ထုပ်ကြီး၊ ဆွဲကြိုးလက်ကောက်များ ဆင်ပေးထားသော မွေးပွဲအစာ သွတ်ရုပ်ရဲ့ ခြေတံရှည်နှစ်ဖက်ကိုလိမ်ကာ ထိုင်လျက် အနေ အထားချထားသည်။ အဖုံးပွင့်နေသော စန္ဒယားသေးသေး လေးထံမှ တီးလုံးသံလေး ထွက်နေခဲ့တာဖြစ်သည်။

"မင်း... မင်းရယ်... ဏီ အံ့သြလိုက်တာ... ပျော် လိုက်တာ၊ ဏီ့မွေးနေ့ကို ဏီ မေ့နေခဲ့တာ။ မင်းက သတိရတယ်နော်"

ဏီသည် ဝမ်းသာလွန်းလို့ ဆွေ့ဆွေ့ခုန် တုန်ယင်နေသည်။

"ကိုယ် မမေ့ပါဘူး ဏီရဲ့၊ ဏီ့ရဲ့ မွေးနေ့တိုင်း အတွက် ကိုယ်က ခမ်းခမ်းနားနား အမှတ်တရ လုပ် ပေးချင် ခဲ့တာ။ ဏီ့ ကျေးဇူးတွေ ကိုယ့်မှာ အများကြီးပါ။ ခု ကိုယ့်မှာပိုက်ဆံ နည်းနည်း ပါးပါးရှိလာတော့မှ ကိုယ့် ချစ်သူလေးကို ဒီလိုလုပ်ပေးနိုင်တာပါ။ ဏီ ပျော် တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ပျော်တာပေါ့ မင်းရယ်။ မင်း ဏီ့ကို အလေးထား သေးတာဟာ ဏီ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်တစ်ခုပဲ"

ဏီ့ရဲ့ သံသယတွေသည် ချက်ချင်းလက်ငင်း ပျောက်ဆုံးသွားကာ ဏီ့ကို ချစ်သောမင်းရဲ့ အချစ်ကို အခိုင်အမာ ယုံကြည်မိတော့သည်။ မင်းက အရုပ် လည်ပင်း နှင့် လက်မှာ ဆင်ပေးထားသော ဆွဲကြိုးနှင့် လက်ကောက် ပျော့ကလေးကို ဖြုတ်ကာ ဏီ့လည်ပင်းမှာ ဆွဲပေးမည် ပြင် သောအခါ ဏီက အသာအယာ ခေါင်းယမ်းရင်း...

"ဒါတွေတော့ ဏီ လက်မခံပါရစေနဲ့ မင်း...။ မင်းပဲ သိမ်းထားပါဦးနော် "

"မွေးနေ့လက်ဆောင်ဆိုတာ မငြင်းကောင်းဘူးကွ ငြိမ်ငြိမ်နေ... ကိုယ် ဝတ်ပေးမယ်"

မင်းက ဇွတ်အတင်းပင် ဆွဲကြိုးမျှင်လေး လက်ကောက်ပျော့လေးနှင့် လက်စွပ်လေးကို ဆင်မြန်းပေး လေသည်။

ဏီ့ဘဝတွင် ဒီတစ်ကြိမ်လောက် ပျော်ရွှင် ချမ်းမြေ့ရတာမျိုး မရှိခဲ့ဘူးချေ။ ဏီ့ ချစ်သူသည် အခြေအနေ ကိုလိုက်၍ ပြောင်းလဲခြင်းမရှိသူ ဖြစ်သည်။ ဏီ့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးယုယတတ်သူ၊ အလေးထားတတ်သောသူ ဖြစ်သည်။

"မင်းရေ ဏီတို့ လမ်းအတူတူ လျှောက်ကြရအောင်"

"အိုကေ… လျှောက်မယ်"

ဏီတို့သည် ကားကို ခဏထားရစ်ခဲ့ပြီး လူရှင်းနေသော လမ်းမရဲ့ အလယ်မျဉ်းဝါကြောအတိုင်း လက်ချင်းတွဲလျက် လျှောက်ခဲ့ကြသည်။ ဏီ့ ဆံပင်စတွေဟာ လေပြည်ထဲမှာ မျောလွင့်နေသည်။ ဏီတို့နှစ်ယောက်သည် ဟိုးငယ်ဘဝကို ပြန်ရသလို ခံစားရပြီး စိတ်နှလုံးပျိုမျစ်နုသစ်လျက်ရှိသည်။ နှစ်ယောက်သား မျက်နှာချင်းဆိုင် ရပ်မိကြပြီးမှ တစ်ယောက်မျက်နှာ တစ်ယောက်ပြုံးကြည့်မိရင်း နောက်ဆုတ် နောက်ဆုတ် လှမ်းသွားမိကြပြန်သည်။ ခပ်ဝေးဝေးရောက်တော့မှ တစ်ယောက်ရှိရာ တစ်ယောက် ပြေးလာကာ ပွေ့ဖက်မွှေ့ယမ်းရင်း အော်ဟစ်ရယ်မောကြသံတွေဟာ တိတ်ဆိတ်သော ကောင်းကင်ယံထက်သို့ ပျံ့လွင့်သွားသည်။ ဏီ အတိုင်းမသိပျော်ခဲ့ရပါသည်။ မင်းက ပြုံးစိစိဖြင့် ပြောခဲ့သေးသည်။

"ဟား… ကိုယ်တို့နှစ်ယောက် ပျော်နေတဲ့ပုံက ကိုယ်တစ်နေ့က ရိုက်ခဲ့တဲ့ VCD ထဲက အတိုင်းပဲကွ။ တကယ့်ကို ထပ်တူပဲ မင်းသမီးပဲ မတူတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနော် အပြင်မှာလည်း ဇာတ်ကွက်တစ်ခုတည်းကို မင်းသမီးပြောင်းပြီး ခဏခဏ သရုပ်ဆောင်မယ် မစဉ်းစားနဲ့"

"စဉ်းစားရုံတော့ မစဉ်းစားပါဘူးကွာ လက်တွေ့ပဲ အကောင်အထည်ဖော်မှာ..."

"မင်းနော်..."

မင်းက ဏီ့ကို စိတ်တိုအောင် စနောက်ပြီး အော်ဟစ် ရယ်မောနေခဲ့ပါသည်။ ထိုညက ဏီတို့နှစ်ယောက်လုံး ဒေါ်မြသားနွယ်အကြောင်းကို စကားစပ်လို့တောင် မပြောခဲ့ကြပါ။ ဏီတို့ ကြားမှာ သူမ ပျောက်ဆုံးနေခဲ့ခြင်းက အလွန်ပင် စိတ်ချမ်းသာဖို့ကောင်းလေသည်။



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ၁၆

နောက်ရက်များတွင် မင်း... ကျွန်မ့ထံရောက် မလာခဲ့သော်လည်း ကျွန်မက လွန်ခဲ့သော ညဆီက ကျွန်မတို့ နှစ်ယောက်ပျော်ရွှင်ခဲ့ရသော အချိန်ကလေးကို ပြန်တွေးကာ ဖြေသာလေသည်။

မင်းက... ကျွန်မ အလုပ်သွားနေသော နေ့လယ်ပိုင်းများမှသာ အဆောင်သို့ ခဏပြန်လာတတ်ပြီး၊ မနက်ခင်းများ ညနေခင်းများမှာ အလုပ်များနေတတ်တာမို့ ကျွန်မ့အဆောင်သို့လည်း မလာနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း တစ်ခုမှာတော့ ဏီ အလုပ်မှ ခပ်စောစောပြန်လာခဲ့စဉ် အဆောင်ရှိရာ လမ်းထဲသို့ ချိုးကွေ့ဝင်မည်ပြင်ဆဲ လမ်းထဲမှ ထွက်လာသော ဒေါ်မြသားနွယ်ရဲ့ ကားကြီးကို ဘွားခနဲ တွေ့လိုက်ရလေသည်။

ဏီက လမ်းဘေးဘက်သို့ကပ်ကာ လျှောက်နေဆဲ ကားကြီးက ဏီ့နံဘေးမှ လျှောခနဲဖြတ်သွား လေသည်။ ရုပ်ရှင်တွေထဲက အနှေးပြကွက်များလိုပေါ့။ ဏီသည် ကားပေါ်မှာ ပါသွားသော ဒေါ်မြသားနွယ်နဲ့ မင်းကို အသေအချာ မြင်လိုက်ရလေသည်။

ဏီ့ရင်ထဲ ဆုပ်နစ်သွားသည်မှာ ဘာနဲ့မှ မနှိုင်းသာပေ။ ဏီသည် မင်းနဲ့ ဒေါ်မြသားနွယ်ရဲ့ ပတ်သက်မှုကို သိသော်လည်း မျက်စိရှေ့မှောက်မှာတော့ မမြင်လိုချေ။ ဏီသည် ဒေါ်မြသားနွယ်ရဲ့ ဖြောင်ကျကျ ပထုတ်မှုကို အသည်းဆတ်ဆတ်ခါ နာကြည်းလှသော်လည်း မင်းရှေ့မှာတော့ ဏီ့ရဲ့ နာကြည်းမှုတွေကို သွန်ချမပြလို။ မင်းကို ဝန်ပိမှာ စိုးရိမ်လှပါသည်။

ထိုညတစ်ညလုံး ဏီ အိပ်ရာထဲ အလူးလူး အလိမ့်လိမ့်နှင့် အိပ်မပျော်နိုင်ဘဲ ရင်ဝကို မီးဟပ်ခံထားရသလို ပူနေသည်။ မင်းက သူမ ကားကို မောင်းပြီး သူမက



www.burmeseclassic.com

www.burmeseclassic.com



နံဘေးမှ ပြုံးရွှင်ချိုမြစွာ လိုက်ပါသွားသော မြင်ကွင်းကသာ ဏီ့ မျက်စိထဲ ဖျောက်မရအောင် မင်းမူနေသည်။

ဒေါ်မြသားနွယ်က မင်းရဲ့ အချိန်၊ မင်းရဲ့ ဘဝ၊ မင်းရဲ့ အခြေအနေ၊ မင်းရဲ့ အောင်မြင်မှု အားလုံး အားလုံးကို ကြီးစိုးခြယ်လှယ်ထားနိုင်ခဲ့ပြီလား။ ဏီ့ကို ချစ်ခင်ကြင်နာတတ်သော မင်းဟာ သူမကိုရော ဘယ်လိုဆက်ဆံမှာပါလိမ့်။ ဏီ့ရှေ့မှာတောင် မင်းက သူမအပေါ် ဝပ်တွားအလေးထားနေတတ်သူ ဖြစ်သည်။

ဏီသည် ဏီတွေ့လိုက်ရသော ထိုမြင်ကွင်းနှင့် ပတ်သက်၍ မင်းထံသို့လည်း ဖုန်းဆက်၍ မကျေနပ်စကား မဆိုဖြစ်ဘဲ ကျိတ်၍သာ ကျွမ်းလောင်နေခဲ့ရသည်။

နောက် ရက်အနည်းငယ် အကြာမှာတော့ မင်းက ဏီ့ထံ ရောက်ရှိလာခဲ့ကာ...

"ဏီ ကိုယ် မနက်ဖြန်ဆို အဆောင်က ပြောင်းတော့မယ်"

"ဘယ်ကို ပြောင်းမှာလဲ မင်း..."

"မြို့ထဲက တိုက်ခန်းတစ်ခန်းကိုပါ"

"မင်း ငှားလိုက်တာလား"

"အင်း... ငှား... ဟို အရစ်ကျသဘောမျိုး ဝယ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကားရော၊ တိုက်ရော အရစ်ကျဆိုတော့ မင်းမှာ ဝန်ပိမနေဘူးလား။ အရစ်ကျ မှန်မှန်ဆပ်နိုင်ဖို့ အတွက် မင်း ငွေရှာရတော့မယ်။ ကိုယ့်အနုပညာ အတွက်၊ ကိုယ့်တန်ဖိုးအတွက် သေသေချာချာ စဉ်းစားရွေးချယ်ပြီးမှ လုပ်ရမယ့်အလုပ်တွေကို ကြေးဆပ်ဖို့ဆိုတဲ့ အသိကြီးက လွှမ်းမိုးပြီး ငွေရ ပြီးရော အရေအတွက်တွေပဲကျန်အောင် မင်း လျှောက် လုပ်နေရင် မင်းပဲ ဒုက္ခရောက်မယ်"

"အဲဒီလိုတော့ မဖြစ်စေရပါဘူး ဏီ ။ ဒီလိုမှ မလုပ် ရင်လည်း မဖြစ်တော့ဘူး။ မိုဒယ်လ် အလုပ်လုပ်ပြီး အဆောင်မှာ ရေရှည်နေလို့လည်း မဖြစ်ဘူး။ လူ တောထဲ တိုးသွားလို့ မဖြစ်တော့တဲ့ အချိန်မှာ ကား ရှိမှလည်း အဆင်ပြေမယ်။ ဒီအလုပ်လုပ်ပြီး ဘာမှ မရှိတော့ လူအထင်သေးတယ် ဏီရ..."

"လူ အထင်သေးတော့ကော... ဘာဖြစ်သလဲ မင်း ရယ်။ အရှိကို အရှိအတိုင်း အသိခံရတော့ကော ဘာဖြစ်လဲ။ ကိုယ့်မှာ အဲဒီလို နေနိုင် သွားနိုင်တဲ့ ငွေ မစုမိသေးလို့ ဒီလိုပဲ နေနေရသေးတယ်။ ရိုးရိုး သားသားအလုပ်လုပ်ပြီး ငွေစုမိတော့မှ လိုချင်တာ



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ရှိသင့်တာတွေကို ဝယ်မယ်၊ လောလော ဆယ် ကားငှားစီး၊ အခန်းငှား နေတော့ရော ဘာဖြစ် သေးလဲ"

"ကိုယ့်မှ အဲဒီလို မနေချင်တာဘဲ ဏီ။ ကိုယ် တစ် သက်လုံး ချို့ချို့တဲ့တဲ့ နေလာခဲ့ရတာ။ အဲဒီ ဘဝ ထဲက ကိုယ်လွတ်ချင်ပြီ။ ဒီလိုနေဖို့၊ ဒီလိုသွားဖို့ အခွင့်ရေးရှိတုန်းတော့ ကိုယ်မယူဘဲ မနေနိုင်ဘူး"

ဏီသည် ဇွတ်ပြောနေသော မင်းကို ဘာမှ မပြောတော့ဘဲ သက်ပြင်းသာ ချမိရလေသည်။ တကယ် တော့ မင်းဟာ သရုပ်ဆောင် မင်းသားတစ်ယောက်လည်း မဖြစ်သေးတာမို့ ငွေက များများစားစား ရသေးတာလည်း မဟုတ်ပါ။ မင်းရဲ့ အဝတ်အစားဖိုး၊ အသုံးအဆောင် စရိတ် တွေကတင် မနည်း။ မင်းကို ဝန်ပိမှာတော့ ဏီစိုးရိမ်လှ ပါသည်။

"အောင်မြင်မှုရဖို့ ကြိုးစားတာထက် ရေရှည် မြဲအောင် ထိန်းသိမ်းရတာက ပိုခက်တယ်လို့ ဏီတော့ ထင် တာပဲ မင်းရယ်။ ခုချိန်မှာ ဟိုဟာ ဝယ်မယ်၊ ဒီဟာ ဝယ်မယ် ဆိုတာထက် ကိုယ့်ရဲ့ အရည်အချင်းကို ဘယ်လိုမြှင့်တင်ရမယ်၊ ကိုယ့် အလုပ်ကို ပံ့ပိုးနိုင်မယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ပညာတွေကို လေ့လာရမယ် ဆိုတာကို ပို စဉ်းစားသင့်တယ်"

"ကိုယ် စဉ်းစားပါတယ်ကွ။ ဏီကလည်း အဘွားကြီး လေးကျနေတာပဲ ပူတတ်လိုက်တာ။ သြော်... ဏီ့ကို လည်း ကိုယ်တောင်းဆိုစရာရှိတယ်"

"ဘာ... တောင်းဆိုမှာလဲ မင်းရဲ့"

"ဏီ အလုပ်ထွက်လိုက်တော့ကွာ"

"ဟင်... ဘာလို့ ထွက်ရမှာလဲ"

"ဏီ့ချစ်သူ မင်းမာန်ခက အောင်မြင်တဲ့ မိုဒယ်လ် ဖြစ်နေပြီပဲကွာ။ ဏီက ဘာဖြစ်လို့ ဒီအလုပ်ကို ဆက် လုပ်နေဦးမှာလဲ။ ကိုယ်က လွတ်လပ်တဲ့ ဘဝနဲ့ပဲ ဒီ အလုပ်ကို အောင်မြင်အောင် လုပ်နေရသေးလို့သာ ဏီနဲ့ လက်မထပ်နိုင်သေးပေမယ့် တစ်နေ့ကျ ကိုယ် တို့ လက်ထပ်ကြမှာပဲ။ ကိုယ်ရှာတဲ့ ပိုက်ဆံဟာ ဏီ့ ပိုက်ဆံပဲ၊ ဏီနဲ့ ကိုယ်နဲ့ တစ်စီးပွားတည်းပဲ။ ဏီ... ကြိုက်သလောက် သုံးပါ၊ လိုတာတွေ ဝယ်ပါ၊ ကိုယ် အခုလိုပေးတာဟာ ဏီ ကိုယ့်အပေါ် ကောင်းခဲ့တာ တွေနဲ့စာရင် ပမွှားပါ၊ ရော့... ဏီ သုံးဖို့ ယူထား လိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



မင်းက ဏီ့လက်ထဲသို့ ပိုက်ဆံတစ်ထပ် ထည့်ပေးသောအခါ ဏီ ယောင်ယမ်း လွှတ်ချမိပါသည်။ ဒီလောက်ငွေများများ ဏီ မကိုင်ဖူးခဲ့ပါ။

"ဟာ... ဘာဖြစ်လို့ လွှတ်ချတာလဲ ဏီ"

"ဟင့်အင်း... ဏီ မလိုချင်ဘူး၊ ငွေနဲ့ စိတ် ချမ်းသာမှုဆို ဏီက စိတ်ချမ်းသာမှုကိုပဲ လိုချင်တယ်။ မင်း ဏီ့ကို ငွေပေးဖို့ မကြိုးစားပါနဲ့၊ စိတ်ချမ်းသာမှု ပေးဖို့ပဲ ကြိုးစားပါ"

"ကိုယ်က အောင်မြင်ပြည့်စုံတဲ့ဘဝကို သိပ်မက်မော တယ် ဏီ။ ပြီးတော့... ကိုယ်ချစ်တဲ့သူကိုလည်း ပြည့်စုံတဲ့ ဘဝကို ပေးချင်တယ်"

"စိတ်ချမ်းသာမှု ရှိတာလောက် ပြည့်စုံတာမျိုး ရှိပါဦး မလား မင်းရယ်။ တခြား အရာဝတ္ထုတွေ ပြည့်စုံပြီး စိတ်ဆင်းရဲနေရတဲ့၊ သနားစရာကောင်းတဲ့ လူတွေ လောကမှာ အများကြီးပါ"

"ကဲပါကွာ... ဏီ့သဘောပါ။ ဏီ... စိတ်ဆင်းရဲရ မယ့် အလုပ်ဆို ကိုယ် ဘယ်တော့မှ မလုပ်ဘူး... ဏီ ယုံ"



www.burmeseclassic.com

www.burmeseclassic.com



ဏီကတော့... ယုံကြည်လိုက်ချင်တာပင်။ သို့သော်... ဏီ့ အခန်းဖော် အစ်မကြီးကတော့ ပြောခဲ့တာပဲ။ ယောကျ်ားဆိုတာ မယုံအပ်ဘူးတဲ့။

ဏီသည် မင်းရဲ့ တိုက်ခန်းဝယ်ခြင်း၊ ကားဝယ်ခြင်း ကိစ္စတွေကို တွက်ချက်ကြည့်မနေခဲ့သော်လည်း မကြာခင် ထွက်လာသော ကောလာဟလတွေက ဏီ့အတွက် သံသယတွေကို လက်ဆောင်ပေးပြန်သည်။ ထိုကောလာဟလကို သယ်ဆောင်လာသူမှာ ဒေါ်မြသားနွယ်၏ ကုမ္ပဏီနှင့် လုပ်ငန်းချင်းဆက်စပ်နေသော ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေသည့် ဏီတို့ အဆောင်သူတစ်ယောက် ဖြစ်သည်။

"ဏီ့ကို... ကျွန်မ သတိပေးရဦးမယ်"

"ဘာများလဲ ဆွေ..."

"ဏီ စိတ်တော့ မဆိုးပါနဲ့၊ ကျွန်မက ကျွန်မကြားတာကို ပြန်ပြောမှာပါ"

"ပြောပါ ဆွေရဲ့။ ဏီ စိတ်မဆိုးတတ်ပါဘူး"

"ကျွန်မတို့ ကုမ္ပဏီက ဝန်ထမ်းတွေနဲ့ ဒေါ်မြသားနွယ်တို့ ကုမ္ပဏီဝန်ထမ်းတွေက အလုပ်သဘောအရ ပတ်သက်ကြရင်း ခင်မင်ရင်းနှီးမှု ရှိကြတယ်လေ။ ဟိုဘက်က ဝန်ထမ်းတွေ ပြောနေကြတာကို ဆွေတို့



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဟာ ကောလာဟလဒဏ်ကို မခံနိုင်လောက်အောင် သဘောထားနုလို့ မဖြစ်ဘူးဆိုတာ ဏီ သိ သိလာရတယ်။ အဲဒီ့ကားနဲ့ တိုက်ခန်းဝယ်တာ ဏီ သိပါတယ်။ သူ… အရစ်ကျစနစ်နဲ့ ဝယ်ထားတာပါ"

"ဏီ စဉ်းစားကြည့်ပါဦး၊ ဒီလောက် တန်ဖိုးကြီးတာတွေကို ဘယ်လိုလူမျိုးက အရစ်ကျပေးမှာလဲ၊ တစ်လ နည်းနည်းချင်း ဆပ်နေတာတွေကို နှစ် ဘယ်လောက်ကြာကြာ စောင့်ယူနေမှာလဲ"

ဆွေ့စကားတွေကို ဏီ့စိတ်ထဲမှ ဖွတ်အတင်းငြင်းဆန်နေခဲ့မိပါသည်။ ဏီ့ရဲ့ ခံနိုင်ရည်တွေ တအိအိပြိုဆင်းနေတာကို ဏီက မသိချင်ယောင်ဆောင်ထားသည်။

ဘယ်သူ ဘာပြောပြော ဏီကတော့ မင်းကို ယုံကြည်နေချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၇

ဏီသည် သိစိတ်ကသာ မင်းကို ယုံကြည်နေရသော်လည်း မသိစိတ်ထဲက သံသယတွေကတော့ တစ်နေ့တခြား ဏီ့ အတွင်းစိတ်ကို နှိပ်စက်လေသည်။

ဏီတို့ အဆောင်မှာသာမက ဏီ့အလုပ်ခွင်မှာပါ မင်းအကြောင်းက ရေပန်းစားနေခဲ့သည်။ တစ်နေ့... ဏီတို့အားလုံး စုဝေးထမင်းစားနေချိန်တွင် ဂျာနယ်ဖတ်နေသော သင်္ဂီက ဏီ့ရှေ့သို့ ထိုဂျာနယ်ကို အလန့်တကြား ယူလာပြကာ အသံကျယ်ကျယ်ဖြင့် အော်ဖတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ... အားလုံး နားထောင်ကြစမ်း။ ဟိုကောင် မင်းမာန်ခ မုသားတွေသုံးထားတာ ငါ... ဖတ်ပြမယ်။ ချစ်သူရှိသလားဆိုတဲ့ မေးခွန်းကို ပြန်ဖြေထားတာလေ။ ဘာတဲ့... ကျွန်တော့် အချစ်တွေကို ကျွန်တော့် ပရိသတ်တွေကိုပဲ ပေးထားပါတယ်တဲ့။ တခြားအချစ်ကိစ္စတွေကို ခေါင်းထဲထည့်ဖို့အချိန်မရလို့ ချစ်သူလည်း မရှိပါဘူးတဲ့။ ဖြောင်ညာတာ... ဖြောင်ညာတာ။ ဒီဂျာနယ်ကို ငါတို့ တွေရော ဏီရော မဖတ်မိနိုင်ဘူးလို့များ ထင်သလား မသိပါဘူး၊ ဘယ်လောက်စိတ်တိုဖို့ ကောင်းသလဲလို့၊ ဟဲ့... ဏီ နင့်လူ အချိုးမပြေဘူးနော်။ ပြန်ရန်တွေ့လိုက်ဦး"

ဏီသည် ထမင်း နင်ချင်သော်လည်း ကြိုးစား ပြုံးရကာ...

"ရန်တွေ့စရာ မလိုပါဘူးဟယ်၊ သူပြောချင်သလို ပြောပါစေ။ တချို့က ချစ်သူမရှိ၊ အိမ်ထောင်မရှိတဲ့ မိုဒယ်လ်မှ ပိုပြီးအားပေးကြလို့နေမှာပေါ့"

"ဘာဆိုင်လဲ အမိပ္ပာယ်မရှိတာ ။ တချို့ မင်းသားတွေ အိမ်ထောင်ရှိတာပဲ၊ ကလေးတွေတောင်ရှိသေး၊ ပရိသတ်က အားပေးကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက မင်းသား မဖြစ်သေးဘူးလေ၊ မိုဒယ်လ်ပဲ ဖြစ်သေးတာ..."

"မိုဒယ်လ်ကော ဘာဖြစ်လဲ၊ ရည်းစားရှိ ရှိတယ်ပေါ့၊ ပွင့်ပွင့်လင်းလင်းဆို့။ လူအထင်ကြီးအောင် ကောင်မလေးတွေ ပိုစိတ်ဝင်စားအောင် ညာနေဖို့ မလိုပါဘူး"

"ဒီကောင် ငါတို့ကို တစ်နေ့နေ့ကျ ချိန်းပြီး မုန့်လိုက်ကျွေးမယ်ဆိုတာ ခုထိပေါ်မလာဘူး၊ လာမှ ဝိုင်းရန်တွေ့လိုက်ဦးမယ်၊ ဏီက ခံနိုင်ပေမယ့် ငါတို့ကတော့ မခံနိုင်ပါဘူး"

ဏီသည် မင်းအတွက် ဖုံးဖုံးဖိဖိ ပြောနေရသော်လည်း ရင်ထဲမှာတော့ နာလှပြီ။ မင်းဟာ ဏီ့ကို ပွဲမထုတ်ရဲတာလား၊ ဒါမှမဟုတ် ဒေါ်မြသားနွယ်ရဲ့ အလိုကျ ဒေါ်မြသားနွယ်ရဲ့ အကြံပြုချက်အတိုင်း ဖြေပေးရတာလည်း ဖြစ်နိုင်သည်။ သူမက မင်းကို လွှမ်းမိုး ခြယ်လှယ်နေခဲ့တာ မဟုတ်လား။ ထိုအတွေးကြောင့်ပင် ဏီသည် တစ်ရက်မှ မပျော်တော့ချေ။

တစ်နေ့မှာတော့ ဏီ့ရဲ့ ကျိတ်မြိုခံစား ရသမျှတွေ ပေါက်ကွဲပွင့်ထွက်စေမည့်အခြေအနေတစ်ခုကို ရင်ဆိုင်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ဏီသည် ဏို ကောင်တာပေါ် တင်လာသမျှ ခြင်းတောင်းတွေထဲက ပစ္စည်းတွေကို တစ်ခုချင်း ထုတ်ယူကာ ကျသင့်ငွေစာရွက် ထုတ်ပေးနေဆဲ ခြင်းခပ်ကြီးကြီးတစ်ခုက ဏို့စားပွဲပေါ် တင်လာခဲ့သည်။

တခြား customer တွေ ထွက်သွားခဲ့ပြီမို့ ဏီက ထိုခြင်းကြီးကိုဆွဲယူကာ ပစ္စည်းတွေကို ထုတ်ယူလိုက်သည်။ ပစ္စည်းအားလုံးမှာ ယောကျ်ားအဝတ်အစား အသုံးအဆောင်ချည်း ဖြစ်လေသည်။ ပစ္စည်းတွေရဲ့ တန်ဖိုးကလည်း မသေးချေ။ အားလုံး လူငယ်ကြိုက်ပစ္စည်းများသာ ဖြစ်သည်။ ဏီ ကျသင့်ငွေအားလုံး ရိုက်ထည့်ပြီး ထွက်လာသောစာရွက်ကို ဆွဲဖြတ်ကာ ဏို့ရှေ့မှ customer ထံ လှမ်းပေးလိုက်သည်။ အမှတ်တမဲ့ပင် ကြည့်မိသောအခါ ဏို့ကို ခပ်ပြုံးပြုံးစောင့်ကြည့်နေခဲ့သော ဒေါ်မြသားနွယ်ကို တွေ့ရလေသည်။

"မြတ်ပန်းဏီ နေကောင်းတယ်နော်"

"ကောင်းပါတယ်"

ဏီက မဖြေချင့်ဖြေချင် ဖြေရင်း သူမ ဝယ်ယူထားသည့် ပစ္စည်းတွေဆီ စိတ်ရောက်သွားသည်။ ဘုရားရေ... ဒီပစ္စည်းတွေဟာ ဘယ်သူ့အတွက်...



www.burmeseclassic.com

www.burmeseclassic.com



"တို့ကတော့ သိပ်နေမကောင်းတဲ့ကြားကပဲ မင်းမာန်ခအတွက် လိုအပ်တဲ့ပစ္စည်းတွေ လာဝယ်ပေးရတာလေ။ ဒီကောင်လေးဟာ ဘာမှ မသိဘူးကွ။ မိုဒယ်လ်အလုပ် လုပ်နေပြီးတော့ ကိုယ်နဲ့ လိုက်ဖက်တဲ့ အရောင်တွေ၊ အဝတ်အစားတွေ ဘာမှ မရွေးတတ်ဘူး။ အစစအရာရာ တို့လုပ်ပေးမှပဲ အဆင်ပြေတယ်ဆိုလို့၊ တို့မှာ အမြဲသူ့အတွက်ပဲ ဈေးဝယ်ထွက်နေရတာ။ သူ့ အလုပ်ကိစ္စတွေဆိုလည်း တို့ပဲ တာဝန်ယူပြီး ပြောဆိုပေးမှ အဆင်ပြေတယ်လေ"

ဏီသည် ဘာပြန်ပြောရမှန်း မသိဘဲ ဆွံ့အကြောင်ငေးနေမိသည်မှာ သူမ ထွက်ခွာသွားသည်အထိ ဖြစ်သည်။

ကယောင်ချောက်ချား အတွေးတွေက ဏီ့ကို ချက်ချင်းလွှမ်းမိုးကာ ဆောက်တည်ရာမဲ့ ဖြစ်ကျန်ခဲ့သည်။ ဘုရား... ဘုရား သူများတွေ ပြောသလိုများ တကယ် ဖြစ်နေခဲ့ပြီလား"

ဏီက ချက်ချင်းပင် မင်းထံ ဖုန်းဆက်ဖို့ ကြံမိသော်လည်း ဝယ်သူတွေကျလာတာမို့ ကောင်တာမှ ထွက်သွားဖို့ မဖြစ်နိုင်။ ညနေစောင်းသည့်အချိန်ထိ စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ထားရသော်လည်း ဏီ့ရင်ထဲမှာတော့ ဖြောင်းဆန်နေသည်။ နှလုံးသားတွေ တဖြုတ်ဖြုတ်ကျိုးပဲ့ကျလာတော့ မတတ် တဆတ်ဆတ် တုန်ယင်နေသည်။ ဏီသည် သွေးစုပ်ခံထားရသူလို ချက်ချင်းဖြူဖျော့ အားယုတ်ကာ ကိုယ့်ခန္ဓာကိုယ်ကို မနည်းထူမတ်ရလေသည်။

မျက်ဝန်းထဲ မျက်ရည်စတွေ မကြာခဏ ရစ်ဖွဲ့လာတာကို အားတင်းဖယ်ရှားရကာ၊ ငွေ ရေတွက်ရာမှာလည်း အမှားမှားအယွင်းယွင်းဖြစ်ရသောအခါ ဏီသည် တခြားကောင်တာမှ တစ်ယောက်ကို ခဏအကူအညီတောင်းကာ အိမ်သာထဲ ခပ်မြန်မြန်ဝင်ပြီး အားပါးတရ ငိုချပစ်လိုက်မိသည်။ ဏီက အိမ်သာအဖုံးပြားပေါ်မှာ ထိုင်ရင်း လက်ဖဝါးတွေထဲ မျက်နှာဖိအပ်ကာ အသက်ပြင်းပြင်း ရှူသွင်းရင်း စိတ်ကိုငြိမ်အောင် ထိန်းရသည်။ ခဏကြာမှ ဏီ့ကောင်တာသို့ ပြန်လာကာ အလုပ် ဆက်လုပ်ရသည်။

ညနေအလုပ်ပြီးသည်နှင့် ဏီက ဖုန်းရှိရာသို့ အပြေးသွားမိကာ မင်းရဲ့ hand phone ကို ခေါ်လိုက်သည်။ ဖြစ်နိုင်လျှင် အဲ့ဒီဖုန်းကို လုံးဝ မခေါ်ချင်ပါ။ အဲ့ဒီဖုန်းက ဒေါ်မြသားနွယ်ပေးကိုင်ထားသည့် ဖုန်းဆိုသည့် အသိက ဏီ့ကို ခါးသီးစေသည်။

www.burmeseclassic.com



ဖုန်းဝင်သွားသော်လည်း ဖုန်းက busy ဖြစ်နေသည်။ ဏီ ငါးမိနစ်တစ်ကြိမ် စိတ်ရှည်ရှည်ထားကာ စောင့်ခေါ်သော်လည်း နာရီဝက်ကျော် ကြာသည်အထိ ဖုန်းက မအား။ မင်း ဘယ်သူနဲ့များ ဒီလောက် စကားရှည်ရှည် ဝေးဝေး ပြောနေရတာလဲဆိုသော အသိက ဏီ့ကို ထပ်မံ ခြောက်လှန့်ပြန်သည်။

အလုပ်ဆင်းချိန်မို့ ဏီ ဖုန်းဆက်ခေါ်လို့ မကောင်းတော့ပါ။ ဏီ ကုန်တိုက်ထဲမှ ထွက်လာပြီး ဘတ်(စ်)ကားဂိတ်နားမှာ လမ်းဘေး PCO ဖြင့် ထပ်ခေါ်သည်။ တစ်နာရီလောက် ကြာနေပြီဖြစ်သော်လည်း ဖုန်းက ဆက်တိုက် busy ဖြစ်နေခဲ့သည်။ တစ်နာရီဆယ့်ငါးမိနစ်ကြာတော့မှ ဏီ့ call ဝင်သွားသည်။

"မင်း... ဏီပါ။ ဏီခေါ်နေတာ တစ်နာရီကျော်ပြီ။ မင်း ဘယ်သူနဲ့ ပြောလို့ ဒီလောက် ကြာနေရတာလဲ"

ဏီက ဒေါသကို ထိန်းထားရတာမို့ တုန်ယင်နေသော အသံဖြင့်ပင် မေးလိုက်မိပါသည်။ မင်းအသံကတော့ ကြည်လင်စွာပင်...

"ပရိုဂျူဆာ တစ်ယောက်နဲ့ အလုပ်ကိစ္စ ပြောနေတာပါ ဏီရ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား... မင်းရဲ့။ မင်းအလုပ်ကိစ္စတွေကို တကယ်ပဲ မင်းကိုယ်တိုင် ပြောခွင့်ရလို့လား။ ဏီ့ အထင်တော့... ဒေါ်မြသားနွယ်ကပဲ ပြောပေးနေသလားလို့"

"ထူးဆန်းပါပေ့ကွာ၊ ဏီ ခုမှ ဘာစိတ်ကူးတွေ ပေါက်ပြီး ဖုန်းတွေ ဘာတွေဆက်ပြီး စကားနာတွေ ထိုးနေရတာလဲ"

"စကားနာထိုးတာ မဟုတ်ဘူး မင်း၊ ဏီ တကယ်အတည်ပြောနေတာ။ ဏီ ဘာမှမပြောဘဲ ရင်ထဲမှာ ဖွက်ထားတဲ့ စကားလုံးတွေက မီးထတောက်ပြီး ဏီ့ တစ်ကိုယ်လုံးကို လောင်မြိုက်ပြာကျတော့မယ်။ ဏီ ဘာမှမပြောပေမယ့် ဏီ့ကို လာပြောကြတဲ့ လူတွေရဲ့ စကားလုံးတွေကလည်း မီးတောက်ကို လောင်စာတိုက်သလိုပဲ"

"ဏီ ဘာပြောချင်တာလဲ၊ ဘာကို ဆိုလိုတာလဲ"

"မင်း... ဏီ့ကို နားမလည်ဘူး မဟုတ်လား။ မင်း ဘဝမှာ ဏီက အရေးပါ အရာရောက်တဲ့နေရာမှာ မရှိတော့ဘူး။ မင်းဘဝထဲမှာ ဏီက အစက်အပြောက် သေးသေးလေးလောက်ပဲ ရှိတော့တယ်။ မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ပျက်သွားမှာပဲ ဏီ။ ဏီ မင်းနဲ့ စကားပြောချင်တယ် မင်း။ မင်း အခု ဏီ့ဆီ လာခဲ့ပါ။ ဏီတို့ ကုန်တိုက်ရှေ့ စားသောက်ဆိုင်က ဏီ စောင့်နေမယ်"

"အိုကေ... အိုကေ၊ ကိုယ်... ခုပဲ လာခဲ့မယ်။ ဏီ အရမ်း စိတ်လှုပ်ရှားနေပုံရတယ်။ စိတ်ကို ငြိမ်ငြိမ်ထားပြီး ဏီကြိုက်တဲ့ စတော်ဘယ်ရီ ဖျော်ရည် မှာသောက်ရင်း စောင့်နေကွာ၊ ကိုယ် အမြန်ဆုံး ရောက်အောင်လာခဲ့မယ်"

မင်းဟာ ဘယ်တော့မဆို သံသယဝင်ချင်စရာမကောင်းအောင် ဏီ့အပေါ် လိုက်လျောချိုသာမြဲ ဖြစ်သည်။ ဟိုယခင်ကတော့ ဏီရဲ့ သံသယတွေဟာ မင်းနှင့် တွေ့ရတိုင်း သူ့အလိုလို ပျောက်ပျက်ကာ မင်းကို အကြွင်းမဲ့ယုံမိမြဲ။ ခုတော့... ဒေါ်မြသားနွယ်ရဲ့ စကားတွေက ထိုယုံကြည်မှုတွေကို တိုက်စား ဖွဲ့ခြွေနေသည်။

ဏီသည်... စိတ်လှုပ်ရှားခြင်း၊ ဝမ်းနည်းကြေကွဲရခြင်း၊ တုန်လှုပ်ရခြင်း၊ ဒေါသထွက်ရခြင်း မယုံနိုင်ခြင်းများစွာဖြင့် မင်းကို စောင့်မျှော်နေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ထက် တစ်နေ့ ပို၍ကြည့်ကောင်း စမတ်ကျလာခဲ့သော မင်းသည် ဖုန်းပြောလျက်နှင့်ပင် ဏို့ ထံသို့ လျှောက်လာခဲ့လေသည်။

ဏီကသာ ပြောချင်သော စကားတွေကို ပိုက်ပွေ့လျက် သူ့ကို တွေ့တွေ့ချင်း ပြောလိုက်မည်ဟု အားခဲထားသော်လည်း ပြောခွင့်မသာသေးပါ။ သူကလည်း မျှော်စောင့်နေသော ဏို့ကို အသိအမှတ်မပြုနိုင်သေးဘဲ ဏို့ရှေ့မှာ ဝင်ထိုင်ရင်း ဖုန်းပြောမပျက်...

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... ဟုတ်ကဲ့ စိတ်ချပါမမ။ ကျွန်တော် ဂရုစိုက်ပါတယ်။ ဟုတ်ကဲ့... အဲ့ဒီ ကာလာလေးတွေလည်း ကျွန်တော်ကြိုက်ပါတယ်။ ကျေးဇူးတင်ပါတယ် မမ။ မနက်ဖြန် စရိုက်မှာပါ၊ မြရိပ်ညိုမှာ ရိုက်မှာပါ။ ဟုတ်ကဲ့... လာခဲ့ပါ။ ကျွန်တော် စောင့်နေပါ့မယ်"

ဒါ... ဟိုမိန်းမကလွဲလို့ ဘယ်သူရှိဦးမလဲ။ ဏီရဲ့ ဒေါသတွေက ခုမှပင် မီးလောင်ရာ လေပင့်ဖြစ်လာသည်။

"မပြီးနိုင်တော့ဘူးလား မင်း။ ဏီ မင်းကို စကားပြောမလို့ စောင့်နေတယ်။ သူ့ကို ပြောလိုက်ပါ ဏီနဲ့ စကားပြောနေလို့ နောက်မှပြန်ဆက်ပါလို့"

"ရှူး... ခဏလေး"

မင်းက သူ့နှုတ်ခမ်းပေါ် လက်ညှိုးနှင့်ထိကာ တိတ်တိတ်နေဖို့ အချက်ပြပြီး ဆက်ပြောနေသည်။ ဏီက မင်းကို ဒေါသဖြင့် စိုက်ကြည့်နေဆဲ ခဏကြာမှ မင်းက ဖုန်းပိတ်လိုက်ကာ...

"အဲဒီလို လုပ်လို့ ဘယ်ကောင်းပါ့မလဲ ဏီရဲ့။ သူက ကိုယ့်ကျေးဇူးရှင်ပဲ၊ ကိုယ် အလေးထားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဏီက ရုတ်တရက် တိတ်ဆိတ်သွားကာ မင်းကို စိုက်ကြည့်နေရင်း မျက်ရည်တွေ အိခနဲ ဝိုင်းလာသည်။ ဏီက မင်းရဲ့ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်မိရင်း...

"မင်း ဒေါ်မြသားနွယ်ရဲ့ အကူအညီတွေနဲ့ လွတ်အောင်နေလို့ မရတော့ဘူးလားဟင်၊ သူ့ရဲ့ လွှမ်းမိုးမှုတွေကို မင်းခံနေရတုန်းလား။ အဲ့ဒီဖုန်းဟာ သူပေးထားတဲ့ ဖုန်းမဟုတ်လား၊ မင်း ခုထိ ပြန်မပေးသေးဘူးလား။ ဘာဖြစ်လို့ သူ့ အကူအညီတွေကို ဒီလောက်ထိ မက်မောဖက်တွယ်ထားရတာလဲ"

"သူက... ကိုယ့်ဘဝကို တိုးတက်စေတယ် ဏီ။ ဒါ့ကြောင့် ကိုယ် သူနဲ့ ခပ်ကင်းကင်းနေဖို့ မဖြစ်နိုင်ဘူး။ သူက ကိုယ့်ကို အကြံအများကြီး ပေးနိုင်တယ်။ သူ့ကြောင့် ကိုယ်အလုပ်တွေရတယ် အဆက်အသွယ်တွေ ရတယ်။ ဒီလို မိတ်ဆွေကောင်းတစ်ယောက်ကို ကိုယ် ဘယ်လိုအကြောင်းပြချက်နဲ့ ဖယ်ထုတ်ရမှာလဲ"

"မိတ်ဆွေလို ပတ်သက်မှုမျိုးသက်သက်မှ ဟုတ်ရဲ့လား၊ မင်း... မင်းဖို့ သူက အဝတ်အစားတွေက အစ ဝယ်ပေးနေခဲ့တယ် မဟုတ်လား။ မင်း ဒါကို ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



လက်ခံနေရတာလဲ။ ဏီ တကယ် အံ့သြရတယ်။ ဏီ ချစ်တဲ့ မင်းဟာ အဲဒီလို မိန်းမတစ်ယောက်ရဲ့ ထောက်ပံ့မှုယူတတ်တဲ့ ယောကျ်ားမဟုတ်ဘူး"

"ဒါက သူ့ဘာသာဝယ်ချင်လို့ ဝယ်လာပြီး ပေးတာပါ။ ကိုယ် မဝယ်ခိုင်းပါဘူး။ သူ ဝယ်ပေးတာတွေဟာ ကိုယ့်အတွက်တော့ အရမ်းအဆင်ပြေတယ်။ မိုဒယ်လ်ဖြစ်လာပေမယ့် ကိုယ်က နယ်ကလာတာပဲ။ အဝတ်အစားအမျိုးအစားတွေ ကိုယ် နားမလည်ဘူး မသိဘူး။ ကြည့်ကောင်းအောင် တွဲစပ်ပြီး တီထွင် မဝတ်တတ်ဘူး။ သူက ဖက်ရှင်မျက်စိရှိတော့ ဝယ်တတ်တယ်။ ဒါပေမဲ့ သူဝယ်လာတာတွေ ကိုယ်အလကား မယူပါဘူး။ သူ့ကုမ္ပဏီက တင်သွင်းတဲ့ ပစ္စည်းသစ်တွေအတွက် ဝေါ(လ်)ရှိတွေ ထုတ်ဖို့ ကိုယ်ပိုက်ဆံမယူဘဲ ပြန်ရိုက်ပေးနေတာပဲ"

"မင်း ပြောသလိုဆို မင်း ဘဝမှာ ဒေါ်မြသားနွယ် ဟာ မရှိမဖြစ်လို့တောင် ပြောလို့ရတယ်"

"ဏီ... ကျေးဇူးပြုပြီး စကားနာမထိုးပါနဲ့ကွာ"

"အဲ့ဒီ မိန်းမဟာ မင်းကို လိုလားသလောက် ဏီ့ကို အလိုမရှိဘူး ဆိုတာကိုရော မင်း သိရဲ့လား။ မင်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို အဖက်မတန်သလို ဆက်ဆံတာကိုကော မင်း... နာရကောင်းမှန်း သိရဲ့လား"

"သဘောထားမှန်တဲ့ သူတစ်ယောက်ဟာ လူတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ကြပြီဆိုရင် အဲဒီလူရဲ့ မိဘ၊ ဇနီး၊ ချစ်သူဆိုတာမျိုးတွေကို အသိအမှတ်ပြုကြတာပဲ။ ဒါ... ယဉ်ကျေးမှုပဲ။ ဒေါ်မြသားနွယ်ကတော့ ယဉ်ကျေးမှုရှိတဲ့အလွှာက မိန်းမဖြစ်လျက်နဲ့ ဏီ့ကို လုံးဝအသိအမှတ်မပြုဘဲ မင်း ဘေးနားက ဖယ်ထုတ်နေခဲ့တယ်။ အဲ့ဒါ သူ မင်းအပေါ် မရိုးသားလို့ဘဲ မဟုတ်လား။ သိပ်ဖြောင်ကျလွန်းပါတယ် မင်းရယ်"

ဏီ့စကား မဆုံးရသေးခင် မင်း ဖုန်းက အသံမြည်လာပြန်တာမို့ မင်းက ဖုန်းဖွင့် နားထောင်လိုက်သည်။

"ဟုတ်ကဲ့... ပြောပါမမ"

"လာပြန်ပြီ... ဒီမမ "

ဖုန်းက ဒေါ်မြသားနွယ်ထံမှပင် ဖြစ်သည်။ ဒီမိန်းမဟာ မင်းကို ဒီလိုပဲ တကျည်ကျည်ဆက်၊ ပျင်းတိုင်းဆက်နေတော့တာပါပဲလား။

"ဏီ့စကား မဆုံးသေးဘူး မင်း။ ဏီပြောတာကို ဆက်နားထောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဏီ… ခဏကွာ"

"မရဘူး၊ မင်း အားနာရင် ဏီပြောမယ် ဖုန်းပေး"

ဏီက မင်းလက်ထဲမှ ဖုန်းကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီး…

"ဒီမှာ… ဒေါ်မြသားနွယ် ကျွန်မတို့ ချစ်သူချင်း အေးအေးဆေးဆေး စကားပြောနေကြပါတယ်။ ကျေးဇူးပြုပြီး ခဏခဏ မနှောင့်ယှက်ဘဲ အလိုက်သိပေးပါ"

ဏီက ဖုန်းကို ပိတ်ချလိုက်တော့… မင်းက မျက်နှာပျက်ပျက်နှင့်…

"ဘယ်လို လုပ်လိုက်တာလဲ ဏီရာ… အားနာဖို့ကောင်းလိုက်တာ"

မင်းစကား ဆုံးဆုံးချင်းပင် ဖုန်းသံ မြည်လာပြန်တာမို့ ဏီက အရင်ဦးအောင် ကောက်ကိုင်လိုက်သည်။ သူမဆီကပဲ ဖြစ်မည်။

"ဟဲလို"

"မြတ်ပန်းဏီလား။ တို့ ခွင့်ပေးတယ်ဆိုတဲ့အကြောင်း ယူ့ကို ဖုန်းဆက်ပြောတာပါ။ အေးအေးဆေးဆေး ပြောကြပါ။ ယူတို့က တစ်ခါတလေမှပဲ တွေ့ရတာ မဟုတ်လား။ တို့က အမြဲတွေ့နေရ တာလေ"



www.burmeseclassic.com

www.burmeseclassic.com



ဏိုကို အသည်း ဆတ်ဆတ်ခါစေမည့် စကားလုံးများဖြင့် ထိုးနှက်ပြီး သူမ ဖုန်းပိတ်သွားခဲ့ပါသည်။

"ကြည့်စမ်း... ပြောရဲလိုက်တာ၊ သူက အမြဲတွေ့နေရတာ။ ဏီက တစ်ခါတလေမှ တွေ့ရတာတဲ့"

"ဏီ ဖုန်းလုပြောလိုက်လို့ ဒေါသဖြစ်ပြီး၊ မခံချင်အောင် ပြောတာနေမှာပါကွာ"

"မင်း လျှော့ပေါ့ စဉ်းစားပြီး ပြောမနေပါနဲ့"

"စိတ်ညစ်လာပြီကွာ..."

"အဲ့ဒီလို စိတ်ညစ်လာမှာစိုးတာတွေကြောင့် ဏီ... နောက်ဆုတ် ရှောင်ဖယ်ပေးခဲ့တာ မင်း။ မင်းရဲ့ ရိုက်ကွင်းကို ဏီ ပထမဦးဆုံး လိုက်တဲ့နေ့ကပဲ သူက ဏီ့ကို ခေါ်ပြောခဲ့တယ်။ ဏီနဲ့ ပတ်သက်ပြီး ကောလာဟလတွေ ထွက်မှာစိုးလို့တဲ့လေ။ သိပ်ရယ်ရတာပဲ။ ခု... သူနဲ့ ကောလာဟလတွေ ထွက်နေတာရော သူ မသိဘူးလား။ ကိုယ့်ချစ်သူနဲ့ ကိုယ် ကောလာဟလ အထွက်ခံရတာကမှ မင်းအတွက် အဖတ်ဆယ်လို့ ရနိုင်ပါသေးတယ်။ သူ့လို မမကြီး တစ်ယောက်နဲ့ထွက်တဲ့ ကောလာဟလက မင်းရဲ့ သိက္ခာတွေကို အဖတ်ဆယ်မရအောင် ပျက်စီးစေတာ မင်း နားလည်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကောလာဟလကတော့ ထွက်မှာပဲ ဏီ…၊ ကိုယ် သိပ်ဂရုမစိုက်ပါဘူး။ ကိုယ်တို့လို အလုပ်လုပ်တဲ့ လူတိုင်း အနည်းနဲ့အများဆိုသလို ကြုံရတာပဲ"

"လူတွေပြောစရာ အခြေအမြစ် တစ်ခုရှိလို့သာ ကောလာဟလ ထွက်လာတာပေါ့။ မင်းနောက်က သူတစ်ကောက်ကောက် လိုက်နေတာ ဏီ သိတယ်၊ မြင်တယ်၊ တခြားလူတွေလည်း သိကြတယ်။ မင်း အနေအထိုင် ဆင်ခြင်ရင် ဒီလို သတင်းထွက်လာဖို့ အကြောင်းမရှိဘူး"

"ဏီ့ကို ကိုယ်ပြောဖူးပြီပဲ၊ သူက သူ့အလုပ် ကိစ္စ တွေအတွက် ကိုယ့်ကို လေ့လာချင်လို့ ကိုယ့်ရိုက်ကွင်း ကို ရောက်လာတယ်။ သူ့ ကုန်ပစ္စည်း စျေးကွက်မှာ ပေါက်သွားတာဟာ ကိုယ်သရုပ်ဆောင်တဲ့ ကြော်ငြာ ကြောင့်လည်း တစ်စိတ်တစ်ပိုင်းပါတယ်။ ဒါ့ကြောင့် သူက ကိုယ့်ကို ကျေးဇူးတင်တယ်။ လိုအပ်တာတွေ ကူညီတယ်။ ဒါပဲလေ သူ လိုက်လာတာကို ကိုယ်က မလာနဲ့လို့ ပြောလို့ဖြစ်မလား"

"ကောင်းပြီ၊ ဒီလိုဆိုရင် ဏီ နောက်တစ်ခု မေးမယ်။ မင်း အမှန်အတိုင်း ဖြေပါ။ ဂျာနယ်ထဲမှာ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့အကြောင်း မင်း ဖြေထားတာ မင်း သဘောနဲ့ မင်းလား၊ သူ အကြံပေးလို့လား"

မင်းက ခဏ တိတ်ဆိတ်သွားပြီးမှ...

"ကိုယ်က အင်တာဗျူးတွေ သိပ်မဖြေတတ်ဘူး ဏီ။ အမှန်အတိုင်းပြောရရင် ဘယ်လိုမေးခွန်းမျိုး လာရင် ဘယ်လိုဖြေရမယ်၊ ကိုယ့် Role ကို မကျ စေမယ့် အဖြေမျိုး၊ အမှန်အတိုင်း မပြောသင့်တဲ့ အဖြေမျိုးတွေကို ဒေါ်မြသားနွယ်ပဲ ကိုယ့်ကို ပြောပြ ခဲ့တာ"

"ဏီ ထင်တော့ ထင်ပါတယ်။ ဏီ မခံချင်တာက မင်း အဖြေအတွက် မဟုတ်ဘူး။ ဏီက မဏ္ဍပ်တိုင် တက်ပြချင်တဲ့ မိန်းမလည်း မဟုတ်ဘူး။ သူ့ရဲ့ လွှမ်းမိုးချုပ်ကိုင်မှုကိုပဲ ဏီ မခံချင်တာ"

"ဏီ့ ခေါင်းထဲက သူ့ကို ထုတ်ထားပစ်လိုက်စမ်းပါ ကွာ ၊ ကိုယ်တို့တွေ့ရတုန်း အေးအေးဆေးဆေး စကားပြောရအောင်ပါ "

"ထုတ်လို့မရဘူး မင်း၊ မင်းကို သူ လွှမ်းမိုးနေတာနဲ့ အမျှ သူ့အကြောင်းက ဏီ့ကို လွှမ်းမိုးနေဦးမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဏီက ဒေါသဖြင့် ပြောနေဆဲ ဖုန်းက နောက်တစ်ကြိမ် မြည်လာပါသည်။ ဒီတစ်ခါ ဖုန်းကိုင်သူက မင်းဖြစ်သည်။

"ဟုတ်ကဲ့... ဟုတ်ကဲ့ပါ ကျွန်တော် မမေ့ပါဘူး ဂရုစိုက်ပါ့မယ်"

မင်းက နာမ်စားမသုံးဘဲ ဖုံးဖုံးဖိဖိပြောနေသော်လည်း မင်းလေသံနှင့် မင်းအမူအယာကို ကြည့်ခြင်းအားဖြင့် ဒါက ဒေါ်မြသားနွယ်ရဲ့ ဖုန်းပဲဆိုတာ ဏီ သဘောပေါက်ပါသည်။

ဏီ့ တစ်သက်လုံး သိမ်းဆည်းလာရသည့် ဒေါသတွေ၊ မခံချင်စိတ်တွေ၊ ပွင့်ကွဲထွက်လာကာ မင်းလက်ထဲက ဖုန်းကိုဆွဲယူပြီး ဏီတို့ ထိုင်နေသည့် သီးသန့်ခန်းထောင့်သို့ ပစ်ပေါက်လိုက်သည်။

"ဟာ... ဏီ ဘယ်လို လုပ်တာလဲကွ"

"ဒီမှာ မင်း... မင်း ဘယ်သူနဲ့ ပြောနေသလဲဆိုတာ ဏီ သိတယ်။ မင်းရဲ့ မမက ဏီ့နဲ့မင်း အတူရှိနေမှန်းသိလို့ သူ့ရဲ့ လုပ်ပိုင်ခွင့်တွေကို တမင်ပြနေတာ။ သူ အလိုရှိတဲ့အချိန်မှာ အချိန်မရွေးဆက်လို့ရအောင် ဒီဖုန်းကို မင်းအတွက် သူ ပေးထားတာ။ မင်း ဒီဖုန်းကို ပြန်ပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



“မဖြစ်ဘူး ဏီ။ တခြား အလုပ်ကိစ္စတွေအတွက် ဆက်သွယ်ဖို့ ရှိသေးတယ်။ ဒီဖုန်းက ဒေါ်မြသား နွယ်အတွက်လည်း ပိုနေတယ်။ ကိုယ်အလကား မယူပါဘူး၊ ကိုယ်သုံးတဲ့ လတွေအတွက် ငှားခသဘောမျိုး ပြန်ပေးမှာပါ”

“မင်း ပေးတော့ကော သူက ယူမှာတဲ့လား”

“ဒါတော့ ကိုယ်လည်း မသိဘူး”

“ဒီမှာမင်း သူ့ဆီက အကြံဉာဏ်တွေ၊ အဆက်အသွယ်တွေ၊ ပံ့ပိုးမှုတွေ ရနေတာနဲ့အမျှ မင်းဘက်က ဂုဏ်သိက္ခာနဲ့ ဘဝတစ်ခုလုံးကို လဲလှယ်ပေးနေရတယ်ဆိုတာကို မင်း သဘောပေါက်ရဲ့လား။ နမြော တသ ရကောင်းမှန်း သိရဲ့လား။ ငါ ယောကျ်ားပဲ နစ်နာစရာမရှိဘူးလို့ မတွေးပါနဲ့ မင်း။ မိန်းမ တစ်ယောက်က ယောကျ်ားတစ်ယောက်ရဲ့ ပံ့ပိုးမှုကို ယူတာထက် ယောကျ်ားတစ်ယောက်က မိန်းမ တစ်ယောက်ရဲ့ပံ့ပိုးမှုကို ခံရတာက ပိုပြီးဂုဏ်သိက္ခာမဲ့တယ်၊ လူ အထင်သေးစရာဖြစ်တယ်”

“ကိုယ် သူ့ဆီက ဘာမှ မတောင်းခဲ့ဘူး။ သူ့ ဘာသာ အလိုအလျောက် ပေးလာခဲ့တာတွေကိုတော့ ကိုယ် မငြင်းဆန်ခဲ့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မငြင်းနိုင်တာကိုက ယောကျ်ားတွေရဲ့ ပျော့ကွက်ပဲလား မင်းရယ် ဟင်... ။ ယောကျ်ားဆိုတာ မိန်းမတွေရဲ့ ချိုသာလိုက်လျောမှုတွေကို မငြင်းရတော့ဘူးတဲ့လား။ ငြင်းသင့်ရင် ငြင်းရဲတဲ့ သတ္တိ၊ ပြတ်သားရဲတဲ့ သတ္တိရှိစမ်းပါ"

မင်းက ဘာမှ မပြန်မပြောတော့ဘဲ ခေါင်းငုံ့ငိုင်တွေနေသည်။ ဏီက မင်းလက်ကို ဆုပ်ကိုင်ကာ မင်းမျက်နှာကို ငုံ့ကြည့်ရင်း...

"မင်း... ဏီ့ကို ကတိပေးပါ။ ဒေါ်မြသားနွယ်ရဲ့ လောင်းရိပ်နဲ့ လွတ်ကင်းအောင်နေပြီး ကိုယ့် အစွမ်းအစတစ်ခုတည်းနဲ့ ရပ်တည်ပါမယ်လို့ ဏီ့ကို ကတိပေးပါ"

"ကိုယ် ကြိုးစားပါ့မယ် ဏီ။ ကိုယ့်ကို အချိန်တော့ပေးပါ။ လောလောဆယ် သူထုတ်မယ့် VCD မှာ ကိုယ်သရုပ်ဆောင်ဆေးဖို့တွေ ရှိသေးတယ်။ ချက်ချင်းကြီးတော့ ဖြတ်တောက်လို့ မရသေးဘူး"

"ကောင်းပြီ မင်း... ။ မင်း ကြိုးစားမယ်ဆိုရင် ဏီ ကျေနပ်ပါတယ်။ ဏီ စောင့်ကြည့်ပါ့မယ်"

မင်းက ဏီ့ကို မြတ်နိုးစွာ ငေးကြည့်နေခဲ့ရင်း...

"ဘယ်သူတွေ ဘာပဲပြောပြော ဘယ်လိုအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



တွေပဲရှိရှိ ဏီက ကိုယ့်ဘဝရဲ့ ပထမဆုံးနဲ့ နောက်ဆုံး အကောင်းဆုံး ချစ်သူပါပဲ။ ကိုယ့်အချစ်တွေအားလုံး ဏီ့ဆီမှာပဲရှိတယ်။ ဘယ်သူ့ကိုမှ ကိုယ် မမျှဝေခဲ့ဘူး"

"မင်း ချစ်တာကို ဏီ ယုံပါတယ်။ ဏီ စိုးရိမ်တာက မင်းကို အချစ်နဲ့မပတ်သက်တဲ့ နှောင်ကြိုးတွေ အချည် ခံရမှာကိုပဲ"

"ဒီကိစ္စတွေကို ကိုယ်တို့ ဘဝထဲက ခဏဖယ်ထား လိုက်ကြရအောင်ကွာ။ အခု အတူရှိနေတာ ဟိုး ငယ်ငယ်လေးကတည်းက သိပ်ချစ်၊ သိပ်သံယောဇဉ် ရှိကြတဲ့ မင်းမာန်ခဆိုတဲ့ ကောင်လေးနဲ့ မြတ်ပန်းဏီ ဆိုတဲ့ သူငယ်မလေးပဲ။ ကိုယ်တို့ အရင်က မစားဘူး တဲ့၊ မစားနိုင်တဲ့ စားစရာတွေ အများကြီးမှာပြီး ဗိုက်ကားအောင် စားပစ်လိုက်မယ်ကွာ။ ဟုတ်ပြီလား"

မင်းက ပြုံးရွှင်စွာ ပြောရင်း စားစရာတွေ အများကြီး မှာလိုက်လေသည်။ မကြာခင် တစ်ခုပြီးတစ်ခု ရောက်လာသော ဟင်းပန်းကန်တွေမှာ စားပွဲနှင့်တောင် မဆန့်ချင်။ ဏီက ပျော်ရွှင်လာကာ မျက်လုံးပြူး၊ လျှာ ထုတ်ပြရင်း…

"အမယ်လေး စားပိုးနင့်ပြီး သေတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရင်တုန်းက ငတ်သမျှ အတိုးချ စားတယ်လို့ပဲ သဘောထားကွာ။ ကိုယ်လေ ပိုက်ဆံတွေရတိုင်း ဏီ ပေါက်စီတစ်ပိုင်းကို အငမ်းမရစားခဲ့တဲ့ ပုံစံလေးကို သွား သွားသတိရတယ်။ အဲ့ဒီတုန်းကတည်းက ပိုက်ဆံတွေ အများကြီးရှာနိုင်ရင် ဏီ စားချင်တာတွေ ဗိုက်ကားအောင် ဝယ်ကျွေးပစ်လိုက်မယ်လို့ စိတ်ကူးထားတာ"

"ဏီကလည်းလေ ဝက်သားတုတ်ထိုးသည် မြင်တိုင်း မင်းကို သတိရတယ် သိလား။ အဲဒီတုန်းကများ မင်းက သိပ် အစားငမ်းတာပဲ။ ဂျီကျသလားလည်း မမေးနဲ့။ ပိုက်ဆံမရှိပါဘူးဆိုမှ ဝက်သားတုတ်ထိုး စားချင်ရတာနဲ့၊ ရေသန့်မှ သောက်ချင်ရတာနဲ့၊ တက္ကစီငှားစီးချင်ရတာနဲ့ ဗိုက်ကလည်း ခဏခဏ ဆာရသေး။ သူ့အပြင် ညည်းညူတတ်တာလည်း နှစ်ယောက်မရှိဘူး"

"အဲ့ဒီတုန်းက ဏီ ဝယ်ကျွေးတဲ့ ဝက်သားတုတ်ထိုး အရသာကို တစ်သက် မမေ့ပါဘူးကွာ"

"သိပ်ငတ်တာပဲ၊ တစ်ထိုင်တည်း စားပစ်လိုက်တာ တစ်ထောင်ဖိုးတောင် ဏီဖြင့် သူစားနေတာကြည့်ပြီး ဘယ်တော့မှ ရပ်ပါ့မလဲလို့ ရင်မနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်... တစ်ထောင်ဖိုးများ ဘာရှိလို့လဲ၊ အဲဒီတုန်းက ကျုပ်က ခင်ဗျားလေး နှလုံးရောဂါ ရသွားမှာစိုးလို့ သနားလို့ မဝသေးဘဲ ရပ်ပစ်လိုက်ရတာ ထပ်စားရင် နောက်ထပ် နှစ်ထောင်ဖိုးလောက်တော့ အသာလေးပဲ"

ဏီတို့သည် ချက်ချင်းပင် နုပျိုလာကာ ပျော်ရွှင်လွတ်လပ်ခြင်း အရသာကို ပြန်ခံစားမိကြသည်။ ဏီတို့သည် ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောရင်း ဘာအကာမှမရှိသော ရိုးစင်းစွာချစ်ခဲ့ကြသော ပကတိ ချစ်သူများအဖြစ်သို့ ပြန်လည်ရောက်ရှိသွားကြသည်။ အစားတွေကို အလုအယက်စားရင်း စကားတွေကိုလည်း အလုအယက် ပြောနေမိကြသည်။

ထိုနေ့က ဏီတို့နှစ်ယောက်သည် တစ်ချိန်က ပျော်ရွှင်ခဲ့ရသည်များ၊ မောပန်းခဲ့ရသည်များ၊ ဆင်းရဲဒုက္ခရောက်ခဲ့ရပုံများ၊ ရယ်စရာကောင်းပြီး မောစရာလည်း ကောင်းသည့် အဖြစ်သနစ်များကို ပြန်ပြောင်းပြောကြရင်း တစ်ချိန်က ချစ်သူဘဝထဲသို့ ပြန်လည်ရောက်ရှိသွားခဲ့ကြကာ အရာရာကို မေ့လျော့နိုင်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [ ၃ ]

www.burmeseclassic.com

www.burmeseclassic.com

## ၁၈

ဏီသည် ဏီ့ချစ်သူ မင်းမာန်ခ၊ ဏီ့ချစ်သူကို ပိုင်စိုးဟန်ဖြင့်ရှိနေသော ဒေါ်မြသားနွယ်နှင့်တကွ ကောလာ ဟလလား... တကယ်လား... မသိသောစကားတွေကို တစ်ယောက်တစ်မျိုး ပြောနေကြသော လူစုလူဝေးနှင့် ဝေးရာသို့ လှည့်ထွက်လာရင်း ခြေလှမ်းတွေပင် ယိုင်နဲ့ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဏီသည် မင်းနဲ့တွေ့တုန်း ခဏသာ စိတ်ချမ်းသာမှုကို ရရှိခဲ့တာဖြစ်သည်။ ရှေးဟောင်းနှောင်းဖြစ်တွေပြန်ပြောရင်း ပျော်ရွှင်ခဲ့ရသော ညနေခင်း၏ နောက်ပိုင်းတွင် မင်းက နယ်ထွက်ရိုက်ရတာ၊ နေ့စဉ်ရက်ဆက် အလုပ်လုပ်နေရတာကို အကြောင်းပြကာ ဏီ့ကို မကြာခဏ လာမတွေ့နိုင်ခဲ့ချေ။ ဏီကလည်း နားလည်စွာပင် သူ ဒေါ်မြသားနှယ်နှင့် ကင်းကွာပြတ်တောက်သွားမည့် အခြေအနေကို မျှော်လင့်နေခဲ့ရသည်။

ကောလာဟလတွေကတော့ ခုထိ သေဆုံးမသွားနိုင်ဘဲ အင်အားကောင်းကောင်းဖြင့် ရှင်သန်နေဆဲဖြစ်သည်။

ဒါတွေဟာ ကောလာဟလတွေပါ။ တကယ်မဟုတ်ပါဘူး ဟု အားတင်း ကျားကန်ထားရသည့်ကြားမှပင် မြင်ရသောမြင်ကွင်းနှင့် ကြားရသောစကားတွေအတွက် ဏီခံနိုင်ရည် မရှိချင်ပါ။

ဏီသည် မင်းအတွက်ဝယ်လာသော မွေးနေ့လက်ဆောင်ထုပ်လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း မြင်ခဲ့ရသောမြင်ကွင်းကို မျက်စိထဲက ပျောက်ရအောင် အတော်ကြိုးစားယူရသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေ ဒီလောက် ပြောနေကြတာကိုလည်း မှုပုံမရတဲ့ သူမဟာ လူပုံအလည်မှာ မင်းကို အကျီလှမ်းပေး နေပုံက တရင်းတနှီး။ ကော်လာစတောင် ဆွဲညှိပေးလိုက် သေးသည်။

ဒါကို မင်းက လက်ခံနေသလား၊ သာယာနေ သလား။ ဏီသည် စိတ်ထဲကသာ အပြစ်တင်နေမိသော် လည်း သူနဲ့တွေ့သည့်အခါ အပြစ်တင်စကားမပြောမိဖို့ သတိထားရမြဲ ဖြစ်သည်။ ဏီနဲ့တွေ့တိုင်း စိတ်အနှောင့် အယှက်ဖြစ်ရတာမျိုးကို ဏီ မလိုချင်။ ဏီတို့နှစ်ယောက်ရဲ့ ပျော်ရွှင်ရသောအချိန်တွေကို သူမအတွက် ဖဲ့မပေးနိုင်ပါ။ မင်းလည်း သူ့လောင်းရိပ်ကလွတ်အောင် ကြိုးစားနေခဲ့ တာပဲ။ တစ်နေ့ကျ ဏီတို့ ဘဝထဲက သူ့အလိုလို ထွက်ခွာ သွားလိမ့်မည်။ ခုန ဏီမြင်ခဲ့တဲ့ မြင်ကွင်းထဲမှာ သူမကသာ ပိုကဲပြနေပေမယ့် မင်းက တည်တည်ငြိမ်ငြိမ်ပါပဲ။ ဏီသည် ဖြေသာအောင်တွေးရင်း မင်းကို သံသယမဝင်မိဖို့ ကြိုးစား ရသည်။

ထိုနေ့က ဏီသည် မင်းနှင့်အတူ ထိုင်ခဲ့ဖူး သော အင်းလျားကန်ပေါင်တွင် ထိုင်နေခဲ့မိသည်မှာ ညနေ မိုးစုပ်စုပ်ချုပ်သည်အထိ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက မင်း ဏီ့အဆောင်သို့ ဖုန်းဆက်ခဲ့ပါသည်။

"ဏီ မနက်ဖြန် ကိုယ့်မွေးနေ့ဆိုတာ သတိရရဲ့လား"

"မွေးနေ့လက်ဆောင်တောင် ဝယ်ပြီးသွားပြီ"

"ကိုယ်လည်း ဏီ့ကို အထူးဧည့်ခံကျွေးမွေးဖို့ စီစဉ်ပြီးသွားပြီ၊ ကိုယ့်ရဲ့ အထူးဧည့်သည်တော်ကလည်း တစ်ယောက်တည်းပဲ။ ကိုယ့်မွေးနေ့ကို ဏီနဲ့ ကိုယ်နှစ်ယောက်တည်းပဲ ကျင်းပကြမယ်"

စောစောက လောင်မြိုက်ခဲ့ရသော အပူမီးကို ငြိမ်သတ်ပေးနိုင်သော အစီအစဉ်ဖြစ်ပါသည်။

သို့သော်... အရာရာဟာ မျှော်လင့်သလိုတော့ ဖြစ်မလာနိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com

## ၃၉

ထိုနေ့က မင်းရဲ့ မွေးနေ့ပွဲကို မင်းအသိမိတ်ဆွေတစ်ယောက်ပိုင်ဆိုင်သော စားသောက်ဆိုင်ရဲ့ သီးသန့်ခန်းထဲတွင် ဏီတို့နှစ်ယောက်တည်း တိတ်ဆိတ်စွာ Romantic ဆန်စွာ ကျင်းပခဲ့ကြတာဖြစ်သည်။ ဏီတို့နှစ်ယောက်ရဲ့ ကမ္ဘာငယ်လေးဟာ တကယ့်ကို လှပခဲ့ပါသည်။

မီးရောင်ပျပျလေးသာ လင်းနေသော သီးသန့်ခန်းထဲမှာ မင်းက ဏီ့အလာကို အသင့်ကြိုစောင့်နေခဲ့သည်။ ဏီသည် ကိုယ့်ကိုယ်ကိုယ် မပြင်စဖူး အလှတွေပြင်လာတာ



www.burmeseclassic.com

www.burmeseclassic.com



မို့ အနည်းငယ်ပင် ရှက်ကိုးရှက်ကန်း ဖြစ်နေရသည်။ ဏို့ရဲ့ အလယ်ခွဲဆံပင် ပျော့ပျော့စင်းစင်းလေးတွေကို အရင်လို သားရေကွင်းဖြင့် ဖြစ်သလိုစည်းနှောင်မထားဘဲ ဖြန့်ချထား ခဲ့သည်။ အရင်ကဆို ဏီက ပခုံးသာသာရှည်သည့် ဏို့ ဆံပင်တွေကို သားရေကွင်းဖြင့် အမြဲစည်းနှောင်ထားတာမို့ ဆံပင်စတချို့ ကပိုကရိုကျကာ ဏို့ပုံစံက စမတ်တကျမရှိ ခဲ့ပါ။ အရပ်မြင့်ကာ အဆီပိုမရှိဘဲ ပိန်ပိန်သွယ်သွယ် ခန္ဓာ ကိုယ်ပေါ်မှာ အင်္ကျီပွပွတွေကိုသာ ဏီက သက်သာချောင်ချိ သည်ဟုဆိုကာ အလွယ်တကူ ဝတ်ဆင်ခဲ့တာမို့ ဏို့အလှက ပေါ်လွင်ထင်ရှားခြင်း မရှိခဲ့ပါ။ မင်းက ဏို့ကို ပြောခဲ့ဖူးသည်။ ဏီဟာ ကိုယ့်အလှကို ဖုံးကွယ်ထားသူတဲ့။ နှုတ်ခမ်းပေါ် ဘယ်တော့မှ ဆေးမတင်၊ မျက်ခုံး ကွေးကွေးလေးနှင့် မျက်ဝန်းအိမ် ကျယ်ကျယ်တစ်ဝိုက်မှာ ဘာမိတ်ကပ်ပစ္စည်းမှ မလိမ်းခြယ်တတ်သော ဏို့ရဲ့ မျက်နှာလေးက အင်မတန် ချစ်စရာကောင်းသတဲ့။ ဆေးဆိုးပန်းရိုက် မျက်နှာတွေထက် သာသေးသတဲ့။ ဏီသည် မင်းပြောခဲ့ဖူးတာတွေကို သတိရ လာကာ တစ်ယောက်တည်း ပြုံးမိခဲ့သေး၏။

ဏီက... မင်း ဏို့အတွက် လက်ဆောင်ပေးခဲ့ သော ဂါဝန်အဖြူလေးကိုဝတ်လာကာ မဝတ်စဖူးမို့ ရှိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



ရှန့်တန့်ဖြစ်လျက် မင်းရှေ့သို့ လျှောက်လာခဲ့ရသည်။ မီးရောင်မှိန်သော်လည်း ဝတ်စုံဖြူလေးကြောင့် ဏီက ထင်းပစွာ ပေါ်လွင်နေခဲ့ပါသည်။

"ဏီ တကယ်လှတယ်ကွာ၊ ဒီလောက်လှလိမ့်မယ်လို့ ထင်တောင်မထင်ဘူး၊ ဒီဝတ်စုံကြောင့် ပိုလှသွားတာ ဖြစ်မယ်"

"နဂိုရှိလို့ နဂိုင်းထွက်တာပါ"

"အကြွားမ လာခဲ့၊ ဘယ်မှာလဲ မွေးနေ့လက်ဆောင်"

"ဏီ့ လက်ဆောင်က တန်ဖိုးတော့ သိပ်မကြီးဘူးနော်။ နယ်မှာ နေတုန်းကတည်းက ဏီဝယ် ပေးနေကျ ပုဆိုးကွက်စိပ်ကလေးနဲ့ ရှပ်အင်္ကျီဖြူလေးပဲ။ အဲဒီလို ဝတ်စုံမျိုးလေး မင်းဝတ်ရင် ဏီ သိပ်သဘောကျတယ်။ အဖြူက ဟောင်းပြီး နည်းနည်း ဝါကြင့်ကြင့် ဖြစ်နေတာကို မင်းဝတ်ထားလည်း ကြည့်လို့ကောင်းတာပဲ။ ဂျင်းဘောင်းဘီနဲ့ တီရှပ်ကို မင်းကြိုက်လို့သာ ဝယ်ပေးခဲ့ပေမယ့် ဏီတော့ မကြိုက်ဘူး။ မုန်းတောင် မုန်းသေးတယ်"

ဏီက ဏီဝယ်လာသော ဝတ်စုံကို စားပွဲပေါ် လှမ်းတင်လိုက်စဉ် စားပွဲထက်မှ ထူးခြားသောအသွင်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ရလေသည်။ စားပွဲပေါ်မှာ မွေးနေ့ကိတ်လည်း မရှိ၊ တခြားစားစရာတွေလည်း ဘာတစ်ခုမှ မတွေ့ရ။ ဘာမှန်း မသိသော ပစ္စည်းတချို့ကို အဝတ်ဖြူဖြင့် အုပ်ဆိုင်းထား တာကိုသာ တွေ့ရပါသည်။

"မွေးနေ့ရှင်က ဘာကျွေးမှာလဲ၊ ဘာတွေ မှာထားလဲ။ အများကြီး စားရမှနော်"

"ဒီဆိုင်က အအေးလောက်ပဲ မှာထားတာ၊ တခြား ဘာမှ မမှာပါဘူး"

မင်းက ပြုံးစိစိပြောရင်း စားပွဲပတ်ပတ်လည်မှာ ဖယောင်းတိုင်တွေ လိုက်ထွန်းနေသည်။

"ဟင်... ဒါဆို ဏီက ဘာစားရမှာလဲ၊ မင်း တစ်ဝ ကျွေးမယ်မှတ်လို့၊ ဏီ ဘာမှ စားမလာတာနော်၊ ဗိုက်ထဲက ဆာတောင်လာပြီ"

"စားရမှာပေါ့။ ဏီကြိုက်တာတွေ တစ်ဝစားရမယ်။ ဟောဒီမှာ ကြည့်..."

မင်းသည် ရုတ်တရက် စားပွဲအလယ်မှာ အုပ်ထားသည့် အဝတ်စအဖြူကို မျက်လှည့်ပြသူလို ဖျတ်ခနဲ ဆွဲဖယ်လိုက်ရာ လင်ပန်းကြီးဖြင့်အပြည့် အစီရရီထည့်ထားသော ပေါက်စီများနှင့် အသင့်ပြင်ထားသော မုန့်ဟင်းခါး ပန်းကန်များကို ဘွားခနဲ တွေ့လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်... ပေါက်စီတွေ... မုန့်ဟင်းခါးတွေ"

ဏီက တအံ့တသြ ထအော်လိုက်မိရင်း မင်းရဲ့ စိတ်ကူးကို ရိပ်မိသွားရသည်။ ရင်ထဲမှာ ကြည်နူးမှုဖြင့် တဖျုတ်ဖျုတ် တုန်ယင်လာခဲ့ပါသည်။

"ဏီ သိပ်စားချင်လို့ တစ်ယောက်တစ်ခြမ်းစားမယ် ဆိုမှ ဝယ်စားခဲ့ရတဲ့ ပေါက်စီတွေ၊ ကိုယ်တို့နှစ်ယောက် တစ်ပန်းကန်မဝတဝ စားခဲ့ရတဲ့ မုန့်ဟင်းခါးတွေနဲ့ ဏီ့ကို ဧည့်ခံပါတယ်။ ကြိုက် သလောက်သာ စားစေဗျား"

ရယ်မြူးနေသော မင်းရဲ့ မျက်လုံးတွေကို ဖယောင်းတိုင်မီးရောင်ဖြင့် အသေအချာမြင်ရသည်။ တောက်ပနေသော မျက်ဝန်းတွေကို ဏီ စိုက်ကြည့်နေမိခဲ့သည်။ ဏီ့မျက်ဝန်းထဲ မျက်ရည်စို့လာသည်အထိ ကျေနပ်ခဲ့ရပါသည်။

"အခုလည်း တစ်ယောက်တစ်ဝက်ပဲ စားမယ်"

ဏီက ပေါက်စီတစ်လုံးယူကာ တစ်ခြမ်းဖဲ့ပြီး မင်းကို ပေးလိုက်သည်။

"ဒါဆို မုန့်ဟင်းခါးလည်း တစ်ယောက်တစ်ဝက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းက မုန့်ဟင်းခါး တစ်ပန်းကန်လှမ်းယူကာ ဏှီကို တစ်ဇွန်းလှမ်းခွံ့ပြီး၊ သူ တစ်ဇွန်း ခပ်စားလိုက်သည်။

ဏှီတို့သည် တစ်ယောက် တစ်ဝက်နှုန်းဖြင့် ပေါက်စီတစ်လုံးပြီး တစ်လုံး၊ မုန့်ဟင်းခါးတစ်ပွဲပြီး တစ်ပွဲ ဗရုတ်သုတ်ခ အလုအယက် လောဘတကြီးစားသောက်နေကြဆဲ မင်း ဖုန်းက အသံမြည်လာသည်။ ဏှီရင်ထဲ ဒိတ်ခနဲတုန်သွားကာ ဒေါ်မြသားနွယ်လားဟု ရင်မနေရပါသည်။

“မောင်စိုးလား။ အေး… ပြော၊ ငါ အခု တက္ကသိုလ်ရိပ်သာလမ်းက… ဆိုင်မှာကွ၊ ဘာမှ မစီစဉ်နဲ့တော့လေ၊ ငါ ဒီမှာပဲ စားလိုက်တော့မယ်”

မင်းက ဖုန်းပြန်ပိတ်လိုက်ပြီး…

“ကိုယ်နဲ့အတူနေတဲ့ ကောင်လေးလေ၊ ကိုယ် ဘယ်အချိန်ပြန်လာမှာလဲ၊ ဘယ်ရောက်နေလဲ၊ သူ စားစရာ ဘာစီစဉ်ထားရမလဲ လှမ်းမေးတာ”

ဏှီတို့ အေးအေးဆေးဆေး အနှောင့်အယှက်ကင်းကင်း ဆက်စားနေခဲ့ကြသည်။ သို့သော်… နောက် ဆယ့်ငါးမိနစ်ခန့်အကြာတွင် ဏှီတို့အခန်းရှေ့သို့ ဆိုင်ဝန်ထမ်းကောင်လေးတစ်ယောက် ဝင်လာခဲ့ကာ…



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို... အစ်ကို့ကို တွေ့ချင်လို့တဲ့။ လူနှစ်ယောက် ရောက်နေပါတယ်"

"ဘယ်သူတွေလဲ၊ ကိုယ် ဒီမှာရှိနေတာ ဘယ်လို သိတာလဲ"

"အဲဒါတော့ ကျွန်တော်လည်း မသိဘူးအစ်ကို၊ ဒေါ်မြ သားနွယ် လွှတ်လိုက်တဲ့ သူတွေလို့တော့ ပြောတာပဲ"

"သြော်... ဒါဆိုလည်း ဝင်လာခိုင်းလိုက်လေ"

ကြံဖန်ဝင်လာပြန်သော ထိုအနှောင့်အယှက်အတွက် ဏီအပျော်တွေပင် အရှိန်တန့်သွားရသည်။ ဆိုင်ဝန်ထမ်းလေး ထွက်သွားပြီ လူနှစ်ယောက်ဝင်လာကာ မင်းရှေ့မှာ တရိုတသေ ဦးညွှတ်လိုက်ရင်း...

"ကိုမင်းမာန်ခကို ခေါ်ခဲ့ဖို့ ကျွန်တော်တို့ကို ဒေါ်မြ သားနွယ် လွှတ်လိုက်လို့ပါ ခင်ဗျာ"

'ကျွန်တော် ဒီမှာရှိမှန်း ခင်ဗျားတို့ ဘယ်လို သိလာသလဲ"

"ကိုမင်းမာန်ခ အိမ်ကလူကို ဒေါ်မြသားနွယ်က မေးခိုင်းထားတာပါ။ ကိုမင်းမာန်ခကို အံ့သြစေချင်လို့ သူကိုယ်တိုင်လည်း ဖုန်းမဆက်ဘဲ ဟိုကပဲ ဆောင့်



www.burmeseclassic.com

www.burmeseclassic.com



နေတာပါ။ အမြန်ဆုံး ခေါ်ခဲ့ဖို့၊ ဘာမှ ကြိုပြောပြ မထားဖို့ မှာလိုက်ပါတယ်ခင်ဗျာ။ ကိုမင်းမာန်ခရဲ့ ဧည့်သည်တွေလည်း စောင့်နေကြပါတယ်”

မင်းက သက်ပြင်းချကာ ဏီ့ကို တောင်းပန်သလိုကြည့်ရင်း...

“သွားမှ ကောင်းမယ် ဏီ၊ လာ... ဏီလည်း လိုက်ခဲ့”

မင်းက ဏီ့လက်ကို ဆွဲယူကာ ထိုလူနှစ်ယောက်နောက်မှ လိုက်လာခဲ့သည်။ အတူရင်ဆိုင်ဖို့ ရဲရဲဝံ့ဝံ့ ခေါ်ရဲသည့်အတွက် မင်းကို ဏီ ကျေးဇူးတင်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မီးရောင်စုံများ ထွန်းညှိထားသည့် ခြံဝန်းကျယ်ထဲမှ... ဂုဏ်သရေရှိ ဧည့်ပရိသတ်များနှင့်အတူ... အထူးလှပစွာ ပြင်ဆင်ထားသော ဒေါ်မြသားနွယ်က မင်းကို အပြုံးဖြင့် စောင့်ကြိုနေခဲ့တာ ဖြစ်သည်။

"ဟား... လှလိုက်တာကွာ... "

လှပသေသပ်စွာ တိဖြတ်ထားသော ထင်းရှူးပင်ပုလေးများ... မီးရောင်စုံကြားမှ ငွေရောင်ဖွာထွက်နေသော ရေပန်းနှင့် ပြာလဲ့နေသော ရေကူးကန်၊ တစ်ခြံလုံးဟာ ခမ်းနားဝင့်ထည်စွာ မင်းကို စောင့်ကြိုနေခဲ့တာမို့ မင်းက ပြုံးရွှင်ကျေနပ်စွာ ခပ်ဖွဖွ ရေရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထားပစ်ခဲ့ရသော ဏီတို့နှစ်ယောက်ရဲ့ ပျက်စီးသွားသည့် မွေးနေ့ပွဲကို တသသ ဖြစ်နေပုံလည်း မရတော့ပါ။

ဏီတို့လိုက်လာသော မာစီဒီးကားကြီးသည် မီးပွင့်လေးတွေ သွယ်တန်းထွန်းထားသော ကွေ့ကွေ့ ဝိုက်ဝိုက် လမ်းကလေးအတိုင်း ဝင်လာကာ မြက်ခင်းပြင် တစ်ခုရဲ့ ရှေ့မှာ ရပ်သွားခဲ့ပါသည်။

မင်းဘက်က ကားတံခါးကို ကြိုစောင့်ဖွင့်ပေး ခဲ့သူက ဒေါ်မြသားနွယ် ဖြစ်သည်။ မင်း... ကားပေါ်မှ ဆင်းပြီး မြက်ခင်းပေါ် ခြေချမိသည်နှင့် happy birthday သီချင်းကို ရောက်နှင့်နေသော ဧည့်သည်များက သံပြိုင် ဝိုင်းဆိုလိုက်သည်။ မြက်ခင်းပြင်ရဲ့ အလယ်ဗဟိုတွင်... အဆင့် ငါးဆင့်ရှိသည့် မွေးနေ့ကိတ်ကြီးက အဆင်သင့် ရှိနေ ခဲ့သည်။

မင်းက ကားပေါ်မှ ဆင်းဆင်းချင်းပင် ဧည့် ပရိတ်သတ်တွေဆီ လက်လှမ်းပြ နှုတ်ဆက်ခဲ့ပြီး ဒေါ်မြသား နွယ်ကို ငုံ့ကြည့်ကာ...

"အံ့သြစရာပဲ... ။ မမ ဘယ်လို စီစဉ်လိုက်တာလဲ"

"အင်တာဗျူးတွေထဲမှာ မင်းပြောခဲ့ဖူးတဲ့ မင်းမွေးနေ့ ကို တို့မှတ်ထားခဲ့တာ၊ မင်းမွေးနေ့ကျရင် မင်းကို



www.burmeseclassic.com

www.burmeseclassic.com



Surprise ဖြစ်အောင် လုပ်ပေးမယ်လို့ အစောကြီး ကတည်းက ကြံစည်ထားခဲ့တာ... ။ မင်းမသိအောင် ဖိတ်စာရိုက်ပြီး မင်းရဲ့ အသိမိတ်ဆွေတွေ အားလုံးကို တို့ လိုက်ဖိတ်ထားခဲ့တယ်လေ။ အားလုံးအဆင်သင့် ဖြစ်မှ မင်းကို အခေါ်လွှတ် လိုက်တာပါ"

"ကျေးဇူးပါပဲ မမ"

"မလိုပါဘူးကွာ၊ ကိုယ့်မိုဒယ်လ်ပဲ လုပ်ပေးရမှာပေါ့။ ကဲ... ဧည့်သည်တွေ မွေးနေ့ရှင်ကို စောင့်နေတယ် သွားနှုတ်ဆက်လိုက်ပါဦး"

တချို့ ဧည့်သည်များက မင်းထံ ဝိုင်းအုံလာကြပြီး ကင်မရာမီးရောင်များ တဖျတ်ဖျတ်လက်သွားခဲ့သည်။ မင်းသည် ကားထဲမှ ဇာ့ီကို လှည့်ကြည့် လှည့်ကြည့်နှင့်ပင် ဧည့်ပရိသတ်များနှင့်အတူ စီးမျောလိုက်ပါသွားခဲ့လေသည်။ အဲ့ဒီနောက်တော့ မင်းသည် ဂုဏ်သရေရှိ လူများစွာရဲ့ အလယ်တွင် ဝံ့ကြွားစွာ၊ ကျေနပ်စွာ ပျော်ဝင်စွာ နစ်မြောနေခဲ့တော့သည်။

"အစ်မ... ဆင်းမယ် မဟုတ်လား ခင်ဗျာ"

ဒရိုင်ဘာကောင်လေးက ဇာ့ီဘက်က ကားတံခါးကို လာဖွင့်ပေးမည်ဟန်ပြင်စဉ် ဒေါ်မြသားနွယ်က



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကို လက်ကာပြ၍ တားမြစ်လိုက်ပြီး ဏီ့ မျက်နှာ နားသို့ ငုံကိုင်းကာ...

"မြတ်ပန်းဏီ... မင်းဆင်းလို့ မကောင်းဘူးထင် တယ်။ ကိုယ် ဂျာနယ်လစ်တွေ အများကြီးဖိတ်ထား တယ်။ ယူ မင်းမာန်ခနဲ့ အတူပါလာတာကို သူတို့ သိသွားရင် စာမျက်နှာပေါ် ရောက်သွားနိုင်တယ်။ ကျေးဇူးပြုပြီး ကားပေါ်ကပဲ စောင့်နေလိုက်ပါ အိုကေ နော်"

သူမက သကာအုပ်ထားသော စကားလုံးတွေကို သုံးနှုန်းပြီးနောက်တွင် မင်းရှိနေသော မြက်ခင်းပြင်ရဲ့ အလယ်ဗဟိုသို့ လှပစွာ လျှောက်လှမ်းသွားတော့သည်။

ဖယောင်းတိုင်တွေကို မင်း လိုက်မှုတ်နေတာကို မှုန်ဝါးနေသော ဏီ့မျက်ဝန်းတွေမှတစ်ဆင့် ဝိုးတဝါး မြင်ရသည်။ ဏီ မျက်တောင်ခတ်လိုက်ရင်း လူအုပ်ကြားထဲမှ မင်းကို မလွတ်တမ်း လိုက်ကြည့်နေမိသည်။ လက်ခုပ်သံတွေ လျှံကျလာသည်။ ဟော... မင်း ကိတ်မုန့်လှီးနေပြီ။ ဒေါ်မြသားနွယ်ကို အရင်လှမ်းခွံ့လိုက်သည်။

သီချင်းသံတွေ၊ ဂီတသံတွေ မင်းကိုတောက်ပစွာ ကြည့်နေတဲ့ သူမရဲ့ မျက်ဝန်းတွေ၊ ဂုဏ်သရေရှိဟု ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရသော ယောက်ျား၊ မိန်းမတွေ၊ လင်းနေသည့် မီးရောင်စုံတွေ၊ တဖျတ်ဖျတ်လက်နေသည့် ကင်မရာမီးတွေ၊ အစီအရီ ရပ်ထားသော ကားတွေ၊ စိမ်းနေသော မြက်ခင်းပြင်နှင့် ထည်ဝါလွန်းသော တိုက်။ မြင်သမျှ ကြားသမျှ အရာရာ အားလုံးဟာ ဏီ့အာရုံတွေထဲမှာ မှုန်ဝါးလိုက်၊ ကျယ်လောင် ထင်ရှားလိုက် ဖြစ်နေသည်။ ဏီ ဘယ်လိုမှ ဆောက်တည် မရနိုင်တော့။ ပြန်ပေးပါ၊ ဏီတို့နှစ်ယောက်တည်း ကျင်းပခဲ့ တဲ့ မွေးနေ့ပွဲလေးဆီကို ပြန်ခေါ်သွားပေးပါ။ ဏီတို့ နှစ် ယောက်တည်းပဲ ရှိနေခွင့်ပေးပါ။

ဏီသည် ထိုမြင်ကွင်းမှ ဖျတ်ခနဲ အကြည့်လွှဲဖယ်လိုက်ပြီး ကားတံခါးကို တွန်းဖွင့်ကာ လှမ်းဆင်း လိုက်သည်။ ဏီ ထိုနေရာနှင့် ဝေးနိုင်သမျှဝေးအောင် ပြေး ထွက်လာခဲ့မိပါသည်။

ဏီ့ရဲ့ ပျော်ရွှင်မှုတွေ အရည်ပျော် ပျောက်ဆုံး သွားခဲ့ရပြီ။



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ၂၀

ညက ချွေးတွေ မျက်ရည်တွေဖြင့် စိုနစ်ကာ နိုးတစ်ဝက် အိပ်မက်များဖြင့် ချောက်ချားခဲ့ရသော ဏီသည် နောက်တစ်နေ့မနက်တွင် ကယောင်ချောက်ချား နိုးထလာခဲ့ရလေသည်။

ခံနိုင်ရည်ရှိသမျှ အရာရာ အားလုံးလည်း ပျောက်ဆုံးသွားခဲ့ကာ ဏီသည် အားလုံးကို ပေါက်ကွဲစွာ ရင်ဆိုင်ဖို့ အသင့်ဖြစ်နေခဲ့သည်။

ဏီ ယခုအချိန်တွင် ပြင်းပြင်းပြပြ တောင့်တမိသည်မှာ ငွေ၊ ဂုဏ်၊ ပကာသန ဘာတစ်ခုမျှ မရှိခဲ့သော၊



www.burmeseclassic.com

www.burmeseclassic.com



လူတကာက အထင်သေးကာ ဏီကသာ ကြင်နာရသော မင်းမာန်ခဆိုသည့် သာမန်လူငယ်လေး တစ်ယောက်ကို တွေ့ခွင့်ရလိုခြင်း ဖြစ်သည်။

ဏီ သတိဝင်လာချိန်တွင် ဏီ့ ခြေလှမ်းတွေသည် မင်းရှိနေသော တိုက်ခန်းဆီသို့ လျှောက်လှမ်းလျက် ရှိသည်။ ဏီ့ပုံစံမှာ ဆုတ်နစ်ယိမ်းယိုင်လျက် ရှိပါသည်။ ဏီ့နှလုံးသားတွေဟာ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ နာကျင်၍ နေသည်။ တိုက်ခန်း လှေကားထစ်တွေကို နင်းတက်နေရင်းကပင် ဏီသည် ယခုပင် လဲပြိုပုံကျသွားလု မတတ် အားအင်ချည့်နဲ့နေရလေသည်။

မင်းရဲ့ အခန်းတံခါးရှေ့တွင် ဏီ အားတင်း ရပ်ကာ လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။ လာဖွင့်ပေးသူက မင်းကိုယ်တိုင် ဖြစ်ပါသည်။

"ဟင်… ဏီ"

မင်းက ဂျင်းဘောင်းဘီ အဖြူရောင်နှင့် တီရှပ် အနက်ကို ဝတ်ဆင်ထားခဲ့ပါသည်။ သိပ်ကို စမတ်ကျ ကြည့်ကောင်းတဲ့ မိုဒယ်လ်မင်းမာန်ခပေါ့။

"မင်း… မင်းဟာ ဏီ့ရဲ့ မင်းမဟုတ်လား၊ ဏီ့ ချစ်သူဟာ မိုဒယ်လ်မန်းမာန်ခ မဟုတ်ဘူးနော်။ ဏီ့ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



က ဒီပုံမျိုးမဟုတ်ပါဘူး။ သွား... သွား... မင်း... အဝတ်သွားလဲစမ်းပါ၊ ဒါတွေဝတ်ပြီး ဏီ့ ကို မတွေ့ပါနဲ့။ ဟိုးအရင် ဏီဝယ်ပေးဖူးတဲ့ ပုဆိုးလေးတွေ၊ ရှပ်အင်္ကျီလေးတွေ မင်းမှာ ရှိသေးတယ် မဟုတ်လား၊ သွားဝတ်ပါ။ အဲ့ဒါတွေပဲ သွားဝတ်ပါ မင်းရယ်။ ဏီတို့ အတူတူ လျှောက်သွားကြမယ်၊ ဝက်သား တုတ်ထိုးဝင်စားကြမယ်၊ ပိုက်ဆံမရှိရင် စိတ်ညစ်ကြမယ်၊ ပိုက်ဆံရှိရင် ပျော်မယ်၊ စားချင်တာ ဝယ်စားမယ်။ အဲ့ဒီဘဝမျိုးပဲ ဏီ့ကိုပေးပါ။ ဏီတို့နှစ်ယောက်ရဲ့ ပျော်စရာတွေကို တခြား ဘယ်သူ့ကိုမှ ခွဲမပေးပါနဲ့။ သွားပါ... မင်း အရင်ပုံစံအတိုင်း ပြန်ဝတ်ခဲ့ပါ မင်းရယ်၊ အရင်တုန်းက ဏီ့ချစ်သူ မင်းမာန်ခကို ဏီ... ပြန်လိုချင်လို့ပါ"

ဏီသည် ရှိုက်ငင်တုန်ယင်စွာ ပြောရင်း မင်းကို ဖက်ကာ ကလေးတစ်ယောက်လို ငိုကြွေးလိုက်မိတော့သည်။ မင်းက ဏီ့ကို ဖေးမ ထွေးပွေ့ထားကာ...

"ဏီ... ဏီ ကိုယ်နားလည်တယ်။ ဏီ့ကို ကိုယ်နားလည်တယ်၊ ဏီ ဘယ်လိုခံစားနေရတယ်ဆိုတာ ကိုယ် သိပါတယ်ဏီရယ်။ တိတ်ပါကွာ တိတ်ပါ၊ မင့်



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့၊ ညက ကိုယ်လည်း အရမ်း စိတ်မကောင်းဖြစ်ရပါတယ်။ လူတွေ အများကြီးကြား ဂျာနယ်လစ်တွေကြားမှာ ကိုယ် ဘာမှ မတတ်နိုင်တော့လို့ပါ။ ဏီ... ထွက်သွားလိမ့်မယ်လို့လည်း ကိုယ်မထင်ခဲ့ဘူး။ ကိုယ့်ကို စောင့်နေမယ်လို့ပဲ ထင်ခဲ့တာ။ ကိုယ် မွေးနေ့ပွဲပြီးတာနဲ့ ဏီ့အဆောင်ကို ကိုယ် ဖုန်းဆက်ကြည့်ပါသေးတယ်။ ညဉ့်နက်နေလို့ ခေါ်မပေးပေမယ့် ဏီ ပြန်ရောက်နေပြီဆိုတာပြောလို့ ကိုယ် စိတ်အေးသွားတာပါ။ ကိုယ် အိပ်မပျော်တာနဲ့ ဏီ့ အဆောင်ရှေ့ကို ကားမောင်းလာပြီး ကားပေါ်မှာ အကြာကြီး ထိုင်နေခဲ့သေးတယ်။ ဏီတို့အဆောင်က ပိတ်နေပြီလေ၊ ကိုယ် ဏီ့အခန်းကို မျှော်ကြည့်နေခဲ့ပါသေးတယ်"

"ဏီ့ကို အလေးထားသေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မင်းရယ်"

"ဏီ့ကို... ကိုယ်အမြဲ အလေးထားမှာပါ"

"မင်းရယ် ဒေါ်မြသားနွယ်ရဲ့ လောင်းရိပ်အောက်ထွက်ဖို့ကြိုးစားမယ်ဆို၊ ခုထိ မအောင်မြင်သေးဘူးလား... ဟင်၊ ဏီ သူ့ကို အရမ်းခါးသီးတာပဲ။ မင်းကို သူနဲ့အတူ တွေ့ရတိုင်း ဏီ့ချစ်သူကို သူများလုယူ



www.burmeseclassic.com

www.burmeseclassic.com



နေတာကို လက်ပိုက်ကြည့်နေရသလို ခံစားရတယ်။

"ခဏတော့ သည်းခံပါဦး ဏီ။ ခိုင်မာဖို့ အားယူနေရသေးတဲ့ ကိုယ့်ရဲ့ အောင်မြင်မှုတွေကို ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် ပြိုလဲမခံနိုင်ဘူး… ။ ဘယ်လိုပဲဖြစ်ဖြစ် မမဟာ ကိုယ့်ဘဝကို တိုးတက်စေခဲ့တာတော့ အမှန်ပဲ။ သူ့ကြောင့် ကိုယ် အောင်မြင်ရတယ်၊ မြင့်မားရတယ်။ ဒီအချိန်မှာ သူ့ကို သစ်စိမ်းချိုး ချိုးလိုက်လို့ မဖြစ်သေးဘူး"

"ဏီကတော့ အောင်မြင်မှုတွေ၊ ငွေကြေးတွေကို မမက်ဘူး၊ မင်း… အဲ့ဒါတွေက ပူလောင်တယ်၊ အေးချမ်းမှုကိုပဲ ဏီမက်မောတယ်"

"ကိုယ်ကတော့ မက်တယ် ဏီ၊ ကိုယ် ဆင်းရဲနှိမ့်ကျခဲ့ရတာ၊ မျက်နှာငယ်ခဲ့ရတာ အဲဒီလို ဘဝကြီးကို ကိုယ်မမေ့နိုင်ဘူး။ အဲ့ဒီလို ဘဝထဲကို ပြန်မသွားချင်ဘူး။ ကိုယ် ဒီဘဝကို သာယာတယ်၊ ယစ်မူးတယ်။ ကိုယ်လိုချင်တာတွေ အများကြီးရှိသေးတယ်။ ကိုယ် ရှေ့ဆက် ချီတက်နေရဦးမှာပဲ။ ကိုယ် လိုချင်တာတွေ ရဖို့အတွက်ဆိုရင် ကောလာဟလတွေကိုလည်း ကိုယ် မကြောက်ဘူး ဏီ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဏီထင်တာထက် ပိုပြီး လောဘကြီးတယ်"

"ကိုယ်ဝန်ခံပါတယ်၊ ဒါပေမဲ့... ကိုယ်ဟာ ဘယ်လို ယောကျ်ားမျိုးပဲဖြစ်ဖြစ်၊ ကိုယ့်မှာ ဘယ်လိုစိတ်ဓာတ်မျိုးတွေပဲရှိရှိ ဏီ့ကို ချစ်တဲ့ ကိုယ့်နှလုံးသားက အမှန်အတိုင်းပဲ လေးနက်တယ်၊ သန့်စင်တယ်၊ ခိုင်မြဲတယ်"

"ဒါပေမဲ့... မင်းဘဝမှာ ဏီဟာ နံပါတ်တစ်တော့ မဟုတ်ခဲ့ဘူး ထင်တယ်။ မင်း သိပ်မက်တဲ့ ငွေကြေးတွေ၊ အောင်မြင်မှုတွေကသာ နံပါတ်တစ်ပဲ မဟုတ်လား"

"မဟုတ်ဘူး ဏီ အတူတူပဲ...။ ခုချိန်မှာတော့ ဏီနဲ့ ကိုယ့်အောင်မြင်မှုက အတူတူပဲ၊ နံပါတ်တစ်ချည်းပဲ"

"အဲ့ဒီနှစ်ခုထဲက တစ်ခုကိုပဲ ရွေးရမယ်ဆိုရင် မင်း ဘာကိုရွေးမလဲ"

"အဲဒီလို ပြိုင်ရွေးရမယ့်အခြေအနေကို ကိုယ် ရင်မဆိုင်ရသေးဘူးလေ။ အဲဒီလို အချိန်ရောက်ခဲ့ရင်တော့ ကိုယ့်ဦးနှောက်က စဉ်းစားရွေးချယ်နေစရာမလိုဘဲ ကိုယ့်နှလုံးသားက သူ့အလိုလို ဆုံးဖြတ်ရွေးချယ်သွားမယ် ထင်တာပဲ။ ကဲ... တော်ပြီကွာ၊ ဒါတွေ မပြောတော့ပါဘူး။ ကြည့်စမ်း... မျက်နှာပေါ်မှာလည်း မျက်ရည်တွေ နှပ်တွေနဲ့ ငိုထားလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးလေး ကျနေတာပဲ။ တိတ်တော့...တိတ်တော့၊ မျက်ရည်တွေ သုတ်ပေးမယ်နော်"

မင်းက သူ့ပါးပြင်ဖြင့်အပ်ကာ ဏီ့ကို မျက်ရည် သုတ်ပေးခဲ့ပါသည်။ ထိုနေ့က မင်းသည် ဏီ့ အလိုကျ လိုက် လျောခဲ့ပါသည်။ ဟောင်းနွမ်းနေပြီဖြစ်သော ပုဆိုးကွက် စိပ်လေးနှင့် ဝါကြင့်ကြင့်ဖြစ်နေသည့် ရှပ်အင်္ကျီလေးကို ဝတ်ကာ လျှာထိုးဦးထုပ်ကလေး ခပ်ငိုက်ငိုက်ဆောင်းလျက် အရင် မင်းမာန်ခပုံစံမျိုးဖြင့် ဏီနှင့်အတူ လျှောက်သွားရင်း လမ်းဘေးဆိုင်လေးတွေမှာ မုန့် တစ်ပန်းကန်မှာ၍ နှစ် ယောက်အတူ စားကြလေသည်။ သူ့ကို လူတချို့က အော်တို လာရေးခိုင်းကြ၊ မိတ်ဆက်ကြသောအခါ သူက ခပ်တည် တည် အကြောင်ရိုက်ကာ...

"ခင်ဗျားတို့ လူမှားနေပြီ ထင်တယ်၊ ကျွန်တော် မင်း မာန်ခ မဟုတ်ဘူးဗျ၊ ကျွန်တော်က တောက လာတဲ့ လူပါ... တောသားပါ"

ဟု ပြောလွှတ်လေသည်။ ဏီဖြင့် အဲ့ဒီနေ့က ပျော်လို့ မဆုံးနိုင်ပေ။ ထိုပျော်ရွှင်မှုတွေကို ထာဝရ တည်မြဲ သွားစေချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ၂၁

ထာဝရ တည်မြဲဖို့ မျှော်လင့်ခဲ့ရသော အပျော်တွေသည် နောက်ရက် အနည်းငယ်အတွင်းမှာပင် ရုပ်ပျက်ဆင်းပျက် ပျောက်ဆုံးသွားခဲ့ရသည်။ အဖြစ်အပျက်က မျက်လှည့်ဆန်ကာ မယုံနိုင်စရာပင် ဖြစ်သည်။

ထိုနေ့က မင်းရိုက်နေသော VCD ခွေအတွက် အဆုံးသတ်မည့်နေ့ ဖြစ်သည်။ မင်းက ထိုကားကိုပြီးပြတ်အောင် ရိုက်ပြီးလျှင် ဒေါ်မြသားနွယ်နှင့် ခပ်ကင်းကင်းနေတော့မည်ဟုလည်း ကတိပေးထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညနေတွင် ဏီသည် မင်းကြိုက်သည့် ဝတ်သားတုတ်ထိုးတွေ ဝယ်လာကာ မင်းရဲ့ တိုက်ခန်းကလေးဆီသို့ ရောက်လာခဲ့လေသည်။ ရိုက်ကွင်းမှ ပင်ပန်းစွာ ပြန်လာမည့် မင်းကို စားသောက်စရာများ ပြင်ဆင်လျက် ကြိုစောင့်နေရန် ဖြစ်သည်။ ဏီ့လက်ထဲတွင် ဘယာကြော်၊ ဘူးသီးကြော်များ ရှောက်သီးသုပ်၊ တိုဟူးသုပ်များ၊ ပြောင်းဖူးပြုတ်များ၊ မုန့်ဖိုင်းတောင့်နှင့် မုန့်ဖက်ထုပ်များ ရှုပ်ယှက်ခတ်လျက် ပါလာသည်။ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေမှာ မရနိုင်သော အစားအစာတွေကို မင်းက ကြိုက်နှစ်သက်တတ်ပါသည်။ လမ်းဘေးဆိုင်ကလေးတွေမှာ သူ မကြာခဏ ဝင်စားဖို့ မဖြစ်နိုင်တာမို့ သူ စားချင်တာတွေကို ဏီ့ကိုသာ ပူဆာတတ်လေသည်။

ဏီ တံခါးခေါက်သောအခါ မောင်စိုးက တံခါးလာဖွင့်ပေးပါသည်။

"ဟာ... အစ်မ၊ လာ... ဘာတွေ ဝယ်လာသလဲ၊ အန့်တွေကတော့ ရောပြွမ်းပြီး မွှေးနေတော့တာပဲ။ အထုပ်တွေက များလိုက်တာ ဟဲ... ဟဲ... အစ်မတို့ ပိုတော့ ကျွန်တော်စားရတာပေါ့"

"ပိုမှ စားရမှာ မဟုတ်ပါဘူး ဟယ်။ အတူတူ စားကြရအောင် ဝယ်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မောင်စိုးက မျက်နှာစပ်ဖြဖြ စကားများများ ကလေးဆန်သော သူလည်း ဖြစ်ပါသည်။ ဘယ်တုန်း ကတည်းက စကားပြောချင်နေသည်မသိသော မောင်စိုး သည် ဏှီကိုတွေ့သည်နှင့် စကားမရှိ စကားရှာကာ အားပါး တရ ပြောတတ်သူ ဖြစ်သည်။

"အစ်မ မုန့်တွေ ပေး၊ ကျွန်တော် နောက်ဘက်ယူ သွားပြီး ပန်းကန်တွေထဲ ထည့်ထားပေးမယ်။ ဆရာ ပြန်လာရင် အဆင်သင့် စားရတာပေါ့။ ဆရာ့ခမျာ လည်း မအားရရှာပါဘူး အစ်မရေ... တစ်နေ့တစ်နေ့ အလုပ်ကိစ္စတွေက တစ်မျိုး၊ လူမှုရေးကိစ္စတွေက တစ်မျိုး၊ လူမှုရေးတကာ့ လူမှုရေးထဲမှာ ဒေါ်မြသား နွယ်ရဲ့ လူမှုရေးကတော့ အဆိုးဆုံးပဲ"

ဆိုဖာပေါ် သက်သောင့်သက်သာ မှီထိုင်နေ မိသော ဏှီ ခန္ဓာကိုယ်က မတ်ခနဲ ဖြစ်သွားရပါသည်။

"ဘယ်လို... လူမှုရေးမို့လို့လဲ မောင်စိုး"

"အစုံပဲ အစုံပဲ။ တော်ကြာ... ခရီးသွားချင်လို့ ကား လိုက်မောင်းပေးပါဦး၊ တော်ကြာ... ဘယ်ဧည့်ခံပွဲကို လိုက်ပို့ပေးပါဦး၊ သူ့ကားကို ဝပ်ရှော့ ပို့ပေးပါဦး၊ သူ့ရုံးကို ခုချက်ချင်း လာကြိုလှည့်ပါဦး၊ ဘယ် စား



www.burmeseclassic.com

www.burmeseclassic.com



သောက်ဆိုင်အသစ်က ကောင်းလွန်းလို့ အတူ လိုက်စားပါဦးနဲ့ စုံနေတာပဲ။ အသေးအဖွဲလေးတွေက အစ ဆရာပဲ လုပ်ပေးနေရတာ"

ဏှီရင်ဘတ်ထဲမှာ တမျှင်းမျှင်း အောင့်မျက်စ ပြုလာကာ မောင်စိုးကိုသာ အကြောင်သား ကြည့်နေမိ ပါသည်။

"ဒါပေမဲ့... ဒေါ်မြသားနွယ်က သဘောတော့ တော် တော်ကောင်းတယ် အစ်မရဲ့။ ဆရာ့ကို ခိုင်းပေမယ့် ဆရာ့အတွက် လိုက်လျောတာတွေလည်း တော်တော် များပါတယ်"

မောင်စိုးက ပျက်ယွင်းနေသော ဏှီမျက်နှာ ကို မမြင်ပါ။ ဧည့်ခန်းထဲမှာ ရှုပ်ပွနေသော ပစ္စည်းတချို့ကို ရှင်းလင်းရင်း ပါးစပ်က ခပ်ပေါ့ပေါ့သာ ပြောနေပါသည်။

"တိုက်ခန်းဆိုလည်း ဝယ်ပေးလိုက်တာပဲ။ ကားဆို လည်း ဝယ်ပေးလိုက်တာပဲ။ ဆရာက တဖြည်းဖြည်း ချင်းမှ ပြန်ဆပ်ရမယ်လို့တော့ ပြောသံ ကြားတာပဲ။ ဒါပေမဲ့... အစ်မရယ် တိုက်ခန်းဈေး၊ ကားဈေးက အရမ်းသက်သာတာ သိလား၊ တန်ရာတန်ကြေးထက် ကို အများကြီး လျှော့ပေါ့ထားတာ။ ပြီးတော့...



www.burmeseclassic.com

www.burmeseclassic.com



သူ့အရစ်ကျကလည်း ဘယ်တော့ ပေးပေးရတဲ့ အရစ်ကျ။ ဒါမျိုး တော်ရုံစေတနာနဲ့ ဘယ်ပေးမှာလဲ"

ဏီသည် ရတ်တရက် သွေးဆောင့်တိုးလာသလို ခံစားရကာ ခေါင်းထဲက တဒိတ်ဒိတ် ဆောင့်တိုးနေသည်။ ဏီ့ ယုံကြည်မှုတွေဟာ ဏီ့ထံမှ ဖယ်ခွာနေခဲ့ပြီ။ အိုး… ဒါဟာ ယုံကြည်နိုင်စရာရှိလို့လား။ ဏီ့ကို အင်မတန် ချစ်ခင်စုံမက်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ လျှို့ဝှက်သိမ်းဆည်းမှု၊ လိမ်ညာအယုံသွင်းမှု အတော့်ကို ဆိုးရွားလေသည်။

"ဒီအိမ်ပေါ်က ရှိရှိသမျှ ပစ္စည်းတွေလည်း သူ ပို့ခိုင်းထားတာပဲအစ်မရဲ့။ အခု… အစ်မ ထိုင်နေတဲ့ ဆိုဖာကလည်း သူ ပို့ပေးတာပဲ။ နိုင်ငံခြားဖြစ် လည်သာနဲ့ ချုပ်ထားတာလေ။ ဘယ်လောက်ထိုင်လို့ ကောင်းတယ်ဆိုတာ အစ်မလည်း သိမှာပါ။ ဒေါ်မြသားနွယ် တော်တာတော့ အမှန်ပဲ။ ဆရာ့အတွက် သူဝယ်ပေးတဲ့ အဝတ်စားတွေကလည်း အရမ်း ဖက်ရှင်ကျတာ။ ဒေါ်မြသားနွယ်လို အစ်မကြီးမျိုးနဲ့ တွေ့ရတာ ဆရာ ကံကောင်းဖို့ပဲလို့သာ မှတ်လိုက်တော့ အစ်မရေ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်စိုး... နင့်ဆရာက အခုဘယ်မှာလဲ၊ ဘယ်သွားမယ်လို့ နင့်ကို ပြောသွားသလဲ။ သူ ရှူတင်က ပြန်မရောက်သေးဘူး မဟုတ်လား"

"ဟာ... အစ်မ မသိဘူးလား၊ ရှူတင်က မနေ့က တည်းက ပြီးသွားတာလေ။ ဒီနေ့က ဒေါ်မြသားနွယ် ခေါ်ထားလို့ သွားရတာ"

"ဘယ် ဘယ်ကို ခေါ်တာလဲ၊ အိမ်လား၊ ရုံးလား၊ ဘာကိစ္စ ခေါ်တာတဲ့လဲ"

"အလုပ်ကိစ္စလို့ ပြောတာပဲ အစ်မရဲ့။ ရုံးမှာပဲ ထင်တယ်။ ကျွန်တော်က ဆရာ ဖုန်းပြောတာကိုပဲ ကြားလိုက်တာ"

ဏီက စားပွဲပေါ်တင်ထားသည့် ကျောပိုးအိတ်ကလေးကို ဖျတ်ခနဲကောက်ယူကာ ထရပ်မိလေသည်။

"ဟာ... အစ်မ ပြန်တော့မလို့လား"

"အေး... ပြန်တော့မယ်"

"ဆရာ့ကို မစောင့်တော့ဘူးလား။ ဟင်... အစ်မ မျက်နှာက ဒေါသဖြစ်နေသလိုပဲ၊ ချက်ချင်းကြီး ဘာဖြစ်သွားတာလဲ။ ဝင်လာတုန်းက အကောင်းပါ။ ကျွန်တော်ပြောမိတဲ့ စကားထဲမှာ ဘာအမှား ပါသွား



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ၊ သြော်… အစ်မရေ ဆရာနဲ့တွေ့ရင် ကျွန်တော် ပြောတာတွေ ပြန်မပြောနဲ့နော်။ ဆရာက အာချောင် ရင် မကြိုက်ဘူး။ ကျွန်တော်ကလည်း စကားပြောဖော် မရှိတော့ အိမ်လာတဲ့ သူတွေပဲ ဆီးပြောနေရတာ"

မောင်စိုးရဲ့အသံက တဖြည်းဖြည်း ဝေးကျန် ခဲ့သည်။ လှေကားထစ်တွေကို ဘယ်လို ကျော်ဖြတ်ခဲ့ မိမှန်းတောင် မသိတော့။ ဏီသည် အသက်ကိုတောင် ဝဝ မရှုနိုင်ဘဲ အလိုလိုကျလာသည့် မျက်ရည်တွေကို ပွတ်သုတ် ကာ တက္ကစီတစ်စီးကို လှမ်းတားလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းထဲက နှစ်ယောက်ထိုင် ဆိုဖာ တစ်လုံးပေါ်တွင် ဒေါ်မြသားနွယ်က မင်းရဲ့ ပခုံးပေါ် ခေါင်းတင်ကာ မှီတွယ်နေပြီး မင်းက သူမကို ဖေးမကာ စကားတီးတိုးဆိုလျက်ရှိသည်။

"ဏီ..."

ဏီ့ကို တွေ့သောအခါ မင်းက အံ့သြတကြီးဖြင့် ထရပ်မည့်ဟန်ပြင်လိုက်သည်။ သူမကတော့... ခေါင်းကို ထူမတ်ကာ ဏီ့မျက်နှာကို အနိုင်ရသော အပြုံးဖြင့် တည်ငြိမ်စွာ ကြည့်နေခဲ့သည်။

ဏီ့မျက်ဝန်းတွေနှင့် သူမ မျက်ဝန်းများမှာ အတန်ကြာသည်အထိ ထိပ်တိုက် ဆုံစည်းလျက်ရှိသည်။ သူမက မျက်ဝန်းမှတစ်ဆင့် အနိုင်ယူသောစကား များစွာ ပြောနေခဲ့သည်။

"ဏီ အထင်မလွဲနဲ့နော်၊ ကိုယ် ရှင်းပြဦးမယ်"

မင်းက ပျာပျာသလဲ စကားဆိုသောအခါ ဏီက မင်းထံ အကြည့်ရွှေ့လိုက်ရင်း...

"ဟုတ်ပြီ... ရှင်းပြပါ မင်း။ ဏီ နားထောင်မယ်"

ဏီသည် ချက်ချင်းလှည့်ပြေးသွားလိုသော ဆန္ဒတွေကို ချုပ်တည်းကာ မင်းကို ရင်ဆိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်… ဏီ နားထောင်ခွင့် မရခဲ့ချေ။ သူမက မင်းကို မခို့တရို့ ပြုံးကြည့်ရင်း…

"မင်းက တို့ကို နည်းနည်းလေးမှ အားမနာတော့ ဘူးလား ။ တို့ကို ရှေ့ထားပြီး အလိမ်အညာ စကားတွေနဲ့ မြတ်ပန်းဏီကို အယုံသွင်းဦး မလို့လား"

"ဟာ… မမ ဘယ်လိုပြော…"

ဏီသည်… ဘာတွေကို ယုံကြည်ရမှန်း မသိတော့ဘဲ ရုတ်တရက် ရင်ပွင့်ထွက်သွားသည်။ ဏီ ဘယ်တုန်းကတည်းက အညာခံခဲ့ရတာလဲ။ ဏီ မသိတော့ပါ။ ဘာကိုမှ မသိတော့ပါ။

ဏီ ထိုရုံးခန်းရှေ့မှ ချာခနဲလှည့်ထွက်လာခဲ့စဉ် ဒေါ်မြသားနွယ်ရဲ့ ရယ်သံသဲ့သဲ့ကို ကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဏီသည် အသိစိတ် ကင်းလွတ်လျက်နှင့်ပင် မနားတမ်းပြေးလျက် ရှိသည်။ ကတ္တရာလမ်းမနှင့် တဖျပ်ဖျပ် ထိခတ်နေသည့် ဏီ့ခြေသံတွေပင် ဏီ ပြန်ချောက်ချားလျက် ရှိသည်။ ခြေသံပေါင်းများစွာ ဏီ့ နောက်သို့ ပြေးလိုက်သလို ခံစားရသည်။ ကားသံတွေ၊ လူသံတွေ ဆူညံသံတွေကို ဘာမှ မမြင်ရ မကြားရတော့ဘဲ မင်းရဲ့ပခုံးပေါ် မှီနွဲ့နေသော ဒေါ်မြသားနွယ်ရဲ့ မျက်နှာတစ်ခုတည်းကိုသာ ပြက်ပြက်ထင် ထင် မြင်ယောင်ကာ ဏီ အံတင်းတင်းကြိတ်ထားမိသည်။

ထိုအခိုက်တွင် ဏီ့ခန္ဓာကိုယ်ကို ပွေ့ဖက် ထိန်းချုပ်ခြင်း ခံလိုက်ရလေသည်။

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဏီ... ဏီ စိတ်ကို ထိန်းပါဦးကွာ၊ ကိုယ် ပြောတာကို ခဏလေး နားထောင်ပေးပါ"

အို... ဘုရားရေ၊ မင်းက ဒီအထိ လိုက်လာခဲ့သေးသတဲ့လား၊ ဒေါ်မြသားနွယ်က အသာတကြည် ခွင့်ပြုလိုက်သတဲ့လား။ ဏီက ပြာဝေနေသော မျက်ဝန်းများဖြင့် မင်းကို တအံ့တသြကြည့်မိသည်။ မင်းက ဏီ့ကို ဖမ်းချုပ်ကာ သူ့ကားဆီ ခေါ်လာရင်း တတွတ်တွတ် တောင်းပန်လျက်ရှိသည်။

"ဏီ အထင်မမှားပါနဲ့ကွာ။ သူက ဏီ့ကို တမင်သက်သက် အနိုင်ယူချင်လို့ ဝင်ပြောလိုက်တာပါ"

"မပြောနဲ့ ဘာမှ လာမပြောနဲ့တော့၊ ငါ မယုံဘူး၊ ဘယ်သူ့ကိုမှ ငါ မယုံကြည်နိုင်တော့ဘူး။ ငါရဲ့ ယုံကြည်မှုတွေ အားလုံးကို နင်က နင်လိုချင်တဲ့ ပိုက်ဆံတွေနဲ့ လဲပစ်လိုက်ပြီ မဟုတ်လား။ နောက်ဆုံးတော့ ငါပဲ ရှုံးရတယ်။ နင့်ဘဝမှာ မြတ်ပန်းဏီ ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ အခန်းကဏ္ဍဟာ ဘာမှ အရေးမပါတော့ဘူး။ နင့်ဘဝကို နင်မက်မောတဲ့ ငွေတွေ၊ ဂုဏ်တွေ၊ အောင်မြင်မှုတွေနဲ့ အဲ့ဒါတွေကို ဖန်တီးပေးနိုင်တဲ့ ဒေါ်မြသားနွယ်လို မိန်းမတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



လွမ်းမိုးသွားပြီ။ ငါ့ရဲ့ အခန်းကဏ္ဍတင် မဟုတ်ဘူး၊ နှင့်ဘဝမှာ နင်ကိုယ်တိုင်ရဲ့ အခန်းကဏ္ဍပါ ပျောက်ဆုံးနေတာ အဲ့ဒါကို နင်သိရဲ့လား။ နှင့်ရဲ့ ဖြစ်တည်မှုက ဘယ်မှာလဲ၊ နှင့်ရဲ့ ရပ်တည်မှုက ဘာလဲ၊ ဒေါ်မြသားနှယ် ဝယ်ပေးတဲ့ တိုက်တွေ၊ ကားတွေအောက်မှာ ယောကျ်ားတစ်ယောက်ရဲ့ ဖြစ်တည်မှုတွေ ပျောက်ဆုံးနေတာကို နင်သိရဲ့လား။ နင်… ဘာအသုံးကျလို့လဲ။ လူတစ်ယောက်ရဲ့ အောင်မြင်မှုတွေ၊ တိုးတက်ကြီးပွားမှုတွေဟာ သန့်စင်မှု ရှိရတယ်။ သန့်စင်မှုမရှိတဲ့၊ လိပ်ပြာမလုံနိုင်တဲ့ အောင်မြင်ခြင်းကို နင်ကိုယ်တိုင်ကော အပြည့်အဝ ပီတိဖြစ်နိုင်သလား။ သိမ်ငယ်စိတ် နည်းနည်းမှ မဖြစ်ဖူးလို့ ဝန်ခံနိုင်သလား"

"ငါကတော့… ငါလိုချင်တဲ့ဘဝကို ယုတ်မာရိုင်းစိုင်းမှု တစ်ခုမှမပါဘဲ ရထားတယ်လို့ ယူဆတယ် ဏီ။ မယုံကြည်နိုင်စရာ ကောင်းလောက်တဲ့ အရေးပေးမှုတွေကို မမျှော်လင့်ဘဲ မိန်းမတစ်ယောက်ဆီက ရခဲ့တယ်။ ဒါ… သူ့အလိုလို ကံကြမ္မာက ဖန်တီးပေးခဲ့တာပဲ။ အဲ့ဒီလို အရေးပေးမှု၊ ကူညီမှုတွေကို ရဖို့ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဘက်က မသမာတဲ့နည်းဆိုလို့ ဘာတစ်ခုမှလည်း မသုံးခဲ့ရဘူး။ ဒါပေမဲ့... ငါဟာ ဆင်းရဲတဲ့ ယောကျ်ားတစ်ယောက်၊ မျှော်လင့်ချက်မဲ့နေတဲ့ ယောကျ်ားတစ်ယောက်၊ ကိုယ်ချစ်တဲ့သူကိုတောင် လက်မထပ်နိုင်သေးတဲ့... အို လက်ထပ်ဖို့ဝေးလို့ကွာ အစားတောင် ဝအောင် မကျွေးနိုင်သေးတဲ့ ယောကျ်ားတစ်ယောက်ဟာ ဒီအခွင့်အရေးကို ငြင်းပယ်ဖို့သတ္တိ ရှိနိုင်ပါ့မလား"

"သူ့ အကူအညီတွေကို မလွှဲမရှောင်သာဘဲ ငါယူခဲ့ရတယ်။ ဒါပေမဲ့... ယုတ်ညံ့တဲ့ ပေးဆပ်ခြင်းမျိုးကို ငါ မလုပ်ခဲ့ဘူး ဏီ။ သူ့ကို ထိုက်သင့်သလို လိုက်လျော ကူညီပေမယ့် သူနဲ့ ငါ ကြားမှာ စည်းတစ်ခုထားတယ်။ အဲ့ဒီစည်းကိုငါ ဘယ်တော့မှ မဖောက်ဘူး။ သူ့ရှေ့မှာလည်း ငါ... ဏီ့ကို ဘယ်လောက် ချစ်တယ်၊ ဏီ့ကိုပဲ လက်ထပ်မယ်၊ ဏီ့ကို ဘယ်တော့ မှ သစ္စာမဖောက်ဘူးဆိုတဲ့ စကားတွေကို ငါ လိပ်ပြာလုံလုံ ပြောရဲခဲ့တယ်။

"ငါဟာ... ပုထုဇဉ် ယောကျ်ားတစ်ယောက်ပါ ဏီ။ ဒါပေမဲ့... ငါ ရှောင်နိုင်ခဲ့ပါတယ်။ သူ ဝယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



တာတွေကိုပါ လက်ခံခဲ့ပေမယ့် ငါ တစ်နေ့ အသေအချာ အပြေအကျေ ပြန်ဆပ်မှာပဲ။ သူ ဇွတ်အတင်းပေးတာတွေကို ငါဖီဖီခါ ငြင်းဆန်လို့လည်း မကောင်းခဲ့ဘူး။ ဒါပေမဲ့... ဒါတွေကို ငါ အလကားရတိုင်းယူဖို့ စိတ်ကူးမရှိဘူး။ ဏီ့ကို အမှန်အတိုင်း မပြောမိတာကလည်း ဏီ စိတ်မကောင်းဖြစ်မှာ စိုးလို့ပဲ"

"ငါ့ကို သိပ်လည်း အထင်မသေးပါနဲ့ ဏီ ငါ သိုက်တူးသမား မဟုတ်ပါဘူး"

မင်းက မျက်နှာတစ်ပြင်လုံး နီရဲကာ စိတ်လိုက်မာန်ပါပြောနေရာမှ သူ့မျက်နှာကို လက်ဖဝါးတွေထဲ ဖွက်ပစ်လိုက်သည်။ ဏီက ဒေါသအနည်းငယ်ပြေလျော့ကာ သူ ရင်ဖွင့်သမျှကို တိတ်ဆိတ်စွာ နားထောင်နေမိသည်။ သူက အသက်ကို ခပ်ပြင်းပြင်းရှူလိုက်ရင်း တုန်ခိုက်သော အသံဖြင့် ဆက်ပြောလေသည်။

"ရှုတင်က ဏီ့ကို ပြောထားတဲ့ရက်ထက် တစ်ရက်စောပြီးသွားခဲ့ပေမယ့် ဒေါ်မြသားနွယ်က ဒီနေ့တစ်ရက် သူ့အလုပ်ကိစ္စတချို့ လာကူပေးပါဦးဆိုတာနဲ့ ဏီ့ကို ဘာမှမပြောဘဲ ကိုယ် သူ့ဆီ သွားခဲ့တယ်။ ရုံးခန်းထဲရောက်တော့ အလုပ်ကိစ္စတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောကြရင်း သူ ခေါင်းမူးတယ်ဆိုပြီး ကိုယ့်ပခုံးပေါ် မှီပြီး နားနေခဲ့တာ၊ ကိုယ်ကလည်း လူ အချင်းချင်း စာနာမှုတစ်ခုနဲ့ ဖေးမနေခဲ့မိတာ၊ အဲဒီအချိန်မှာ ဏီရောက်လာခဲ့ပြီး ရုံးခန်းတံခါးကို ပိုင်စိုးပိုင်နင်း ဆွဲဖွင့်ဝင်တော့ သူက မခံချင်ဖြစ်ပြီး ထေ့ငေါ့ပြော လိုက်တာပါပဲ ဏီရယ်"

"မခံချင်ဖြစ်ရုံ မဟုတ်ဘူး မင်း။ သူ... ဏီတို့ နှစ် ယောက်ကြားမှာ စိတ်ဝမ်းကွဲအောင် လုပ်လိုက် တာ။ ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်တယ်ဆိုတာကော မင်း နားလည်ရဲ့လား"

"နားလည်ပါတယ် ဏီ၊ ကိုယ် သဘောပေါက်ခဲ့ပါ တယ်။ ဒါပေမဲ့... ဒါတွေဟာ မကြာခင် ပြီးဆုံးသွား တော့မှာပါ။ ဏီ့ကို ကိုယ် လက်ထပ်မယ်။ ကိုယ်တို့ အမြန်ဆုံးလက်ထပ်ကြမယ် ဏီ။ ဏီ... မငြင်းပါနဲ့။ ကိုယ်တို့နှစ်ယောက်ရဲ့ ပန်းတိုင်ဟာ ဘဝတစ်ခုကို ပျော်ပျော်ရွှင်ရွှင် တည်ဆောက်နိုင်ဖို့ပဲ မဟုတ်လား။ ကိုယ်တို့နှစ်ယောက် လက်ထပ်လိုက်ကြရင် အရာရာ အားလုံး ပြီးဆုံးသွားမှာပါ ဏီ"

မင်းက ဏီပခုံးကို နဖူးဖြင့်တိုက်လျက် ညည်း



www.burmeseclassic.com

www.burmeseclassic.com



တွားသောအခါ ဏီထံမှ အမျက်ဒေါသတွေအားလုံး လွင့်စင်သွားခဲ့ရပါသည်။

ဏီ တို့နှစ်ယောက် လက်ထပ်ကြမယ်ပေါ့၊ ဒါဆို အရာရာအားလုံး ပြီးဆုံးငြိမ်းချမ်းသွားတော့မည်ပေါ့။ ဏီက ကြည်နူးစိတ်ဖြင့် ရှင်လန်းလာကာ မင်းရဲ့ ဆံပင်စလေးတွေကို ခပ်ဖွဖွ သပ်ပေးခဲ့မိပါသည်။

ဟော့ဒီ ပတ်ဝန်းကျင်နဲ့ ဝေးရာမှာ ငြိမ်းချမ်းစွာ နေထိုင်ဖို့ကိုတော့ နောက်မှ မင်းကို နားချရပါမည်။

ယောကျ်ားတွေရဲ့ အချစ်ကို ဏီ သိပ် မသိပါ။ သို့သော်... မိန်းမတွေရဲ့ အချစ်ကတော့ ခွင့်လွှတ်ခြင်းနှင့် ကရုဏာ၊ နားလည်မှုနှင့် မျှော်လင့်ခြင်း၊ မိုက်မဲခြင်းနှင့် ပြတ်သားခြင်း၊ စွန့်လွှတ်ပေးဆပ်နိုင်ခြင်းနှင့် စွန့်စားလိုခြင်း၊ တစ်ဇွတ်ထိုးဆန်ခြင်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော အရာတစ်ခုသာ ဖြစ်ပါသည်။

မိန်းမတွေသည်သူတို့၏ ချစ်ခြင်းထဲမှာ ဘဝကို တည်ရှိထားသူများဖြစ်ပြီး၊ ယောကျ်ားတွေကတော့ သူတို့ရဲ့ ဘဝထဲမှာ အချစ်ကို တည်ရှိစေသူများ ဖြစ်သည်ဟု ဏီ ထင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျား ၊ အချစ် ၊ ဘဝ

www.burmeseclassic.com

www.burmeseclassic.com

# ၂၂

ယောက်ျားတစ်ယောက်ရဲ့ ဘဝမှာ ဘာအရေးကြီးဆုံးလဲဟု မစဉ်းစားတတ်မီအချိန်ကပင် မင်းမာန်ခဆိုသော ဘာအစွမ်းအစမှ မရှိသည့် ကောင်လေး တစ်ယောက်က မြတ်ပန်းဏီဆိုသည့် ကြင်နာငဲ့ညှာတတ်သော ကောင်မလေးတစ်ယောက်ကို ချစ်ခဲ့မိတာ ဖြစ်သည်။

သူ့ဘဝတွင် အရင်းနှီးဆုံး၊ အလိုအပ်ဆုံး မိန်းမဆိုလို့ ဏီ တစ်ဦးတည်းသာ ရှိခဲ့သည်။ ဏီ သူ့ကို ကြင်နာတတ်တာ၊ စေတနာထားတာတွေဟာ သူ့ကို ချစ်လို့ပဲဟု သူ့အလိုအလျောက် နားလည်လက်ခံထားပြီး ဖြစ်သည်။ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် ချစ်ခြင်းအားဖြင့်သာ ယောကျာ်းတစ်ယောက်ကို ကြင်နာနိုင်သည်။ စေတနာတွေ ပိုနိုင်သည်။ အနစ်နာခံနိုင်သည်။ ဒါ... သူသိသော မိန်းမနှင့် အချစ်ဖြစ်သည်။

အချစ်နှင့် မိန်းမဆိုတာကို ရိုးစင်းစွာပင် သိနားလည်ခဲ့ရသော သူ့ကို ဒေါ်မြသားနွယ်ဆိုသော မိန်းမတစ်ယောက်က အံ့သြထူးဆန်းဖွယ်အရာများကို စတင်ပေးအပ်လာခဲ့တာ ဖြစ်သည်။

အလွန်ချမ်းသာသော မိန်းမတစ်ယောက်က ဆင်းရဲနုံချာသော ယောကျာ်းတစ်ယောက်ရဲ့ ဘဝကို မြှင့်တင်ပေးဖို့ ကြိုးစားခဲ့သည့်အတွက် သူ အံ့သြတကြီး ကျေးဇူးတင်ခဲ့သည်။ သို့သော်... သူမ၏ တောက်ပသော အကြည့်များကလည်း သူ့ကို သတိအနေအထားနှင့် ရှိစေခဲ့သည်။

အမှန်အတိုင်းဝန်ခံရလျှင် သူ သူမရဲ့ ရင်းနှီးဖော်ရွေမှုများကို ကျေနပ်ခဲ့သည်။ သာယာခဲ့သည်။ သို့သော်... ဒါဟာ တစ်ခါတစ်ရံမျှသာ ဖြစ်သည်။ သူ့စိတ် ကို အလုံးစုံပိုင်စိုးထားနိုင်သော မိန်းမဆိုလို့ ဒီကမ္ဘာတွင် ဏီ တစ်ယောက်သာ ရှိခဲ့ပါသည်။

သူ ဏီ့ကို ချစ်သည်။ ပြီးတော့... သူဘဝကိုလည်း သူ ချစ်သည်။ သူ့ဘဝကို လှပစေမည့် ပုံပိုးမှုများကို



www.burmeseclassic.com

www.burmeseclassic.com



ငြင်းပယ်နိုင်စွမ်း သူ့တွင် မရှိခဲ့ပါ။ ဒေါ်မြသားနွယ်က သူ့ဘဝကို မျှော်လင့်ချက်များဖြင့် တောက်ပစေခဲ့တာ ဖြစ်သည်။ သူမရဲ့ စကားလုံးတိုင်းက သူ့ကို ဆွဲဆောင်နိုင်စွမ်း ရှိသည်။

"မင်းမှာ အရည်အချင်းတွေ အများကြီးရှိတယ် မင်းမာန်ခ။ ဒါကို ဘယ်သူမှ မမြင်ပေမယ့် တို့ကတော့ မြင်တယ်။ မင်းဟာ နိမ့်နိမ့်ပါးပါး ရှင်သန်သွားမယ့် ယောကျ်ားတစ်ယောက် မဟုတ်ဘူးလို့သာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားလိုက်စမ်းပါ။ တို့မှာ အဆက်အသွယ်တွေ အများကြီးရှိတယ်။ မင်း ကြိုးစားမယ်ဆို မင်းရဲ့ အနာဂတ်ဟာ အရမ်းကြီးကျယ်သွားလိမ့်မယ်။ ဒီနိုင်ငံက မိုဒယ်လ်ဘဝနဲ့တင် မင်းကို မရောင့်ရဲစေချင်ဘူး။ တကယ့် International super model တစ်ယောက်ဖြစ်စေချင်တယ်။ ဥပမာကွာ... ဩစတြေးလျကို မင်း စိတ်မဝင်စားဘူးလား"

"ဩစတြေးလျဟာ မိုဒယ်လ်တွေအတွက် တကယ့်နိဗ္ဗာန်ဘုံ တစ်ခုပဲကွ၊ ဘာသာစကား အခက်အခဲလည်း လုံးဝမရှိဘူးကွာ။ တို့ယူခဲ့တဲ့ ဖက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုင်း ဒီပလိုမာက ဩစတြေးလျမှာဆိုတော့ ဩစတြေးလျကို တို့ကျွမ်းကျင်တယ်၊ အဲဒီမှာ ဖက်ရှင်လောကကလည်း အထွတ်အထိပ်ပဲ။ ဖက်ရှင် မဂ္ဂဇင်းတွေကလည်း အရမ်းအဆင့်မြင့်တော့ မိုဒယ်လ်တစ်ယောက်အတွက် မဂ္ဂဇင်းနဲ့ ကက်တလောက်အလုပ်တွေ အများကြီး ရနိုင်သေးတယ်။ ဩစတြေးလျမှာသာ မင်း ခြေချနိုင်ခဲ့ရင် မင်းရဲ့ တစ်ရက်ဝင်ငွေဟာ ဒေါ်လာ ၄၀၀ လောက်ရနိုင်တယ်"

မမက သူ့အတွက် အိပ်မက်တွေ၊ မျှော်လင့်ချက်တွေ အများကြီးပေးခဲ့သည်။ သူ ဩစတြေးလျကို အိပ်မက် မက်ခဲ့ရပါသည်။ သူမရဲ့ ဂရုစိုက်မှုတွေထဲမှာ သူ ယစ်မူးလာခဲ့ရသည်။

သူ အောင်မြင်လာခဲ့သော်လည်း သူ့ အတွက် လိုအပ်သော အဆင်တန်ဆာတွေက ပြည့်ပြည့်စုံစုံ မရှိခဲ့ပါ။ သူ တစ်ခါတစ်ရံ ဘတ်(စ်)ကား တိုးစီးသော အခါ လူတွေက သူ့ကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြသည်။ သူ တက္ကစီတားသည့်နေရာမှာ ကြာကြာရှိနေခဲ့လျှင် လမ်းသွားလမ်းလာတွေက ကွက်ကြည့်ကွက်ကြည့် လုပ်ကြသည်။ ထို မပြည့်စုံမှုတွေကို မမက မြင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အနေအထားနဲ့ ကားတိုးစီးနေလို့ မဖြစ်ဘူး မင်းမာန်။ အဆောင်မှာ နေဖို့လည်း မသင့်တော်တော့ဘူး၊ မမမှာ သော့ပိတ်ထားရတဲ့ အခန်းတွေ အများကြီး ရှိတယ်၊ ငွေလိုတာနဲ့ တစ်ချိန်ချိန်ကျ ပြန်ရောင်းဖို့ ဝယ်ထားတာ။ အဲ့ဒီ အခန်းတစ်ခန်းမှာ မင်းသွားနေ။ အခန်းက တန်ဖိုးလည်း သိပ်မများပါဘူး။ မင်း ဝင်ငွေထဲက တဖြည်းဖြည်းချင်း ဆပ်သွားရင် မကြာခင် ကျေသွားမှာပါ"

"တို့ကား တစ်စီးကိုလည်း မင်း ယူစီးလိုက်ပါ။ တိုက်ခန်းလိုပဲ အရစ်ကျပေးလို့ ရပါတယ်။ ဒါတွေကို မင်း မငြင်းပါနဲ့။ တကယ်လို့ မင်းငြင်းခဲ့ရင် ဒါဟာ တို့စေတနာကို စော်ကားတာလို့ပဲ သတ်မှတ်လိုက်မယ်"

သူ မငြင်းရဲခဲ့ပါ။ အလကားယူတာ မဟုတ်၍လည်း သူ လိပ်ပြာသန့်နိုင်ခဲ့ပါသည်။ သို့သော် ကောလာဟလတွေရဲ့ ဒဏ်ကိုတော့ သူ ခံခဲ့ရပါသည်။ ကောလာဟလကြောင့် မမက နောက်ဆုတ်မသွားသလို သူကလည်း နောက်မဆုတ်ခဲ့ပါ။ နှစ်ယောက်စလုံးဟာ အခင်အမင်မပျက်၊ အသွားအလာမပျက် ရှိနေခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အနည်းငယ် စိတ်ကျဉ်းကျပ်ရသည်မှာ သူမက သူ့နောက်ကို မကြာခဏ လိုက်ပါတတ်ခြင်း၊ ရိုက်ကွင်းများသို့ ရောက်လာတတ်ခြင်း ဖြစ်သည်။ ထိုသို့ လိုက်ပါတတ်ခြင်းကပင် ကောလာဟာလတွေကို ပြန့်ပွားစေခဲ့တာ ဖြစ်သည်။ သူမက သူ့ကို အရိပ်တကြည့်ကြည့်နှင့် ဂရုစိုက်ခဲ့တာတော့ သေချာသည်။ သူ့ရဲ့ မဝတ်တတ် မစားတတ်မှုများ၊ ဖက်ရှင်အကြောင်း နားမလည်မှုများ၊ မသိမှုများကို သူမက အသေးစိတ် လမ်းညွှန်ပေးခဲ့သည်။ အရောင်ရွေးချယ်မှုတွေကိုလည်း အကြံပြုနိုင်သေးသည်။ သူ နေပူထဲမှာ ကြော်ငြာရိုက်သည့်အခါတွေမှာ သူမက...

"မင်း ဒီလိုသာ နေပူထဲမှာ ကြာကြာနေရရင် အရေပြားတွေကို အနည်းနဲ့အများတော့ ထိခိုက် လာမှာပဲကွ။ မိုဒယ်လ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် အရမ်းဂရုစိုက်ရတာ Whitening ပါတဲ့ Skin care တစ်ခုခုတော့ မင်း သုံးသင့်တယ်။ Whitening ပါတဲ့ Skin care ပစ္စည်းတွေမှာ Kojic acid ပါတော့ မယ်လနင်ဆိုတဲ့ အသားရောင်ရင့်တဲ့ပစ္စည်း ထုတ်လုပ်မှုကို ရပ်တန့်စေတယ်လေ"

သူမက ထိုနည်းများဖြင့် သူ့ကို လွှမ်းမိုးဖို့ ကြိုးစားခဲ့တာ ဖြစ်သည်။ သူမ ဝယ်လာပေးသည့် ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း သူ ငြင်းဆန်လို့ မရခဲ့ပါ။ သူ ငြင်းဆန်တိုင်း သူမက 'စေတနာကို စော်ကားတာပဲ' ဟူသော စကားလုံးများဖြင့် တုပ်နှောင်ခဲ့ပါသည်။

အမှန်တကယ်တော့ သူကိုယ်တိုင် မသိလိုက်မီမှာပင် သူမက အချစ်မဟုတ်သော ကြိုးများဖြင့် သူ့ကို ချည်နှောင်ခဲ့တာ ဖြစ်သည်။

သူမ အကြောင်းကို သူ သိပ်တော့ မသိခဲ့ပါ။ သူ သိသည်မှာ သူမရဲ့ အထီးကျန်ခြင်း ဖြစ်သည်။ သူမမှာ ငွေရှိသည်၊ အောင်မြင်သော စီးပွားရေးလုပ်ငန်းတွေ ရှိသည်။ သို့သော် သူမမှာ မိသားစု မရှိပါ။ ထို့ကြောင့်ပင် သူက စာနာစိတ်ဖြင့် သူမ၏ ငြီးတွယ်မှုတွေကို အလိုက်သင့် ဆက်ဆံပေးခဲ့သည်။ သူမကို သူ မချစ်ခဲ့။ သူမက သူ့ကို ချစ်သည်ဟုလည်း မယုံကြည်ခဲ့ပါ။

သို့သော်... မင်းမာန်ခ ဆိုသော ယောကျ်ားက ဘဝကို တပ်မက်သူဖြစ်ခဲ့သည်။ သူမ ပေးခဲ့သည့် အိပ်မက်တွေကို သူ ပွေ့ပိုက်ထားခဲ့ရင်း သူ့ဘဝကို တိုးတက်စေသည့် သူမ နံဘေးမှ ဖယ်ခွာမသွားနိုင်ခဲ့ပါ။

သူမ သူ့ကို ဘယ်လိုပဲ သဘောထားထား သူကတော့ သူမကို ကျေးဇူးရှင်နေရာမှာသာ ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စည်းစောင့်ခဲ့သည်။ သူသည် အောင်မြင်ချမ်းသာသော ဘဝကို မက်မောသော ယောကျ်ားတစ်ယောက် ဖြစ်သော်လည်း မိန်းမတစ်ယောက်ထံမှာ သိုက်တူးသော ယောကျ်ားတစ်ယောက်တော့ မဖြစ်ချင်ခဲ့ပါ။ ဘဝမှာ ပထမဦးဆုံး ချစ်ခဲ့ရသော သူ့ငယ်ချစ်ကိုသာ သန့်စင်မြတ်နိုးစွာ လက်ထပ်ယူချင်ခဲ့ပါသည်။

သူကိုယ်တိုင်က သူ့ကိုယ်သူ မစွန်းထင်ဖို့ ကြိုးစားသော်လည်း ပတ်ဝန်းကျင်ကတော့ သူ့ကို ကောလာဟလများဖြင့် စွန်းထင်းစေခဲ့သည်။

လောကကြီးမှာ မင်းမာန်ခ အကြောက်ဆုံး အရာနှစ်ခု ရှိပါသည်။ ထိုနှစ်ခုမှာ ဏီကို ခွဲခွာရမည့် အဖြစ်နှင့် ဆင်းရဲနိမ့်ကျသောဘဝကို ပြန်ရမည့်အဖြစ် နှစ်ခုဖြစ်သည်။

သူ ဏီကို နှစ်သိမ့်ထားခဲ့သော်လည်း သူရဲ့ သြစတြေးလျအိပ်မက်ကို ဆက်မက်ချင်သည်။ International super model တစ်ယောက် ဖြစ်ချင်သည်။ သူ ငြီးငွေ့သောဘဝကို လင်းလက်စေသည့် ဒေါ်မြသားနွယ် ကို သူ… ရှောင်ခွာပစ်လိုက်ဖို့ မလွယ်ကူလှချေ။

သို့သော်… ဏီအပေါ်ထားသော သူ့ရဲ့ ချစ်ခြင်းတွေကတော့ အရာရာကို လွှမ်းမိုးနိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဏီ့မျက်ရည်တွေကို သူ မမြင်လို။ ဏီ့ အမုန်းကို သူ မခံစားလို၊ ဏီ့ အထင်လွဲမှုကို သူ မရရှိလိုခဲ့ပါ။ သူက ဏီ့ကို အချစ်အတွက် ငြိတွယ်ခဲ့ပြီး သူမကိုတော့ ဘဝအတွက် ငြိတွယ်နေခဲ့ရသည်။

အမှန်တကယ်တော့ သူ ကျေးဇူးတင် လေးစားခဲ့ရသော ဒေါ်မြသားနွယ်ဟာ သူ့ချစ်သူကို အကြိမ်ကြိမ် နာကျင်စေခဲ့သူ ဖြစ်သည်။ ထိုအဖြစ်အပျက်တွေကို သူ ကြိုးစားမေ့ခဲ့ရသော်လည်း ဒီနေ့မှာတော့ မမေ့နိုင်သော အဖြစ်သနစ်တစ်ခုကို သူမက ဖန်တီးခဲ့သည်။

သူမက ခေါင်းမူးသည်ဟု ဆိုလာသည့်အတွက် သူက စာနာစွာ ပခုံးထိုးခံခဲ့ရသည်။ သူမကို အစ်မတစ်ယောက်လို ဖေးမခဲ့သည်။ သို့သော်... သူမက ဏီနှင့် သူတို့နှစ်ဦးကို အထင်လွဲစေမည့် စကားလုံးများဖြင့် ထိုးနှက်ခဲ့သည်။ သူ... အောင့်အည်း သည်းခံရသော်လည်း ရင်ထဲမှာ တနုံ့နုံ့ နာကျင်ခဲ့သည်။ သူက သူမ အလိုကျ နေရမည့် စက်ရုပ်တစ်ခုမှ မဟုတ်ခဲ့တာ။

သူမ ငြိတွယ်မှုတွေကို သူ ခါးသီးရကောင်းမှန်း သိလာသည်။ သူ့ကို ရစ်ချည်နေသည့် ကြိုးတွေထဲမှ ရုန်းထွက်ချင်လာသည်။ ရုန်းထွက်ဖို့ အင်အားကို ဏီ့ကို ချစ်သော ချစ်ခြင်းများထဲမှ ရရှိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဏှိုကို လက်ထပ်တော့မည်။ လက်ထပ်ခြင်းကြောင့် ရလာမည့် ကောင်းကျိုးဆိုးကျိုးတွေကို သူ ကျေကျေနပ်နပ် ခံယူလိုက်မည်။

ထိုအကြောင်း ဒေါ်မြသားနွယ်ကိုတော့ သူ အသိပေးချင်သည်။

နောက်တစ်နေ့မှာပင် သူက သူ့ရဲ့မင်္ဂလာကိစ္စ ပြောဖို့ ဒေါ်မြသားနွယ်ထံသို့ ရောက်ရှိခဲ့သည်။

ထိုနေ့က အံ့သြဖို့ကောင်းသော ရှုးနှမ်း၍ ထူးဆန်းသော သူမရဲ့ တုံ့ပြန်မှုတွေကို သူ ရင်ဆိုင်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မိန်းမ ၊ အချစ် ၊ ဘဝ ၊ အထီးကျန်မှု

www.burmeseclassic.com

www.burmeseclassic.com

၂၇

အထီးကျန်မှုဟာ လူကို သေစေသည်ဟု မြ ထင်သည်။ အို... ထင်တာ မဟုတ်ပါဘူး။ သေချာပေါက် ပြောရဲသည်။ အဲ့ဒီ... မြအကြောက်ဆုံး အထီးကျန်ခြင်းက မြရဲ့စိတ်ကို သတ်နိုင်ခဲ့တာတော့ သေချာသည်။

မြ ရယူခဲ့မိသောဘဝက ငွေတွေ လိုသလောက် ရပြီး မိသားစုဘဝကို မရနိုင်သောဘဝမျိုး ဖြစ်သည်။ မြတွင် ချစ်သူ မရှိ။ ဒါ... ကျွန်မယောကျ်ားဟု ပိုင်ပိုင်နိုင်နိုင် လက်ညှိုးထိုးပြနိုင်သော အခွင့်အရေး မရှိ။ မြဆိုသော မိန်းမ တစ်ယောက်သည် စည်းစိမ်များဖြင့် ပစ်ထားခံရသော မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်သည်။ ထိုကဲ့သို့ သော မိန်းမတစ်ယောက်ရဲ့ ဘဝမှာ အလိုအပ်ဆုံးက ကိုယ့်ကို သန့်စင်စွာ ချစ်မြတ်နိုးနိုင်မည့် ချစ်သူတစ်ယောက်သာ ဖြစ်သည်။

သူ့ကို စတွေ့သောနေ့က မိုးတွေ တစ်နေ့လုံး နီးပါး အုံ့ပျစွာ ရွာနေခဲ့သောနေ့ဖြစ်တာကို မြ ကောင်းကောင်း မှတ်မိနေသေးသည်။

ချစ်သူကို ယုယကြင်နာသော၊ အလေးထားသော ယောကျ်ားတစ်ယောက်ကို မြက အံ့သြတကြီး ငေးကြည့်ခဲ့ရသောနေ့လည်း ဖြစ်သည်။

သူမ ဘဝမှာ ကိုယ့်ထက် ငယ်ရွယ်သော ယောကျ်ားတစ်ယောက်ရဲ့ ရင့်ရင့်သီးသီး ပြောဆိုရန်တွေ့ခံရတာဟာ ဒါ... ပထမဆုံး ဖြစ်သည်။ သို့သော်... အဲဒီ ရင့်သီးမှုတွေထဲက ကဗျာတစ်ပုဒ်ကို သူမက မြင်ခဲ့သည်။

"ဒီမှာ ကြည့်စမ်း... ကျုပ်ချစ်သူ တစ်ကိုယ်လုံး ရွှံ့ရေတွေနဲ့ ရွဲနစ်နေတာ ခင်ဗျား မြင်တယ် မဟုတ်လား ... ... ... ... ..."

"အခုကြည့်စမ်း... မန့်ဟင်းခါးလည်း ပစ်ရပြီ... ကျုပ်ချစ်သူ တစ်ကိုယ်လုံးလည်း ပေရေနေပြီ"

"ကျုပ်ချစ်သူ" ချင်းထပ်အောင် ဒေါသတကြီး ပြောဆိုနေသော ထိုလူငယ်လေးသည် မြကိုလည်း ရန်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရင်း သူ့ချစ်သူ ကောင်မလေးကိုလည်း ပျာပျာသလဲ ဂရုစိုက်ဟန်ဖြင့် ရှိနေခဲ့သည်။ ကြည့်စမ်း... ယောကျ်ားတစ်ယောက်ရဲ့ အချစ်ခံရတဲ့၊ အကာအကွယ်ပေးခံရတဲ့ မိန်းမတစ်ယောက်ရဲ့ ဘဝဟာ ဘယ်လောက် လုံခြုံလိုက်သလဲလို့၊ မြသည် ထိုအချိန်မှာပင် ကောင်လေးကို နှစ်လိုစိတ်နှင့် ကောင်မလေးကို ပြင်းပြင်းပြပြ မနာလိုစိတ်တို့ကို တစ်ပြိုင်တည်း ခံစားရလေသည်။

မြသည် ထိုကောင်လေးရဲ့ ဒေါသတွေကို ကျေနပ်စွာ ရင်ဆိုင်ရင်း ငေးမောကြည့်နေခဲ့မိသည်။ အရိုင်းဆန်ဆန် ခပ်ကြမ်းကြမ်းအမူအယာနဲ့ ကောင်လေးဟာ မြမျက်စိထဲမှတော့ အလွန်ပင် ကြည့်ကောင်းနေခဲ့ရပါသည်။ ဆံပင်တွေ ရေစိုကာ မျက်နှာပေါ်စင်းကျလျက်၊ အဝတ်အစားတွေ ရေစိုကပ်နေသော ကောင်လေးရဲ့အသွင်ဟာ လက်ရာမြောက် ပန်းပုရုပ်တစ်ခုလို ဆွဲဆောင်ညှို့ငင်နိုင်လွန်းသည်။ မြသည် ထိုအခိုက်အတန့်ကာလလေးမှာပင် ချစ်သူကို ချစ်ခင်အလေးထားသော၊ ကာကွယ်လိုသော ထိုကောင်လေးရဲ့ နှလုံးသားအစုံကို လိုချင် တပ်မက်သွားမိလေသည်။ တစ်ချိန်တည်းမှာပင် မြမရနိုင်သော မရဖူးသော နှလုံးသားကို ကံထူးစွာ ပိုင်ဆိုင်ခွင့်ရထားသည့် ကောင်မလေးကို မုန်းတီးသွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ထိုလူငယ်လေးအတွက် အနာဂတ်တွေကို ဖန်တီးတည်ဆောက်ပေးရင်း သူမနှင့် နီးကပ်အောင် ခေါ်ယူခဲ့သည်။ သူမရဲ့ အထီးကျန်ခြင်းတွေကို မင်းမာန်ခက ကျေပျက်စေလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သူမ အနားမှာ သူ့ကို အချိန်တိုင်း ရှိနေစေချင်သည်။ သို့သော်… မင်းမာန်ခရဲ့ နှလုံးသားအစုံဟာ ဘာမဟုတ်တဲ့ နုံနုံချာချာ မိန်းကလေးတစ်ယောက်ထံမှာသာ ခိုင်ခိုင်မြဲမြဲ အမြစ်တွယ် နေခဲ့တာကတော့ မခံချင်စရာ ကောင်းလှသည်။

သူမသည် မင်းမာန်ခအတွက် အနာဂတ်တွေကို တည်ဆောက်ပေးခဲ့ရသော်လည်း သူမ လိုချင်သောဘ၀ကို မရခဲ့ပါ။ သူမရဲ့ ငြိတွယ်ခြင်းတွေကို သူက ရှောင်တိမ်းခဲ့သည်။ သူမ အနားမှာ အမြဲနေမပေးနိုင်သော အဖြစ်ကို ထင်ရှားစေသည်။ သူ့ချစ်သူကို ဘယ်လောက်ချစ်ကြောင်း သူတို့နှစ်ယောက်ဟာ ငယ်ချစ်တွေဖြစ်ကြောင်း ပြောပြတတ်သော မင်းမာန်ခကို မြက မုန်းကြည့်သော်လည်း မရဘဲ သူ့အချစ်တွေကို သိမ်းပိုက်ထားသည့် မြတ်ပန်းဏီကိုသာ ခါးခါးသီးသီး မုန်းခဲ့သည်။ မြတ်ပန်းဏီရဲ့ စိတ်ကို နာကျင်စေမည့် အဖြစ်သနစ်တွေကို ဖန်တီးခဲ့သည်။

မြ သူ့ကို သိပ်လိုအပ်တာပဲ။ အချစ်မဟုတ်သော ကြိုးတွေဖြင့် ချည်နှောင်ခံခဲ့ရဖူးသော မြသည်



www.burmeseclassic.com

www.burmeseclassic.com



မင်းမာန်ခကို ဘယ်လိုကြိုးမျိုးဖြင့်ဖြစ်စေ ချည်နှောင်ဖို့ အသင့်ရှိခဲ့သည်။ မြတ်ပန်းဏီကို သူ့နံဘေးက အမြန်ဆုံး ထွက်ခွာသွားစေချင်သည်။ ခုချိန်မှာ မြ အကြောက်ဆုံးက အထီးကျန်ခြင်းနှင့် မြနံဘေးမှ မင်းမာန်ခ ထွက်ခွာသွားခြင်း တို့သာ ဖြစ်သည်။

ဟောဒီတစ်သက် မင်းမာန်ခကို မြတ်ပန်းဏီ ပိုင်ဆိုင်ခွင့် မရစေရပါ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မိန်းမတွေမှာ
လက်ထပ်ခြင်းအတွက်
အကြောင်းပြချက် အမျိုးမျိုးရှိတယ်။
တချို့က ငွေကြေးအတွက် လက်ထပ်တယ်၊
တချို့က ဂုဏ်သိက္ခာအတွက် လက်ထပ်တယ်။
ကျွန်မကတော့ . . .
ကျွန်မ ချစ်သူကို အချစ်အတွက်ပဲ
လက်ထပ်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၄

တနင်္ဂနွေ နေ့လယ်ခင်းတစ်ခုတွင် မင်းမာန်ခသည် သူ၏ မင်္ဂလာကိစ္စကို အသိပေးရန် ဒေါ်မြသားနွယ်ထံသို့ ရောက်လာခဲ့လေသည်။ သူ့ကို အောင်မြင်ဖို့ အရှိန်ယူနေသောအချိန်မှာ အိမ်ထောင်မပြုဖို့ တဖွဖွပြောတတ်သော သူမကိုတော့ သူ အားနာပါသည်။ သို့သော်... ထိုအားနာစိတ်ထက် ဏီ့ကို စိတ်ချမ်းသာစေလိုသောစိတ်က သူ့ကို ပို၍ လွှမ်းမိုးနိုင်ပါသည်။

သူက သူမကို အားနာစွာပင် အသိပေးရပါသည်။

"ကျွန်တော်... ဏီနဲ့ လက်ထပ်တော့မယ် မမ"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို မယုံနိုင်သလို ကြည့်ရင်း…

“ဘယ်လို အတွေးအခေါ်မျိုးနဲ့ ဒီလိုဆုံးဖြတ်တာလဲ မင်းမာန်”

“ကျွန်တော်တို့ မခွဲနိုင်တော့လို့ တခြားဘာမှ မတွေးဘဲ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပါ”

“မင်းဆုံးဖြတ်ချက်က မင်းရဲ့ အနာဂတ်ကို လွှင့်ပစ်နိုင်တယ်ဆိုတာ မင်း နားမလည်ဘူးလား”

“အိမ်ထောင်သည် ဘဝနဲ့လည်း အလုပ်ဆက်လုပ်လို့ရတာပဲ မမ”

“အိုး… မတူဘူးလေ၊ ပရိသတ်ရဲ့ စိတ်ဝင်စားမှုချင်းက မတူနိုင်တော့ဘူး၊ အထူးသဖြင့် မိန်းကလေး ပရိသတ် စိတ်ဝင်စားမှု လျော့သွားနိုင်တယ်”

“ကျွန်တော်တော့ သိပ်မဆိုင်ဘူး ထင်တာပဲ မမ၊ အိမ်ထောင်သည်တွေ၊ ကလေး အဖေတွေ အောင်မြင်နေတာလည်း မမ အသိပဲ”

“ဒါပေမဲ့… နည်းပါတယ်ကွာ၊ တချို့က အောင်မြင်ပြီးမှ အိမ်ထောင်ပြုကြတာပါ၊ ဘာပဲဖြစ်ဖြစ် မင်း အိမ်ထောင် မပြုသင့်သေးဘူး မင်းမာန်… မင်းကို တို့ ခွင့်မပေးနိုင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ပိုင်စိုးပိုင်နင်း အပြောက သူ့ရဲ့ ယောကျ်ားမာနကို ထိပါးစေပါသည်။

"ဒါ... ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာပါ မမ"

ကြည့်စမ်း... ဘယ်လောက် သူစိမ်းဆန်လိုက်တဲ့ အပြောလည်းလို့။ မြသည် မင်းမာန်ခရဲ့ စကားလုံးတွေကို ဆတ်ဆတ်ခါအောင် နာကျင်သွားမိလေသည်။

"အေး... အဲ့ဒီ ကိုယ်ရေးကိုယ်တာဟာ တို့နဲ့ တစ်ဝက် သက်ဆိုင်နေတယ်ဆိုတာ မင်း နားမလည်ဘူးလား မင်းမာန်။ မင်းနဲ့တို့ အလုပ်တွေ အများကြီးလုပ်စရာ ရှိသေးတယ်။ လူလွတ် မိုဒယ်လ်တစ်ယောက်နဲ့ပဲ တို့ အလုပ်လုပ်ချင်တယ်၊ မင်းကို လက်ထပ်ခွင့် မပေးနိုင်သေးဘူး"

"ကျွန်တော်ကတော့ ကိုယ်ရေးကိုယ်တာနဲ့ အလုပ်ကို ခွဲထားတယ် မမ"

"အေး... မင်းဘာသာ ခွဲချင်ခွဲ၊ မခွဲချင်နေ၊ ငါကတော့ ခွင့်မပြုနိုင်ဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ဇာ့ကို လက်ထပ် မှာပါ၊ အဲဒီလို လက်ထပ်လိုက်လို့ ကျွန်တော့် အလုပ်တွေ ပျက်သွားလည်း အပျက်ခံနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အပျက်ခံနိုင်ပေမယ့် ငါက အပျက်မခံနိုင်ဘူး။ မင်း ဒီအလုပ်တွေ လုပ်ရဖို့ ငါ ဘယ်လောက် စိုက်ထုတ်ကုန်ကျခဲ့ရတယ် ထင်သလဲ။ ငါ့ရဲ့ အရင်းအနှီးတွေကို အဆုံးရှုံးမခံနိုင်ဘူး။ အို... ဘာကိုမှ အဆုံးရှုံး မခံနိုင်ဘူးကွာ"

မင်းမာန်ခသည် သူမရဲ့ မောက်မာမှုတွေကို အံ့သြရင်း ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်စိတ်ဖြင့် နာကျင်တုန်လှုပ်မိလေသည်။ သူဟာ... ဘာမှ အသုံးမကျတဲ့ ယောကျ်ားတစ်ယောက်လား၊ ကျေးဇူးတရားတွေနဲ့ ချည်နှောင်ခံရသူလား။ သူ အလွယ်တကူ လက်ခံခဲ့မိသော အရာများစွာက သူ့ကို ပြန်လည်ချည်နှောင်လျက် ရှိပါသည်။ ပြီးတော့... သူ့ရဲ့ ဘဝ။ သူ့ရဲ့ မြသားနှယ်အပေါ် မှီတွယ်နေသေးသည့် ဘဝကို သူ စွန့်ခွာသွားနိုင်သလား။ သူမကို ဆန့်ကျင်ခြင်းဖြင့် သူ့အလုပ်ကိစ္စ တော်တော်များများ ဆုံးရှုံးရနိုင်ပါသေးသည်။

"မင်းဘဝအတွက် ငါကတော့... အများကြီး စဉ်းစားပေးခဲ့တယ် မင်းမာန်၊ မင်း နိုင်ငံခြားမှာ အလုပ်သွားလုပ်နိုင်ဖို့အထိ ငါ ကြိုးစားနေခဲ့တယ်။ အဲ့ဒီမှာ မင်းအတွက် သိပ်လှတဲ့အနာဂတ်က စောင့်ကြိုနေလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အဲ့ဒီ အနာဂတ်နဲ့ မိန်းမတစ်ယောက်ကို လဲလှယ်နိုင်သလား"

"ကျွန်တော်ဟာ အောင်မြင်မှုတွေ၊ ချမ်းသာမှုတွေကို မက်မောတဲ့ ယောကျ်ားတစ်ယောက်ပါ… မမ၊ ကျွန်တော့်ဘဝကို မြှင့်တင်ပေးခဲ့တဲ့ မမရဲ့ ကျေးဇူးတရားတွေကိုလည်း နားလည်ပါတယ်။ မမပြောတဲ့ အနာဂတ်ကိုလည်း မက်မောပါတယ်။ ဒါပေမဲ့… ဏီ ကို အဲဒါတွေထက်ပိုပြီး မက်မောပါတယ်၊ ကျွန်တော့် ဆုံးဖြတ်ချက်ကို မပြင်နိုင်ပါဘူး"

သူ့ရဲ့ စကားအဆုံးတွင် သူမက ရက်စက်တော့မည် မျက်ဝန်းများဖြင့် သူ့ကို စိုက်ကြည့်နေလေသည်။ ထိုအကြည့်များအောက်မှာ သူ့ရဲ့ ယောကျ်ားဘဝတစ်ခုလုံး ပျောက်ဆုံးသွားသည်ဟု ခံစားရသည်။ သိမ်ငယ်ရခြင်းများက သူ့တစ်ကိုယ်လုံးကို ဖြန့်ကြက်လွှမ်းခြုံသွားစေသည်။ ထိုအခါကျမှပင် ယောကျ်ားတစ်ယောက်ရဲ့ ဘဝမှာ ဘာအရေးကြီးဆုံးလဲဟု သူ တွေးတတ်လာသည်။ ကိုယ့်ဘဝကို ကိုယ့်အစွမ်းအစ တစ်ခုတည်းဖြင့် ပင်ပန်းဆင်းရဲခံကာ တည်ဆောက်ခြင်းကသာ ယောကျ်ားတစ်ယောက်ရဲ့ Role ကို မြင့်စေနိုင်သည်။ မြင့်မားခဲ့သည်ဟု ထင်ခဲ့မိသော သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝက တကယ်တမ်းကျတော့ ဆိုးဆိုးဝါးဝါး နိမ့်ကျနေခြင်းသာ ဖြစ်သည်။

မိန်းမတစ်ယောက်ကို အားကိုးမှီတွယ်ခြင်းက ထိုယောက်ျား၏ အသရေကို ယုတ်လျော့စေသည်ဟု သူ အလိုလို ခံစားသိမြင်လာခဲ့ရသည်။

ထိုအချိန်တွင် သူ ပြင်းပြစွာ တောင့်တမိသည်မှာ ယောက်ျားတစ်ယောက်၏ ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ်ရှင်သန်ရပ်တည်နိုင်ခွင့်ပင် ဖြစ်သည်။

ကြိုးတွေကို ဖြေချပစ်ဖို့ သူ အဆင်သင့်ရှိနေခဲ့ပါသည်။

သူ့ဘဝ၏ တစ်ခုတည်းသော ကြိုးမှာ သူ ချစ်ရသော ဏီမှတစ်ပါး တခြားသူ မဖြစ်စေရပါ။

ဏီနဲ့ သူ့ရဲ့ အောင်မြင်မှုကို ပြိုင်ရွေးရမည့် အခြေအနေမှာ သူက ဏီ့ကိုသာ ရွေးချယ်ဖို့ ဆုံးဖြတ်ခဲ့သည်။

အမှန်တကယ်တော့... သူ့ ဦးနှောက်က စဉ်းစားရွေးချယ်နေစရာ မလိုဘဲ နှလုံးသားက အလိုလို ဆုံးဖြတ် ရွေးချယ်ခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀

မင်းမာန်ခ ပြန်သွားသောအခါ မြသားနွယ်သည် အသည်းဆတ်ဆတ်ခါနာလျက် ကျန်ရစ်ခဲ့လေသည်။ သူမရဲ့ စိတ်တွေသည် သူမတူအောင် ကြမ်းတမ်းခက်ထန်လာခဲ့ရသည်။

သူမ ဘာလုပ်ရမလဲ။ မင်းမာန်ခကိုတော့ မြတ်ပန်းဏီလက်ထဲသို့ ဘယ်နည်းနဲ့မှ ထည့်မပေးနိုင်ပါ။ သူမ ပြုစုပျိုးထောင်လာသည့် သစ်ပင်တစ်ပင်ဟာ သူမ



www.burmeseclassic.com

www.burmeseclassic.com



စိုက်ခဲ့သောနေရာမှာသာ တစ်သက်လုံး စွဲမြဲနေစေရမည်။ ဘယ်ကိုမှ ရွှေ့ပြောင်းဖြစ်တည်ခွင့် မပေးနိုင်ပါ။

လူတွေဟာ ရယူလိုစိတ်နဲ့ ပေးဆပ်ကြတာ မဟုတ်လား။ ကိုယ်ပေးတာနဲ့မျှအောင် ပြန်မျှော်လင့်ကြတာပဲ မဟုတ်လား။ ရယူလိုစိတ် မြောက်မြားစွာဖြင့် မြကပေးဆပ်ခဲ့တာ ဖြစ်သည်။ မင်းမာန်ခရဲ့ ဘဝဟာ သူ့လက်ခုပ်ထဲက ရေ။ သူမ သွန်လိုသွန် မှောက်လိုမှောက် အနေအထားမျိုးမှာသာ ရှိရမည်။ သူမရဲ့ အမိန့်ကို နာခံရမည်။ သူမနှင့်သာ အနီးဆုံးမှာ မခွဲမခွာရှိနေစေရမည်။ ဒါဟာ သူမရဲ့ အကြီးမားဆုံး မျှော်လင့်ချက်တစ်ခု ဖြစ်သည်။ သူမရဲ့ မျှော်လင့်ချက်တွေကို ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက် ပြိုလဲမခံနိုင်ပါ။

မြသားနွယ်သည် အိမ်ရှေ့အိမ်နောက် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ရင်ထဲမှာ ဆောက်တည်ရာမရ တုန်ယင်ချောက်ချားလျက် ရှိသည်။

သည်းမခံနိုင်တော့သည့် အဆုံးတွင် သူမက သူမအခန်းထဲ ပြေးဝင်လာကာ မီးခံသေတ္တာထဲက ငွေတွေ ရှိရှိသမျှ သိမ်းကျုံးယူလျက် အိတ်တစ်ခုထဲ ထိုးသိပ်ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမမှာ ငွေ ရှိတာပဲ။ ငွေကသာ သူမကို ကာကွယ်ပေးနိုင်သည်၊ လုံခြုံမှုပေးနိုင်သည်။ ငွေရှိလျှင် ဘယ်အရာကိုမဆို ရယူနိုင်သည်ဟု သူမ ထင်ပါသည်။

သူမ လိုချင်တာတွေကို ငွေနှင့်သာ လဲလှယ်ယူရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ၂၆

"ဒီငွေတွေဟာ ယူ့ဘဝမှာ အိပ်မက်ထဲတောင် ထည့်မမက်နိုင်တဲ့ ငွေတွေပါ မြတ်ပန်းဏီ။ ငွေတင်မက သေးဘူးနော် အဲ့ဒီအိတ်ထဲမှာ ယူ မဝတ်ဖူးတဲ့ လက်ဝတ်လက်စားတွေလည်း ပါသေးတယ် ပြီးတော့... တို့မှာ ပိုနေတဲ့ တိုက်ခန်းတွေထဲက မင်းကြိုက်တဲ့ တိုက်ခန်း တစ်ခန်းကိုလည်း ပေးဦးမယ်"

ဏီသည် ထိုမိန်းမ ရူးသွားပြီလားဟုတောင် ထင်မိလေသည်။ သူမက ဏီ့အဆောင်သို့ တစ်ယောက်တည်း ရောက်လာခဲ့ကာ သူ့ရဲ့ ငွေတွေကို သွေးရူးသွေးတန်း ပေးလျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဆီက အဲ့ဒါတွေ ယူလိုက်ရင် ကျွန်မဘက်က ဘာပြန်ပေးရမှာလဲ ဒေါ်မြသားနွယ်"

"မများပါဘူး တစ်ခုတည်းပါ၊ ယူ မင်းမာန်ခကို လက်မထပ်ပါဘူးဆိုတဲ့ ကတိလေး တစ်ခုတည်းပါ။ ဒါကိုတော့ ယူ ကတိပေးနိုင်မှာပါနော်။ ယူ့အတွက် ဘာမှ အပန်းမကြီးဘူး မဟုတ်လား။ ယူ မင်းမာန်ခကို လက်မထပ်လည်း ဒီငွေတွေနဲ့ ရပ်တည်လို့ ရမှာပါ၊ ယူ လိုရင် တို့ ထပ်ပေးဦးမှာပါ"

"ကျွန်မက ယောကျ်ားတစ်ယောက်ကို ရပ်တည်မှုအတွက် လက်ထပ်မယ့် မိန်းမမျိုး မဟုတ်ဘူး ဒေါ်မြသားနွယ်။ မိန်းမတွေမှာ လက်ထပ်ခြင်းအတွက် အကြောင်းပြချက် အမျိုးမျိုးရှိတယ်၊ တချို့က ငွေအတွက် လက်ထပ်တယ်၊ တချို့က ဂုဏ်သိက္ခာအတွက် လက်ထပ်တယ်၊ ကျွန်မက ကျွန်မ ချစ်သူကို အချစ်အတွက်ပဲ လက်ထပ်မှာပါ၊ ဒေါ်မြသားနွယ်။ အချစ်အတွက် လက်ထပ်တဲ့ မိန်းမတစ်ယောက်ကို ရှင် ဘာနဲ့မှ လာဘ်ထိုးလို့ မရပါဘူး"

"အို... ဘာလို့ မရရမှာလဲ၊ ငွေဆိုတာ လူတကာရဲ့ သည်းခြေကြိုက်ပဲ မဟုတ်လား။ ယူ လက်ထပ်မယ့်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်က မိုဒယ်လ်တစ်ယောက်ရဲ့ ဝင်ငွေက ဘယ်လောက် ရှိမှာမို့လို့လဲ၊ မင်းမာန်ခမှာ ဘာ ပိုင်ဆိုင်မှုတွေများ ရှိလို့လဲ၊ သူက မင်းဘဝအတွက် အာမခံချက်ပေးနိုင်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်ပါဘူး"

"ကျွန်မက ဘဝအာမခံချက်အတွက် လက်ထပ်မှာ လည်း မဟုတ်ဘူးလေ။ ရှင် စကားကို ဆင်ခြင်ပြော စမ်းပါ ဒေါ်မြသားနွယ်။ ငွေစကား သိပ်မပြောပါနဲ့။ ငွေရှိမှ အရာရာပြည့်စုံတယ်လို့ ထင်ထားတဲ့လူတွေ ဟာ ငွေမရှိတဲ့အခါ လူ့ဘဝမှာ ပျော်အောင် ဘယ်လို နေရမယ်မှန်း မသိဘဲ လမ်းပျောက်နေတတ်တယ်။ ကျွန်မ ရှင့်ငွေကို မမက်ဘူး၊ ငြိမ်းချမ်းမှုကိုပဲ ကျွန်မ မက်မောတယ်"

"ကျွန်မချစ်သူနဲ့ ကျွန်မဘဝကို ငြိမ်းငြိမ်း ချမ်းချမ်း ဖြတ်သန်းကုန်ဆုံးသွားချင်တယ်၊ ကျွန်မ ချစ်သူမှာ အမှားတွေရှိခဲ့ရင်လည်း မေတ္တာနဲ့ ပြုပြင် ယူမယ်။ သူ့ရဲ့ ဘဝမှာ တန်ဖိုးထားမှုတွေ မှားယွင်း နေခဲ့ရင်လည်း ဘဝမှာ ဘာကို တန်ဖိုးထားသင့်သလဲ ဆိုတာ သင်ကြားပေးမယ်။ အဲ့ဒါ ကျွန်မဆုံးဖြတ် ချက်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မှားလိမ့်မယ်။ အမှားကြီး မှားလိမ့်မယ်။ နောင်တ ရလိမ့်မယ်။ မင်း ဆုံးဖြတ်ချက်ကို ပြင်ဖို့ ပြန်စဉ်းစားပါဦး။ အိုး... မင်း သူ့ကို မပိုင်စေရဘူး ဖျက်မယ်။ ငါ မရရအောင် ဖျက်ပြမယ်"

သူမသည် တကယ့်ကို အရူးတစ်ယောက်လိုပင် သွေးရူးသွေးတန်း ရေရွတ်ရင်း ဏ္ဍိရှေ့မှ ထွက်ခွာသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မြသားနှယ်   ဏိုကို ငွေတွေ လာပေးကာ လက်မထပ်ဖို့ တားမြစ်သည့်အကြောင်း သိရသောအချိန်တွင် သူ့တစ်ကိုယ်လုံး ဒေါသဖြင့် တဆတ်ဆတ်တုန်ယင် လာခဲ့ သည်။

သူမရဲ့ စိတ္တဇဆန်လှသော အစွန်းရောက်မှု များက ခါးသီးစရာ ကောင်းလှပါသည်။ သူ သူမကို အထင် သေးစိတ်ဖြင့် စွန့်ခွာဖို့ ဆုံးဖြတ်မိလေသည်။ သူ ဘာတွေကို



www.burmeseclassic.com

www.burmeseclassic.com



မက်မောနေရဦးမှာလဲ၊ ဩစတြေးလျက ဖက်ရှင်ကမ္ဘာလား သွားစမ်းပါ။ ဘာကိုမှ သူ မလိုချင်တော့ပါ။ ဘဝကို ငွေနှင့် လောင်းကြေးထပ်ရလောက်အောင် သူ မမိုက်မဲပါ၊ သူ့ဘဝကို ကျေးဇူးတရားနှင့် လဲလှယ်မပစ်နိုင်ပါ။

"လာ... ဏီ ကိုယ်တို့ သူ့ဆီ သွားရအောင်..."

မင်းမာန်ခသည် သူချစ်ရသော သူ၏လက်ကို ဆွဲကာ ဒေါ်မြသားနွယ်ရှေ့မှောက်သို့ ရောက်လာခဲ့ပါသည်။ ဒေါ်မြသားနွယ်အပါအဝင် အရာရာအားလုံးကို နှုတ်ဆက်ခွဲခွာဖို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၇

အံ့သြစရာပဲ။

သူတို့နှစ်ယောက် ရူးသွားကြပြီလား…

ဒေါ်မြသားနွယ်သည် သူ့ ရှေ့မှောက်သို့ လက်ချင်းမြဲမြဲတွဲကာ ရောက်ရှိလာခဲ့သော ချစ်သူနှစ်ဦးကို အံ့သြလှောင်ပြောင်လိုစွာ မာန်မာနဖြင့် ခက်ထန်စွာ စိုက်ကြည့်နေမိပါသည်။

"ကျွန်တော် အားလုံးကို နှုတ်ဆက်ပါတယ် ဒေါ်မြသားနွယ်။ ဒေါ်မြသားနွယ်ပေးခဲ့တဲ့ ဘဝကိုလည်း ထားခဲ့ပါရစေတော့။ ကျွန်တော့် မူရင်းဘဝကိုပဲ ကျွန်တော် ကျေကျေနပ်နပ် လက်ခံပါတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုတွေထဲမှာ ကိုယ်ပိုင်ဘဝ ပျောက်ဆုံးနေခဲ့ရတဲ့ ရုက်စရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဘဝကို ကျွန်တော် အပြီးအပိုင်နှုတ်ဆက်သွားပါတယ်။ ဒေါ်မြသားနွယ် ကျွန်တော့် ကိုယ်ပေါ်မှာ တပ်ပေးခဲ့တဲ့ ကကြိုးဆွေကြောင့်သာ ကျွန်တော် ပရိသတ်ရှေ့မှာ ညက်ညက်ညောညော ကခွင့်ရခဲ့တာပါ။ အခုတော့... အဲ့ဒီကကြိုးတွေကို ဖြုတ်ချပစ်ခဲ့တော့မယ်"

"အခုမှ ကျွန်တော် ရုက်ရကောင်းမှန်း သိတာပါ ဒေါ်မြသားနွယ်၊ ခက်ခက်ခဲခဲ မရုန်းကန်ရဘဲ ရလာတဲ့ ဘဝတစ်ခုမှာ ကျွန်တော် ယစ်မူးခဲ့မိတယ်၊ အခု အဲ့ဒီဘဝထဲက ကျွန်တော် ရုန်းထွက်နိုင်ပါပြီ"

"ယောကျ်ားတစ်ယောက်ရဲ့ ဘဝမှာ အေးအတူပူအမျှ ရပ်တည်နားလည်ပေးနိုင်တဲ့ ချစ်သူတစ်ယောက်သာရှိရင် အားလုံးပြည့်စုံပါတယ် ဒေါ်မြသားနွယ်။ ကျွန်တော်တို့ နှစ်ယောက်ရဲ့ ခြေလေးဖက်၊ လက်လေးဖက်၊ နှလုံးသားနှစ်စုံ ဦးနှောက်နှစ်ခုနဲ့ ဘဝကို တည်ဆောက်သွားလို့ ရပါတယ်။ တခြား ဘာမှ မလိုအပ်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဒေါ်မြသားနွယ်ရဲ့ hand phone ပါ။ ဒါက အိမ်၊ ကားနဲ့ပတ်သက်တဲ့ စာရွက် စာတမ်းတွေပါ။ ဒါက ကျွန်တော် ရှာဖွေရသမျှ ငွေကြေးနဲ့ ပစ္စည်းတွေပါ။ ကျွန်တော် အားလုံးထားရစ်ခဲ့ပါ့မယ်"

မင်းမာန်ခက သူ့ခါးကြားမှ hand phone ကို ဖြုတ်ကာ တခြားစာရွက်စာတမ်းများ၊ ရွှေထည်ပစ္စည်းများ ငွေများနှင့်အတူ ရောနှောလျက် သူမရှေ့စားပွဲပေါ်သို့ တင်ပေးလိုက်သည်။ သူမ တစ်ကိုယ်လုံး ရုတ်တရက်ပူလောင်ပွင့်ကွဲထွက်သွားသည်ဟုပင် ထင်ရကာ ဝုန်းခနဲ ထရပ်မိပြီး အသိစိတ်ကင်းလွတ်စွာ အော်လိုက်သည်။

"အရူး... မင်း အရူးပဲ။ မင်းလောက် မိုက်မဲတဲ့ ယောကျ်ားမျိုး ဒီကမ္ဘာမှာ မရှိဘူး။ မင်းဟာ ငါစိုက်ခဲ့တဲ့ သစ်ပင်ပဲ၊ ငါ ခွင့်မပြုဘဲ ဘယ်သူမှ နုတ်ခွင့်မရှိဘူး၊ မင်းကိုယ်တိုင်လည်း နုတ်သိမ်းခွင့်မရှိ ဘူး။ မင်း ငါစိုက်ခဲ့တဲ့ နေရာမှာပဲ တည်မြဲနေရမယ်"

"အို... ဘုရားသခင် မင်း ဘာကြောင့် ဒီလောက် ရူးရတာလဲဟင်။ မင်းကို ငါ ခွင့်မပြုနိုင်ဘူး၊ မင်းကို ငါလိုအပ်တယ်။ ငါ့ဘေးမှာ မင်း အမြဲရှိနေမှဖြစ်မယ် မင်းမာန်ခရယ်၊ မင်း နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



လောက် ဦးနှောက်သုံးစမ်းပါဦး၊ စဉ်းစားကြည့်စမ်း...
စဉ်းစားကြည့်စမ်း၊ မင်း ငါ့ဘေးမှာ ရှိနေဦးမယ်
ဆိုရင်လေ မင်း ဘဝဟာ အမြဲအရောင်လက်ဖြာ
တောက်ပနေဦးမှာ မင်းရဲ့ သြစတြေးလျအိပ်မက်တွေ
ကို ငါ အကောင်အထည် ဖော်ပေးနိုင်တယ်လေ အဲ့ဒါ
ကို မင်း မေ့သွားတာလားဟင်"

ဒေါ်မြသားနွယ်သည် အမှန်တကယ် ရူးသွပ်နေသူတစ်ယောက်လိုပင် တုန်ခိုက်အက်ကွဲစွာ ဒေါသများရောနှောကာ အသနားခံမှုတွေလည်းပါဝင်စွာ အဆက်မပြတ်ပြောရင်း မင်းမာန်ခတို့ရဲ့ ခိုင်ခိုင်မြဲမြဲတွဲထားသော လက်နှစ်ဖက်ကို ချောက်ချောက်ချားချား စိုက်ကြည့်လျက်ရှိပါသည်။

"အဆုံးသတ်ပါပြီ။ ကျွန်တော် အားလုံးကို အဆုံး
သတ်လိုက်ပါပြီ၊ ဘာကိုမှ မမျှော်လင့်တော့ပါဘူး
ကျွန်တော်တို့ကို ခွင့်ပြုပါဦး ဒေါ်မြသားနွယ်"

မင်းမာန်ခက သူမ ရှေ့မှာ ခေါင်းတစ်ချက်ညွတ်လိုက်ပြီး ဇီဇီ လက်ကို တင်းတင်းဆုပ်လျက် ချာခနဲလှည့်ထွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၉

မင်းမာန်ခတို့နှစ်ဦး ဒေါ်မြသားနွယ်ရဲ့ အိမ်ရှေ့လမ်းသွယ်ကလေး အဆုံးနားသို့ ရောက်ရှိချိန်တွင် ဒေါ်မြသား နွယ်သည်လည်း သူမ၏ ကားပေါ်သို့ ရောက်ခဲ့ပြီဖြစ်သည်။

သူမရဲ့ ကားရှေ့တည့်တည့်တွင် အချစ်ကလွဲလျှင် ဘာမှမလိုပဲ ရှုးမိုက်စွာခံယူသွားခဲ့သောသူ နှစ်ယောက်က လက်ချင်းမြဲမြဲတွဲလျက် အေးဆေးစွာ လမ်းလျှောက်နေခဲ့သည်။ သူမရဲ့ မြင်ကွင်းထဲမှာ အရာအားလုံး မှုန်ဝါးနေခဲ့သော်လည်း တွဲထားသော ထိုလက်နှစ်ဖက်ကတော့ ထင်ရှား



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ပါသည်။ အဲ့ဒီလက်နှစ်ဖက်ကို ဖြုတ်ချပစ်ဖို့ သူမမှာ နောက်ဆုံးနည်းလမ်းတစ်ခုတော့ ကျန်ရစ်နေသေးသည်။

သူမ အံတင်းတင်းကြိတ်ကာ လီဗာကို ဖိနင်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ... ဟိုကား ဘာဖြစ်လာသလဲ မသိဘူးဗျ"

ဏီတို့ မျက်နှာချင်းဆိုင်မှ လျှောက်လာသော သူက အလန့်တကြား ထအော်လိုက်တာမို့ နှစ်ယောက် ပြိုင်တူနောက်သို့ လှည့်ကြည့်မိချိန်တွင် အရှိန်ပြင်းပြင်း မောင်းဝင်လာသော ကားက ဏီတို့နှင့် အလွန်နီးကပ်နေခဲ့ပြီ ဖြစ်သည်။

"ဟာ... "

မင်းက ဏီ့ကို လမ်းဘေးသို့ တွန်းပစ်လိုက်ပြီး သူပါ ဏီ့နံဘေးမှာ ဝရုန်းသုန်းကား လဲပြိုကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားက ဏီတို့နှစ်ယောက်ကို ပွတ်ခါသီကာ ကျော်ဖြတ်ကာ ကွေ့ကောက်ယမ်းခါလျက် လမ်းဘေးအုတ်နံရံတစ်ခုဆီသို့ ဦးတည်သွားလေသည်။

အဖြစ်အပျက်က စက္ကန့်ပိုင်းအတွင်း မယုံနိုင်စရာကောင်းလောက်အောင် ဖြစ်ပျက်ခဲ့ပါသည်။

ကွဲကြေနေသော မှန်စများ၊ သွေးစများ၊ ဏီတို့ကို စိမ်းစိမ်းကြည့်နေသည်ဟု ထင်ရသော ပွင့်နေသည့် မျက်ဝန်းတစ်စုံ။

ဝိညာဉ်တစ်ခုသည် ရှင်သန်စဉ်က ဒေါသ၊ အာဃာတများ၊ တစ်ဖက်စွန်းရောက်မှုများ၊ ပူလောင်မှုများ၊ အေးချမ်းမှုများ၊ မျှော်လင့်ခြင်းများ၊ လိုအပ်ခြင်းများ အားလုံးအားလုံးကို ချန်ထားရစ်ခဲ့ကာ တိတ်ဆိတ်စွာပင် ဤကမ္ဘာမြေမှ ထွက်ခွာသွားရတော့သည်။

အမှန်တကယ်တော့... ဘာရောဂါမှ မရှိသည့် လူကောင်းတစ်ယောက်ရဲ့ ဘဝကို သေအောင်သတ်နိုင်သည်မှာ 'စိတ်' တစ်ခုသာ ဖြစ်ပါသည်။ လူတစ်ယောက် ဘဝကို လှပစွာ ရှင်သန်စေသလို အရုပ်ဆိုးစွာ သေဆုံးစေသည်မှာလည်း ထိုသူ ပိုင်စိုးသော 'စိတ်' တစ်ခုသာဖြစ်သည်။

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ညရိပ်ထဲက လရောင်ပြာ

www.burmeseclassic.com

www.burmeseclassic.com

မကြာသော ကာလတစ်ခုတွင် မိုဒယ်လ်လောကမှ မင်းမာန်ခဆိုသော အောင်မြင်ကျော်ကြားသည့် မိုဒယ်လ်တစ်ဦး ပျောက်ဆုံးသွားခဲ့လေသည်။

သူ့ ပရိသတ်တချို့က သူ ဘယ်ရောက်၍ ဘာတွေ လုပ်နေသည်၊ ဘာ့ကြောင့် မိုဒယ်လ်လောက ကို စွန့်ခွာသွားရသည်ဆိုတာကို မသိခဲ့သော်လည်း သူကတော့



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းသော တောင်ပေါ်မြို့ကလေး တစ်မြို့တွင် သူချစ်ရသော ချစ်သူနှင့်အတူ ဘဝကို ငြိမ်းချမ်းစွာ၊ ရိုးစင်းစွာ ဖြတ်သန်းရင်း အသစ်တစ်ဖန် ရှင်သန်နေခဲ့သည်။ သူ့ဘဝမှာ ဒီလောက် ငြိမ်းချမ်းအေးမြရသော အချိန်တွေကို မပိုင်ဆိုင်ခဲ့ရဖူးပါ။

ဂေါ်ဖီထုပ်များ၊ မုန်ညင်းများ၊ တခြား အသီးအနှံနှင့် မွှေးပျံ့သည့်ပန်းများကို စိုက်ပျိုးထားသော သူတို့ခြံထဲမှ မျှော်ကြည့်လျှင် တောင်ခိုးတွေ ဝေနေတာကိုလည်း တွေ့မြင်နိုင်သည်။ မြူနှင်းတွေ ဆိုင်းတာကိုလည်း မြင်နိုင်သည်။

နေရောင်ခြည်အောက်တွင် မြေကြီးကို တူးဆွစိုက်ပျိုးကြတိုင်း သူတို့လက်တွေ ကြမ်းရှလာတာကို သတိပြုမိကြသော်လည်း နှစ်ယောက်စလုံး ပျော်ရွှင်ခဲ့ကြသည်။

ညနေခင်းရောက်လျှင် တိတ်ဆိတ်အေးမြသည့် လမ်းသွယ်ကလေးတွေမှာ သူတို့ စကားတပြောပြောနှင့် လမ်းလျှောက်တတ်ကြမြဲ ဖြစ်သည်။

မြောက်လေပြန်သော ဆောင်းဦးပေါက် ညနေခင်းတစ်ခုတွင် သူတို့ အတူတကွ လမ်းလျှောက်လာခဲ့ကြစဉ် ကြော်ငြာဝေါလ်ရှိ အဟောင်းတစ်ခုက မြောက်လေ

www.burmeseclassic.com



နှင့်အတူ လွင့်လာခဲ့ပြီး သူ့ရဲ့ခြေရင်းမှာ ရပ်တန့်သွားခဲ့သည်။

သူ အမှတ်တမဲ့ ငုံ့ကြည့်မိသောအခါ ဝင့်ကြွားတောက်ပစွာ ပြုံးနေသော မိုဒယ်လ်မင်းမာန်ခကို တွေ့ရလေသည်။ နောက်ထပ် လေတစ်သုတ် တိုက်ခတ်စဉ် ကြော်ငြာဝေါလ်ရှိက ဆက်လက်လွင့်သွားခဲ့သည်။

သူ့ရဲ့ ဘေးမှာတစ်ချိန်လုံး အားပေး ဖေးမဖော်အဖြစ် ရှိနေခဲ့သော သူ့ရဲ့ နာကျင်မှုတွေ၊ သိမ်ငယ်မှုတွေကို ဖယ်ရှားနှစ်သိမ့်ပေးခဲ့သော သူ့ဇနီးက သူ့လက်ဖဝါးတွေကို ခပ်တင်းတင်း ဆုပ်ညှစ်အားပေးလိုက်ရင်း...

"လူတစ်ယောက်ဟာ ဘယ်နေရာ ဘယ်လောကမှာပဲ ဖြစ်ဖြစ် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အဓိပ္ပာယ်ရှိရှိ ရှင်သန်နေဖို့သာ အရေးကြီးတာပါ မင်းရယ်"

ဟု ခပ်တိုးတိုး ပြောခဲ့လေသည် သူက ဇနီးကို မြတ်နိုးစွာ ငုံ့ကြည့်မိရင်း...

'ကိုယ့်ကို ငြိမ်းချမ်းစေခဲ့တဲ့ ဇနီးကို ကျေးဇူးတင်ပါတယ်"

သူတို့နှစ်ဦး ငြိမ်းချမ်းစွာ ပြုံးမိခဲ့ကြပါသည်။ ဟောဒီ ကမ္ဘာလောကကြီးမှာ အချစ်ကြောင့် ပူလောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းမြေ့ရသူများရှိသလို အချစ်ကြောင့် ငြိမ်းချမ်းရသူများလည်း ရှိပါသည်။ ချစ်ခြင်းထဲမှ ချိုမြိန်ခြင်းတွေ ရရှိနိုင်သလို ခါးသီးမှုတွေလည်း ရရှိနိုင်သည်။ အချစ်ဆိုတာ သုံးတတ်သူများအတွက် 'ဆေး' ဖြစ်ပြီး မသုံးတတ်သူများအတွက် 'ဘေး' တစ်ခုလည်း ဖြစ်သည်။

ဒီကမ္ဘာပေါ်က သိမ်မွေ့ ငြိမ်းချမ်းစွာ ချစ်တတ်ကြသူတိုင်းအတွက် အရာရာဟာ ချိုမြိန်ခြင်း၊ လှပခြင်းများဖြင့် ပြီးပြည့်စုံနေရစမြဲ ဖြစ်သည်။ သူကတော့ သူ့ဘဝရဲ့ အစစ်အမှန်ကို ရရှိခဲ့ပြီ။ ဏီသည် သူ့ဘဝ ညရိပ်ထဲက လရောင်နှင့်တူသော မိန်းမတစ်ယောက် ဖြစ်ပါသည်။

ပုညခင်
၁၀-၄-၂၀၀၃



www.burmeseclassic.com

www.burmeseclassic.com

